# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသော ခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ် (ဓမ္မပဒ-၆၀)**


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ်(၀၈၉)


## မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်၍ ပြည်သူလူထု၏ ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

မြန်မာ့ရိုးရာအမွေအနှစ်ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ ကဏ္ဍ တိုးတက်မြင့်မားရေးအတွက် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက် ကျင်းပလျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို အစဉ်အလာကောင်းများနှင့်အညီ (၁၉) ကြိမ်မြောက် အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ဂုဏ်ပြုကြိုဆိုပါသည်။ ဤသို့သော ကောင်းမြတ်သည့် မင်္ဂလာအခါသမယတွင် တိုင်းရင်းဆေးသမားတော်ကြီးများ ကိုယ်စိတ်နှစ်ပါး ကြည်လင်ချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာအတွေးအခေါ်အယူအဆ၊ လူနေမှုစနစ်တို့နှင့် အပြန်အလှန်အကျိုးပြု ယှဉ်တွဲဖြစ်ပေါ်လာခဲ့သည့် မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်တစ်ရပ် ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ကျန်းမာကြံ့ခိုင်အောင် သမိုင်းအစဉ်အဆက် စောင့်ရှောက်မြှင့်တင်ပေးလာခဲ့သည့် အစွမ်းထက်မြက်သော ဆေးပညာတစ်ရပ်လည်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအပြည့်အဝစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အနောက်တိုင်းဆေးပညာရပ်များနှင့်အတူ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ် သော်လည်းကောင်း အစွန့်ရှည်

စာမျက်နှာ ၃ ကော်လံ ၁ ◆

## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း နှစ် ၃၀ ပြည့် နှစ်ပတ်လည်ဆွမ်းကျွေးအလှူနှင့် ဘာသာပေါင်းစုံ ဆုတောင်းပွဲ ကျင်းပ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ ထံမှ အနုမောဒနာတရားနာယူစဉ်။ သတင်းစဉ်

ရန်ကုန် ဒီဇင်ဘာ ၂၇

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း နှစ် ၃၀ ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးအလှူကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄ ရှိ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❋


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ခွဲခြားဆက်ဆံခြင်းကင်းသော လူမှုအဖွဲ့အစည်း

ခရစ်ယာန်ဓမ္မတေးများ ဟိုနား သည်နားမှာ ကြားရသည့် အချိန်အခါတွင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ထူးခြားချက်တစ်ခုကို သတိပြုမိပါသည်။ ယင်းမှာ လူအချင်းချင်း ခွဲခြားဆက်ဆံခြင်း နည်းပါးသည့် ဓလေ့ဖြစ်သည်ဟု ဆိုချင်သည်။ လူချင်းဆက်ဆံရေးတွင် အားနည်းချက်အဖြစ် စတတ်နောက်တတ်၊ ရံဖန်ရံခါ အစအနောက်လွန်တတ်သည့် သဘာဝရှိသော်လည်း မိန်းမယောက်ျား ဆက်ဆံမှု၊ လူမျိုးအသားအရောင် ခွဲခြားဆက်ဆံမှု၊ ကိုးကွယ်ယုံကြည်ရာ မတူသူတို့ကြား ဆက်ဆံမှုတို့မှာ မျှတစွာ ချစ်ကြည်စွာ ဆက်ဆံတတ်သည်ဟု ထင်သည်။

မြန်မာနိုင်ငံရှိ မြို့ကြီး၊ မြို့ငယ်၊ နယ်၊ ရပ်ကွက်၊ ရွာအတော်များများတွင် ယုံကြည်ကိုးကွယ်ရာ မတူညီသူတို့ အတူတွဲလျက် နေထိုင်နေကြတတ်သည်ကို သတိပြုမိပါသည်။ ထိုသို့သော သက်ဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအလိုက် စေတီပုထိုး ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဟိန္ဒူဘုရားကျောင်းများ၊ ဗလီများ၊ တရုတ်ဘုံကျောင်းများ အစရှိသည့် ယုံကြည်ကိုးကွယ်ရာ ဘာသာရေးနှင့် ဆိုင်သည့် အဆောက်အအုံများ အတူတွဲလျက်တည်ရှိခြင်းက သက်သေပြနေသည်ဟု မြင်ပါသည်။

ကျောင်းများ၊ ရပ်ကွက်များတွင်းတွင် ဆက်ဆံပေါင်းသင်း ဆော့ကစားကြသည့် ကလေးများအကြားတွင် အသားအရောင် မတူသောကြောင့်၊ အယူဝါဒဘာသာကွဲပြားမှုကြောင့် အခင်အမင် ပျက်သည်ဟူသည့် အဖြစ်အပျက်မျိုး မကြားဖူးအောင် နှစ်ရှည်ကြာနေခဲ့သည့် နိုင်ငံတော် ဖြစ်ပါသည်။ ထိုသို့သော ငယ်စဉ်ကလေးဘဝကတည်းက ခင်မင်ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံခဲ့ကြသည့် သူငယ်ချင်းများအကြားတွင် ခရစ္စမတ်အခါတွင် အတူလိုက်ပါ ပျော်ရွှင်နိုင်သလို သီတင်းကျွတ်ကထိန် အလှူပွဲလမ်းများတွင်လည်း လူမျိုးတိုင်းဘာသာတိုင်း လိုက်ပါပျော်ရွှင်ကြသည်တို့ကို သတိပြုမိပါသည်။ မတူညီသည့် ဓလေ့ထုံးတမ်းများအကြားတွင် မိမိနှင့်ကိုက်ညီသည့်အခါ လိုက်ပါပျော်ရွှင်၍ မိမိနှင့် မကိုက်ညီသည့်အခါ ဘာသာနေတတ်ကြသည့် အလေ့အထ ဖြစ်ပါသည်။

ကျောင်းများ၊ ရပ်ကွက်များတွင် အတူရှင်သန်ကြီးထွားလာကြသူများဖြစ်သည့်အတိုင်း အရွယ်ရောက်လာသည့်အခါတွင် မိမိ ပတ်ဝန်းကျင် လူမှုဆက်ဆံရေးနယ်ပယ်တွင် ကိုယ်ယုံကြည်ရာကို ယုံကြည်ခွင့်ရှိသလို မယုံကြည်ရာကို မယုံကြည်ခွင့်ရှိခဲ့ကြသည်။ သူတစ်ပါး၏ ယုံကြည်မှုကို ထိပါးစော်ကားခြင်းမရှိ။

လူမည်းများ မဝင်ရသည့်နေရာများ၊ လူမည်းများ မတက်ရသည့် တက္ကသိုလ်ကျောင်းများ၊ မဲပေးခွင့်မရှိသည့် အမျိုးသမီးများ၊ တက္ကသိုလ်ဝင်ခွင့်မရသည့် အမျိုးသမီးများ စသည်တို့မှာ အမေရိကန်နိုင်ငံလို၊ အင်္ဂလန်နိုင်ငံလို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အထူးအလေးထားသည်ဆိုသော နိုင်ငံကြီးများတွင်ပင်လျှင် မနေ့တစ်နေ့ကအထိ ရှိခဲ့သည် မဟုတ်ပါလား။ ဤသည်မျိုး မြန်မာနိုင်ငံတွင် မရှိ။

လူမည်းခေါင်းဆောင် မာတင်လူသာကင်း၏ ကမ္ဘာကျော်သွားခဲ့သည့် 'ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်၊ တစ်နေ့ကျရင် လူလူချင်း ကျွန်ပြုထားခြင်းခံရတဲ့ ကျွန်တွေဆိုသူများရဲ့သားသမီးတွေဟာ ကျွန်ပိုင်ရှင်တွေဆိုတဲ့ လူဖြူသားသမီးငယ်များနဲ့ ညီအစ်ကို ရင်းချာများလို စားပွဲဝိုင်းတစ်ခုတည်းမှာ ထိုင်ကြမယ်၊ တစ်နေ့ကျရင် တရားစီရင်ရေးနယ်ပယ်ထဲမှာ လွှမ်းမိုးနေတဲ့ ဖြူလို့မည်းလို့ဆိုတဲ့ အသားအရောင် ခွဲခြားမှုတွေ ပပျောက်သွားမယ်' ဆိုသော အဓိပ္ပာယ်များပါဝင်သည့် မိန့်ခွန်းစကားဟာ ၁၉၆၃ ခုနှစ်မှာ ပြောခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၆၃ ထိ လူဖြူ လူမည်း ခွဲခြားမှုက အဆိုပါ နိုင်ငံကြီးများတွင် အားကောင်းနေဆဲ။

လွတ်လပ်ရေးမရမီ ဗြိတိသျှကျွန်ပြုထားခြင်းခံရသော မြန်မာနိုင်ငံထဲမှာ မြန်မာလူမျိုးမဝင်ရသည့် နေရာများ၊ လူဖြူများသာဆိုသော ကလပ်များကို အမှတ်ရမိပါသည်။

မြန်မာတို့၏ လိင်ခွဲခြားမှုမရှိခြင်း၊ အသားအရောင်၊ လူမျိုး ဘာသာ ခွဲခြားဆက်ဆံမှု နည်းပါးခြင်းတို့ကို မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလက အမျိုးသမီးခေါင်းဆောင်များကို ကြည့်လျှင် သော်လည်းကောင်း၊ ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၊ အာဇာနည်ခေါင်းဆောင်များ၊ လွတ်လပ်ရေးခေတ်ဝန်ကြီးများ၊ တပ်မတော်ခေါင်းဆောင်များ စာရင်းတွင် မြင်ရသည့် ဘာသာခြား လူမျိုးမတူသူများကို ကြည့်လျှင်သော်လည်းကောင်း၊ မြန်မာ့စာပေနယ်က မြန်မာစာပေပြန့်ပွားရေး၊ မြန်မာ့သမိုင်းဆိုင်ရာကိစ္စများ၊ ရှေးဟောင်း မြန်မာကျောက်စာများကို ဖော်ထုတ်ရေးသားခဲ့သူများ စာရင်းကို ကြည့်လျှင်သော်လည်းကောင်း တွေ့ရပါမည်။

ယောက်ျား မိန်းမ၊ ဟိုလူမျိုး သည်လူမျိုး၊ အသားမည်းသည်၊ အသားဖြူသည်၊ အသားဝါသည်၊ ဟိုဘာသာ သည်ဘာသာ ဟူ၍ခွဲခြား ဆက်ဆံမှုမပြုဘဲ နိုင်ငံသားအချင်းချင်း ချစ်ကြည်ဆက်ဆံခြင်း ဓလေ့၊ နှစ်ပေါင်းများစွာ ရှိခဲ့ကြရခြင်းက မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ တစ်ခုဟုပင် မှတ်ယူမိပါ၏။ နိုင်ငံသားအချင်းချင်းကြား ချစ်ကြည်ရင်းနှီးစွာ မခွဲမခြားတန်းတူညီမျှ ဆက်ဆံကြရင်း ယင်းဂုဏ်ယူစရာ အစဉ်အလာဓလေ့ကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေသတည်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။






## ယာဉ်နှင့် လမ်းစည်းကမ်းပညာပေး

**သံတွဲ ဒီဇင်ဘာ ၂၇**

နှစ်သစ်ကူးပွဲတော်အချိန်၌ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ သံတွဲမြို့အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် မြို့မစခန်းမှူးတို့ ပူးပေါင်း ပါဝင်သောအဖွဲ့သည် ယနေ့နံနက်က သံတွဲမြို့အတွင်း မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ၊ ဒွါရာဝတီတံတားထိပ်၊ သံတွဲ-တောင်ကုတ်လမ်းဆိုင်ကယ်စီးသူများအား ဆိုင်ကယ်စီးဦးထုပ် စနစ်တကျဆောင်း၍ သွားလာစေရန်၊ မော်တော်ယာဉ်များအား လမ်းဆုံလမ်းခွတို့တွင် အရှိန်လျှော့မောင်းနှင်ရေး၊ အချက်ပြ မီးမှန်ကန်စေရေးနှင့် ယာဉ်ကြောလမ်းကြော မှန်ကန်စွာအသုံးပြုမောင်းနှင်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ပြန်/ဆက်)**

## ရခိုင်ပြည်နယ် မောင်တောမြို့တွင် ငှက်ဖျားတိုက်ဖျက်ရေး စီမံချက်လုပ်ငန်း သင်တန်းဖွင့်ပွဲ ကျင်းပ

**မောင်တော ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် ငှက်ဖျားတိုက်ဖျက်ရေးစီမံချက် သင်တန်းဖွင့်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက သင်တန်းတက်ရောက် လာသူများအနေဖြင့် သင်တန်းမှပို့ချသင်ကြားပေးလိုက်သော ပညာရပ်များ ကို မိမိတို့ကျေးရွာသို့ ပြန်ရောက်သောအခါတွင် ရွာသူရွာသားများအား သင်တန်းမှရရှိလာသော အသိပညာ၊ အတတ်ပညာများ၊ ဗဟုသုတများကို ပြန်လည်မျှဝေပေးစေ လိုကြောင်းမှာ ကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတကာအဖွဲ့အစည်းမှ မောင်တောမြို့နယ်တာဝန်ခံ ဦးရွှေသိန်းက သင်တန်းကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ မြို့နယ်စီမံချက် ညှိနှိုင်းရေးမှူး ဦးချစ်ကိုကိုနှင့် ဦးကုဋ္ဌေကျော်အောင်တို့က သင်ကြားပို့ချသွားမည်ဖြစ်ရာ မြို့နယ်အတွင်းရှိ ကျေးရွာများမှ စေတနာ့ဝန်ထမ်း ၂၀ တို့ကို ငါးရက်တာသင်ကြားပို့ချမည် ဖြစ်ပြီး သင်တန်းကို နိုင်ငံတကာ INGO အဖွဲ့အစည်း၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

## နောင်ချို - ရန်ကုန်တိုက်ရိုက် ခေတ်မီမှန်လုံယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**နောင်ချို ဒီဇင်ဘာ ၂၇**

နောင်ချိုမြို့ ဈေးရပ်ကွက် မန္တလေး-လားရှိုးကားလမ်း မြစိမ်းသာ ပန်းခြံအနီးတွင် နောင်ချို - ရန်ကုန် တိုက်ရိုက်ခရီးစဉ် ခေတ်မီ မှန်လုံယာဉ်လိုင်းသစ် စတင်ပြေးဆွဲလျက်ရှိပြီး နောင်ချိုမြို့မှ ညနေ ၅ နာရီခွဲတွင် ထွက်ခွာပြီး ရန်ကုန်မှ ည ၈ နာရီထွက်ခွာပြေးဆွဲသည်ဟု သိရသည်။

ဒေသခံပြည်သူတစ်ဦးက နောင်ချိုမြို့မှာ ယခု ရန်ကုန်-နောင်ချို၊ နောင်ချို-ရန်ကုန်ကို ခေတ်မီတိုက်ရိုက်မှန်လုံယာဉ်လိုင်းသစ်ပြေးဆွဲခြင်းအားဖြင့် နောင်ချိုမြို့နယ်မှ ရန်ကုန်သို့ ဘုရားဖူးသွားခြင်း၊ ရုံးကိစ္စဖြင့်သွားလာခြင်းတို့တွင် လွယ်ကူစွာ သွားလာနိုင်ကြောင်း ပြောဆိုခဲ့သည်။ ခရီးစဉ်နှုန်းထားမှာ ဒီဇင်ဘာလ ကုန်ထိလူတစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

# လောင်းရှည်မြို့တည် နှစ် ၁၀၀၀ ပြည့် မုခ်ဦးကျောက်စာတိုင်ဖွင့်

**ဆော ဒီဇင်ဘာ ၂၇**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ရှေးမြို့ဟောင်း လောင်းရှည်မြို့တည် နှစ် (၁၀၀၀) ပြည့် မုခ်ဦးကျောက်စာတိုင်ဖွင့်ပွဲကို ယမန်နေ့က လောင်းရှည်မြို့ဟောင်း စလင်းချောင်းကွင်းပြင်၌ ပြုလုပ်သည်။



ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးသယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နှစ် (၁၀၀၀) ပြည့် အထိမ်းအမှတ်ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် လောင်းရှည်ဒေသမှ ဥ(ပ်) ပူးချင်း တိုင်းရင်းသားများ၊ တောင်သားလူမျိုးများ၊ ယောဒေသလူငယ်မောင်မယ်များ၏ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နှစ် (၁၀၀၀) ပြည့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ တရားတော်နာကြားပွဲ၊ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲ၊ အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ သမိုင်းပြခန်း၊ ရိုးရာဓလေ့ ပြခန်းတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

◆ *ရှေ့ဖုံးမှ*

တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားစေရန် အလေးထား၍ အားပေးစောင့်ရှောက်နေပါသည်။ ထို့အပြင် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြှင့်တင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရာတွင် တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးကုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်အတွက် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။

တိုင်းရင်းဆေးတက္ကသိုလ်တွင် လက်ရှိသင်ကြားပေးလျက်ရှိသော သင်ရိုးညွှန်းတမ်း၊ သင်ကြားပုံသင်ကြားနည်းစနစ် ဆရာများ၏အရည်အချင်းနှင့် စွမ်းဆောင်ရည်များကို ပြန်လည်သုံးသပ်ဆန်းစစ်ပြီး တိုးတက်မြင့်မားလာအောင် ဆောင်ရွက်မှသာ ဤတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော တိုင်းရင်းဆေးပညာရှင်များ၏ အရည်အသွေးပိုမိုမြင့်မားလာမည်ဖြစ်ကာ တိုင်းရင်းဆေးလောကလည်း ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။

**❐ မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရာတွင် တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးကုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်အတွက် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်**

မြန်မာ့တိုင်းရင်းဆေးပညာတွင် တိုင်းရင်းဆေးဖြင့် ကုသစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါးများထုတ်လုပ်ရေးဟူ၍ အရေးကြီးသော ကဏ္ဍ(၂)ရပ် ပါဝင်လျက်ရှိပါသည်။ တိုင်းရင်းဆေးဖြင့် ကုသစောင့်ရှောက်ရေးကဏ္ဍတွင် တိုင်းရင်းဆေးပညာရှင်များ၊ အခြေခံအရင်းအမြစ် အဆင့်ဆင့်ဖွဲ့စည်းတည်ထောင်ခဲ့ရာမှ ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာ ဘွဲ့ရပညာရှင်အဆင့်သာမက မဟာဘွဲ့ရပညာရှင်များပါ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ပြီဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးကဏ္ဍတွင်လည်း ရှေးယခင်က မိသားစုရိုးရာ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခဲ့ရာမှ ယခုအခါ ISO/GMP လက်မှတ်ရ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအဆင့်သို့ တိုးတက်ကူးပြောင်းတက်လှမ်းနိုင်ရန် ကြိုးပမ်းနေမှုများအတွက် နှစ်ထောင်းအားရကျေနပ်မိပါသည်။ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများ၏ အကြံဉာဏ်ကိုရယူပြီး တိုင်းရင်းဆေးလောကကြီး ပိုမိုတိုးတက်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လည်း မျှော်လင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြည်သူလူထုအား တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာစောင့်ရှောက်နိုင်ရေးကို ရည်မှန်းချက်ထားရှိ၍ တွေ့ဆုံကြသည့် ဤညီလာခံကြီးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ နိုင်ငံတစ်နံတစ်လျားမှ တိုင်းရင်းဆေးပညာရှင်များ စုပေါင်းညီညာချစ်ခင်ရင်းနှီးစွာဖြင့် တိုင်ပင်ဆွေးနွေးနှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်၍ ပြည်သူလူထု၏ ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

❋ *ရှေ့ဖုံးမှ*

နှစ်ပတ်လည်ဆွမ်းကျွေးအလှူတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ အမှူးပြုသော သံဃာတော် ၁၆ ပါးတို့အား ပင့်ဖိတ်ကာ ဆွမ်းနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူကာ ရေစက်သွန်းလောင်း အမျှပေးဝေသည်။

မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံမှ ဘာသာရေး ခေါင်းဆောင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာအလိုက် အောက်မေ့ဖွယ်ရာ ဆုတောင်းမေတ္တာများ ပို့သကြသည်။

ဘာသာပေါင်းစုံ ဆုတောင်းခြင်း အခမ်းအနားတွင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာနှင့် ဗဟာအီဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များက မေတ္တာစကားပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာပို့သခြင်းများကို ပြုလုပ်ခဲ့ကြသည်။ **သတင်းစဉ်**



မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာပေါင်းစုံ ဆုတောင်းခြင်းအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက ဆုတောင်းမေတ္တာ ပို့သစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိခင်ကြီး ဒေါ်ခင်ကြည်အတွက် ဘာသာပေါင်းစုံ ဆုတောင်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

**လယ်မြေကိုအခြားနည်းအသုံးပြုခြင်းကို ခွင့်ပြုသည့်လုပ်ငန်း ဆောင်ရွက်သည့်ကိစ္စအတွက် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအထောက်အကူဖြစ်စေသော အခြေခံအဆောက်အအုံများ တိုးပွားလာစေရေးနှင့် နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံရေးတို့အတွက် လယ်ယာမြေများ မလျော့ပါးရေးဟူသော အချက်နှစ်ချက်တို့ ညီညွတ်မျှတစေရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ယမန်နေ့ နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။** (အောက်ပုံ)



အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

**အပြီးအပြတ်ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေအငြင်းပွားမှုအပေါ် တာဝန်ယူဖြေရှင်းပေးလျက်ရှိသည့် ခရိုင်၊ မြို့နယ်၊ ရပ်-ကျေးအဆင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့်လည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာသတ်မှတ်ရက်အတွင်း အပြီးအပြတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ သက်ဆိုင်သူများအနေဖြင့် စိုက်ရေးပျိုးရေးလုပ်ငန်းများကို အချိန်မီ ဆက်လက်လုပ်ကိုင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

ယခုအခါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၈) နှင့်အညီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို နိုင်ငံသားများအတွက် ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်နိုင်ရေးကို ဌာနအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နည်းတူ ယခင်ခွင့်ပြုပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို လယ်မြေအဖြစ် သတ်မှတ်ပေးရန် တင်ပြလာခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ အတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စရပ်များ၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တင်ပြလာသည့် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန်ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်ထောက်ခံတင်ပြပေးပို့လာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲ ၁၁၀ တွဲနှင့် ယခင် ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လယ်ယာမြေဥပဒေပုဒ်မ ၃၄ နှင့် လယ်ယာမြေနည်းဥပဒေ ၃၅၊ ၃၆ တို့အရ လျှောက်ထားလာသည့် အမှုတွဲ နှစ်တွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်**

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက နစ်နာကြေး၊ လျော်ကြေးပေးချေရန်နှင့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြသည်။

လယ်ယာမြေကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားကြခြင်းကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်းမရှိစေရန် ဥပဒေ၏ အာဏာသက်ရောက်မှုရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး ခွင့်ပြုချက်မရှိဘဲ အခြားနည်းကျူးလွန်အသုံးပြုနေမှုများကို ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၄/၂၀၁၈) ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၇

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၄/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)



ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုလိုငွေလျှော့ချရေး၊ နိုင်ငံခြားငွေစီးထွက်မှု လျှော့ချနိုင်ရေးတို့အတွက် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီသည် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုများကို သက်ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံ၏ ယာဉ်ကြောစနစ်နှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို ပြည်ပမှ တင်သွင်းခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်အတွက် Model Year သတ်မှတ်ချက်အား ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း။

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုအပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်း အပိုင်းတို့ကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်လိုင်စင်ကန့်သတ်ထားမှုအား ဖြေလျှော့ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး Yangon Vehicles Quota Certificate (YVQC) ကျင့်သုံးဆောင်ရွက်နိုင်ရေး စီမံချက်အား ဘက်စုံဆန်းစစ် လေ့လာသုံးသပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအပေါ် အခြေခံ၍ ကုန်သွယ်ရေးမူဝါဒ၊ ငွေကြေးမူဝါဒများနှင့်အညီ မော်တော်ယာဉ်တင်သွင်းခြင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာကော်မတီဝင်များက ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြလာသည့် စီမံချက်နှင့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ တင်ပြချက်များကို ဆွေးနွေးအကြံပြုကြသည်။**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့ စနစ်သစ်စံနှုန်းများဖြင့် ဆက်လက်တင်ပို့ခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး၊ ရေထွက်ကုန်ပစ္စည်းများအား ဆော်ဒီအာရေဗျနိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်သည် ငါးလုပ်ငန်းဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ပြည်ပတင်ပို့သည့် အအေးခန်းစက်ရုံ လုပ်ငန်းရှင်များမှ တာဝန်ရှိသူများနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံသို့ ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ သွားရောက်၍ ရေထွက်ပစ္စည်းကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် Saudi Food and Drug Authority - SFDA မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအား သွားရောက်တွေ့ဆုံသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရီယာဒ် (Riyadh) မြို့ရှိ SFDA မှ Vice President, Dr. Sami Al-Saqr နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆော်ဒီအာရေဗျနိုင်ငံ၏ စံသတ်မှတ်ချက်စနစ်သစ်အရ မြန်မာနိုင်ငံသို့ လိုအပ်သည့် မေးခွန်းလွှာများပေးပို့ခဲ့ပြီး မြန်မာနိုင်ငံမှ ဖြေကြားချက်များကိုလည်း လက်ခံရရှိပြီးဖြစ်သည့်အတွက် ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ခွင့်ပြုမည့် အအေးခန်းစက်ရုံ၊ ကုမ္ပဏီမှတ်ပုံတင်စာရင်းများကို SFDA သို့ ဆက်လက်ပေးပို့နိုင်ရေး၊ SFDA မှ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံ၊ ကုမ္ပဏီများနှင့် မွေးမြူရေးကန်များသို့ ကွင်းဆင်းကြည့်ရှုနိုင်ရေး၊ SFDA ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများမှ ရေထွက်ကုန်ပစ္စည်းများကို ဆော်ဒီ အာရေဗျနိုင်ငံသို့ တင်သွင်းခွင့်ပြုနိုင်ရေးတို့ကို အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ဂျက်ဒါ (Jeddah) မြို့သို့ရောက်ရှိပြီး မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများအား တင်သွင်း၍ အအေးခန်းများတွင် ထားသိုဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ကြပြီး လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံ၍ လိုအပ်သည်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**"လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် စကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏"**

*[ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက် ]*

# မန္တလေးတက္ကသိုလ် သမိုင်းဌာန ဒေါက်တာသန်းထွန်း အထိမ်းအမှတ် သမိုင်းဌာနပြတိုက်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတက္ကသိုလ် သမိုင်းဌာန ဒေါက်တာသန်းထွန်းအထိမ်းအမှတ် သမိုင်းဌာနပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် သမိုင်းဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာ့သမိုင်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က မန္တလေးတက္ကသိုလ် သမိုင်းဌာန ပြတိုက်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ်သမိုင်းပြတိုက်သည် မြန်မာနိုင်ငံတွင်ရှိသည့် တက္ကသိုလ်များတွင် ပထမဆုံးဖွင့်လှစ်သော ပညာရေးအထောက်အကူပြု ပြတိုက်ဖြစ်ပါကြောင်း၊ ယခင်က ရှေးဟောင်းမြန်မာစာပေရေးရာဌာနသို့ ငှားရမ်းခဲ့သော ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်ပါကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုထားသည့် ပစ္စည်းအရေအတွက် စုစုပေါင်း ၃၃၀ ရှိပြီး ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအတွက် သင်ကြား သင်ယူခြင်း၊ လေ့လာခြင်းနှင့် သုတေသနပြုလုပ်ခြင်းများကို များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာသန်းထွန်းသည် မြန်မာနိုင်ငံ၏ သမိုင်းပညာရှင်များတွင် ယုံကြည်လေးစားတန်ဖိုးထားရသော သမိုင်းပညာရှင် ဆရာကြီးတစ်ဦးဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆရာကြီး ဒေါက်တာသန်းထွန်းအထိမ်းအမှတ် သမိုင်းဌာနပြတိုက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြသူများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ပြတိုက်ဖွင့်လှစ်ခြင်းဖြင့် မိမိတို့ ဘိုးဘေးခေတ်ကထွန်းကားခဲ့သော သမိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်း ရှေးဟောင်းအမွေအနှစ်များကို လူငယ်လူရွယ်များတွေ့မြင်ပြီး မြတ်နိုးတန်ဖိုးထားလာကြမည်ဟု ယုံကြည်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့သမိုင်းဘာသာရပ်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အားပေးပါကြောင်း၊ မြန်မာ့သမိုင်းအပြင် အိမ်နီးချင်းနိုင်ငံများ၏ သမိုင်းကိုပါ လေ့လာသုတေသနပြုလုပ်ပြီး ခေတ်အဆက်ဆက် မိမိနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး စသည့် အားနည်းချက် အားသာချက်များကို ရှာဖွေဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိ လူမှုရေးသိပ္ပံဘာသာရပ်ဖြစ်သော သမိုင်းဘာသာရပ်သည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော ဘာသာရပ်တစ်ခု ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် သမိုင်းဘာသာရပ်အပေါ် ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားမှု၊ သင်ကြား သင်ယူမှု ပိုမိုအားကောင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရပါကြောင်း၊ သမိုင်းပညာရှင်များအနေဖြင့် ယခုကဲ့သို့ သမိုင်းဘာသာရပ်ဆိုင်ရာ ပြပွဲများ၊ စာတမ်းဖတ်ပွဲများပြုလုပ်၍ ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားမှုကို အားပေးမြှင့်တင်ပေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာ့သမိုင်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှက ပြတိုက်ဖွင့်လှစ်တည်ထောင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတက္ကသိုလ် သမိုင်းဌာနပါမောက္ခဌာနမှူး ဒေါက်တာရီရီဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြပြီး ဒေါက်တာသန်းထွန်းအထိမ်းအမှတ် သမိုင်းဌာနပြတိုက်အတွင်း ပြသထားသည့် ရှေးဟောင်းသမိုင်းပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ် စာကြည့်တိုက်က ကြီးမှူးကျင်းပသော မန္တလေးတက္ကသိုလ်ရာပြည့်အကြို မန္တလေးတက္ကသိုလ်၏ ခေတ်အဆက်ဆက် သမိုင်းပုံရိပ်များ ပထမအကြိမ် ဓာတ်ပုံပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ ပြပွဲအတွင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ငူမြို့နယ် ကံရိုးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၇**

တောင်ငူမြို့နယ် ကံရိုးကျေးရွာ ရွာလယ်ဘုရားဓမ္မာရုံ၌ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ တောင်ငူမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းသီဟဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင် ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် တက်ရောက်လာကြသူများက ကျေးရွာအတွင်း စက်ရုံအလုပ်ရုံများမှ ထွက်ရှိသည့် အသံ၊ အနံ့၊ အမှုန်အမွှားများ ကျရောက်မှုမှ ဘေးအန္တရာယ်မရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျေးရွာသန့်ရှင်းရေးအတွက် စွန့်ပစ်အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်နေမှုကို တားဆီးဆောင်ရွက်ပေးစေလိုကြောင်း တင်ပြဆွေးနွေးရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးမည့်အခြေအနေများကို ပြန်လည်ဖြေကြားခဲ့သည်။

**သူရ(တောင်ငူ)**

## မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းမှ ဘက်စုံသုံးခန်းမ၊ လမ်း၊ ရေကန်၊ မူကြိုကျောင်းနှင့် ကျေးရွာစာကြည့်တိုက်ဖွင့်

**ကလော ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ပုန်းအင်းကျေးရွာ SMU ခန်းမ၌ မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းနှင့် ကျေးရွာလူထုတို့ ပူးပေါင်းဆောင်ရွက်သည့် ရွာအဝင်ဆိုင်းဘုတ်၊ ဘက်စုံသုံးခန်းမ၊ လမ်း၊ ရေကန်၊ ကလေးထိန်း မူကြိုကျောင်းနှင့် ကျေးရွာသစ် ရွှေဗဟိုစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်၊ ကလောမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပုန်းအင်းကျေးရွာ SMU ကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ၊ တောင်ကြီးမြို့နယ် SMU ကျေးရွာများမှ ကော်မတီဝင်များက ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက အမှာစကားပြောကြားပြီး ပုန်းအင်းကျေးရွာ ဘက်စုံသုံးခန်းမ၊ လမ်းနှင့် ရေကန်မြေနေရာ လှူဒါန်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးရွာ SMU ဥက္ကဋ္ဌ ဦးကြယ်နီက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **မောင်ကျော်ကြီး**



# လွတ်လပ်ရေးကို အစဉ်ကာကွယ်စောင့်ရှောက်ကြရမည်မှာ အားလုံး၏တာဝန်သာ

ဒေါက်တာ မြတ်မိုး

“နိုင်ငံတော်”ဟု ဖွင့်ဆိုသတ်မှတ်ရာတွင် လွတ်လပ်သော ဧရိယာနယ်နိမိတ်တစ်ခုအတွင်း မှီတင်းနေထိုင်သော လူဦးရေ ပမာဏနှင့် နိုင်ငံသားများ၊ လွတ်လပ်သော ပိုင်နက်နယ်မြေ ဧရိယာ သတ်မှတ်ချက်၊ ပြည်သူလူထုလိုလားသော အစိုးရ တစ်ရပ်နှင့် လွတ်လပ်စွာဆောင်ရွက်ခွင့်ရသော အချုပ်အခြာ အာဏာတို့ဖြင့် တည်ထောင်ဖွဲ့စည်းထားသည့် နိုင်ငံရေးအရ စုဖွဲ့ထားသည့် အစုအဖွဲ့တစ်ခုဟု ဆိုနိုင်ပါသည်။ နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာကို ပိုင်စိုးမှုသည်ကား လွတ်လပ်မှု ဟူသည့် အဓိပ္ပာယ်တွင် အသက်တမျှပင် အရေးကြီးလှပါသည်။ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာသည် အပြန်အလှန် အမှီသဟဲပြုနေကာ လွတ်လပ်မှုမရှိဘဲနှင့်လည်း အချုပ်အခြာ အာဏာတည်မြဲအောင် ဆောင်ရွက်၍ မရပါ။

### ယနေ့ လူငယ်မျိုးဆက်များ မမေ့လျော့ဖို့လို

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှသာ အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်လွတ်လပ်ရပ်တည် နိုင်ခဲ့သော အမိမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေး သက်တမ်းကား ယခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ တွင် (၇၁) နှစ်တိုင်သို့ ရောက်ရှိခဲ့ပါပြီ။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြင့် ရခိုင်နှင့် တနင်္သာရီဒေသများကို အင်္ဂလိပ်လက်သို့ ပေးအပ်လိုက်ရသည့် အချုပ်အခြာပိုင်နက် ကျိုးပေါက်မှုမှ စတင်ရေတွက်လျှင် နှစ်ပေါင်း ၁၂၄ နှစ်မျှ၊ ၁၈၅၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်၊ ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲများဖြင့် ရတနာပုံ ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်သည် အင်္ဂလိပ်စစ်တပ်များ၏ တိုက်ခိုက် ဖမ်းဆီးမှုခံရပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည့် ကာလနှင့်ဆိုလျှင် ၆၃ နှစ်မျှ၊ အင်္ဂလိပ်အင်ပါယာ လက်အောက်နေခဲ့ကြရသည်ကို ယနေ့လူငယ်မျိုးဆက်များ သိရှိမမေ့လျော့ဖို့ လိုအပ်ပါသည်။

သမိုင်းအစဉ်အလာကြီးမားပြီး အချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ် ထည်ဝါစွာ ရပ်တည်ခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည် ရပ်တည်နိုင်ရေးအတွက် မြန်မာတိုင်းရင်းသားပြည်သူ အပေါင်းတို့သည် စည်းလုံးခြင်းအင်အားဖြင့် နယ်ချဲ့ဆန့်ကျင် ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကို အသက် ပေါင်းများစွာ စတေးပြီးမှ ဆင်နွှဲရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အကယ်၍သာ အမိမြန်မာနိုင်ငံကြီး နယ်ချဲ့လက်အောက်မှ ပြန်လည် မလွတ်မြောက်နိုင်ခဲ့လျှင် ယခုအချိန် ကမ္ဘာ့မြေပုံ တွင် မြန်မာဆိုသည့် နယ်နိမိတ်ကို ယနေ့ခေတ်လူငယ်များ ရှာဖွေတွေ့ရှိနိုင်မည် မထင်ပါ။ ထို့အတူ လွတ်လပ်ရေးမဆုံး ရှုံးခဲ့လျှင်ရောဆိုသည့်အသိ၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံ သည် ကမ္ဘာ့အလယ်တွင် အလွန်ခေတ်မီဖွံ့ဖြိုးတိုးတက်နေ သော နိုင်ငံတစ်နိုင်ငံအဖြစ် လက်ရှိအခြေအနေထက် ထည်ထည်ဝါဝါ ရပ်တည်နေသည်ကို တွေ့မြင်နိုင်ကြမည် ထင်ပါသည်။ ယခုတော့ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက် ရေးအတွက် အားသွန်ကြိုးပမ်းနေပြီလည်း ဖြစ်ပါသည်။ ယနေ့ နိုင်ငံတော်သည် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်း သာယာဝပြောရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသော အချိန်၊ ပြည်ထောင်စုမပြိုကွဲရေးကို စောင့်ထိန်းနေရသော ကာလဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းစေရန် မမိုတ်မသုန်ခံယူမှုများဖြင့် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ရမည့် အခြေအနေလည်း ဖြစ်ပါ သည်။

### တစ်မျိုးသားလုံး သွေးစည်းကာ လူမျိုးမတိမ်ကောစေရန် အာရုံစိုက်ရမည်

တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်း ဟူသော လောကပါလတရားများ တိုင်းရင်းသားပြည်သူများ အတွင်း ထွန်းကားစေခြင်းမှသာ မတူကွဲပြားသောလူမျိုးများ၊ လူမျိုးစုများအတွင်း လူမျိုးရေး တန်းတူညီမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပေါ်လာပြီး နိုင်ငံ့လွတ်လပ်ရေးကို အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်လည်း ဖြစ်ပါ သည်။

မိမိတို့နိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာ ပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် (၃) ရပ်ကို တတ်နိုင်သမျှပိုင်းခြား၍ အပြန်အလှန်ထိန်းညှိခွင့် ရရှိနေ သည့် ထွန်းသစ်စဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံ တစ်နိုင်ငံက အင်အားပြ၍ လွှမ်းမိုးစွက်ဖက်အနိုင်ကျင့် ထိန်းချုပ်ခွင့်ရရှိနေလျှင်ဖြစ်စေ၊ မဏ္ဍိုင်တစ်ခုခုက များစွာ လွှမ်းမိုးမှုရှိပြီး မဏ္ဍိုင်များအကြား အပြန်အလှန်ထိန်းညှိမှု ပျက်ယွင်း၍ ဒီမိုကရေစီစံနှုန်းများ လျော့ပါးအားနည်းသွား လျှင်ဖြစ်စေ လွတ်လပ်မှုဟူသည် အနည်းအများ ထိခိုက်သွားစေ မည်သာဖြစ်ပါသည်။ အချုပ်အခြာအာဏာကို ထိန်းသိမ်း စောင့်ရှောက်ကာကွယ်ရန်မှာ တိုင်းရင်းသားအားလုံးနှင့် ပြည်သူတစ်ရပ်လုံး၏ အရေးကြီးတာဝန်တစ်ရပ် ဖြစ်လာသလို အမိပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲမသွားစေရန်၊ အစဉ်တည်တံ့ခိုင်မြဲစေရန်၊ တစ်မျိုးသားလုံးသွေးစည်း ညီညွတ်ပြီး လူမျိုးမတိမ်ကောစေရန် များစွာအာရုံစိုက်ရမည့်

> **“လွတ်လပ်ရေးရရှိပြီးကတည်းက မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုထားပြီး နိုင်ငံတကာအသင်းအဖွဲ့များတွင်လည်း အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိသော တာဝန်သိ နိုင်ငံတစ်နိုင်ငံအပေါ် အခြားမည်သည့်နိုင်ငံကမျှ ဝင်ရောက်သြဇာလွှမ်းမိုး အုပ်ချုပ် ဖိအားပေးခွင့် မရှိပါ”**

ကာလတစ်ရပ်လည်း ဖြစ်နေသည်ကို အထူးဂရုပြုရမည် ဖြစ်ပါသည်။ ဤနေရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံ အချင်းချင်း မိတ်ဖက်မပျက် ပေါင်းသင်းဆက်ဆံ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို အစဉ်စောင့်ထိန်းလိုက်နာခြင်း သည်လည်း နိုင်ငံ့လွတ်လပ်ရေးအား ကာကွယ်စောင့်ရှောက်ရာ ရောက်သည်ကို အလေးအနက်ထားရမည် ဖြစ်ပါသည်။

### အချင်းချင်း စည်းလုံးမှုမရှိပါက အချုပ်အခြာအာဏာ တည်တံ့ရေးထိခိုက်နိုင်

လွတ်လပ်ရေးရရှိပြီးကတည်းက မြန်မာနိုင်ငံကို ကမ္ဘာ့ နိုင်ငံအားလုံးက အသိအမှတ်ပြုထားပြီး နိုင်ငံတကာအသင်း အဖွဲ့များတွင်လည်း အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိသော တာဝန်သိ နိုင်ငံတစ်နိုင်ငံအပေါ် အခြားမည်သည့်နိုင်ငံကမျှ ဝင်ရောက်သြဇာလွှမ်းမိုး အုပ်ချုပ် ဖိအားပေးခွင့် မရှိပါ။ သို့သော် “ကိုယ့်ကိုယ်ကိုယ်ဖျက် ကိုယ်လျှင် ပျက်၊ သံကိုသံဖျက် သံချေးတက်” ဆိုသလို မိမိတိုင်းရင်းသားအချင်းချင်း စည်းစည်းလုံးလုံးမရှိ၊ ညီညွတ် မှုကင်းမဲ့ပြီး ညှိနှိုင်းပေါင်းစပ်မှု အားနည်းကြပါက အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးကို များစွာထိခိုက်နိုင်သည်ကို ယနေ့ ကမ္ဘာ့နိုင်ငံ အချို့၏ အရေးပြဿနာများက မီးမောင်း ထိုးပြနေသည်ကို အလေးဂရုပြုရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ပြည်သူများသည် လွတ်လပ်သည့် ဂုဏ်ပုဒ် နှင့်အတူ ကိုယ်ပိုင်ဖွဲ့စည်းတည်ဆောက်ထားသော စီးပွားရေး အဆောက်အအုံ၊ ကိုယ်ပိုင်ပညာရေးနှင့် ကျန်းမာရေးစနစ်၊ ပြည်သူလူထုအတွက် တရားဥပဒေစိုးမိုးမှုနှင့် ဝန်ဆောင်မှု တို့အတွက် စီမံခန့်ခွဲပေးမည့် စနစ်တကျ ရွေးချယ်တင်မြှောက် ထားသော အစိုးရတစ်ရပ်တို့လည်း ရရှိထားပြီး ဖြစ်ပါသည်။ ယင်းအချက်များသည် နိုင်ငံတော်တစ်ခုအတွက် ပြည့်စုံနေ သည့် အချက်များပင် ဖြစ်ပါသည်။ ပြည့်ဝသော အချုပ်အခြာ ပိုင်စိုးမှု၊ ဂုဏ်အင်များနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မှီတင်းနေထိုင်သူ တိုင်းရင်းသားပြည်သူအားလုံးတွင် တာဝန် ရှိသည်ဟု ခံယူပါသည်။ နိုင်ငံ့လူဦးရေအရေအတွက် ပမာဏ ထက် အရည်အသွေးပြည့်ဝသော၊ စည်းကမ်းရှိသော၊ နိုင်ငံသား ပီသသော၊ မျိုးချစ်စိတ်ထက်သန်သော နိုင်ငံသားကောင်းများ ကသာ နိုင်ငံတိုးတက်မှုမြင့်မားအောင် ဆောင်ကြဉ်းနိုင်မည် ဖြစ်သလို လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်လိမ့်မည် ဖြစ်ပါသည်။

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ပေါများကြွယ်ဝ သော သဘာဝသယံဇာတများကိုလည်း သားစဉ်မြေးဆက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ပြည်တွင်းပဋိပက္ခများနှင့် ပြည့်နှက်နေသည့် ပြည်တွင်းစစ်များ ကြုံတွေ့နေရသည့် ယနေ့ကမ္ဘာ့နိုင်ငံအချို့တွင် တန်ဖိုးရှိ သယံဇာတများစွာ ဆုံးရှုံးနေရပြီး ဆင်းရဲမွဲတေမှုများနှင့် ကြုံတွေ့နေရသည်ကို ဖတ်ရှု သိရှိကြားသိပြီးလည်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိနိုင်ငံတွင်လည်း ပြည်သူပိုင် သယံဇာတများ မဆုံးရှုံးရေးအတွက် နည်းပညာပံ့ပိုးမှု၊ တရားဥပဒေစိုးမိုးမှု နှင့်အတူ ပြည်တွင်းရေးတည်ငြိမ်ပြီး ငြိမ်းချမ်းမှုအားကောင်း အောင် ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်လှပါသည်။

အကြောင်းမှာ ကမ္ဘာ့အရေးကို လေ့လာသော် စစ်ပွဲအများစု၏ တရားခံသည် စွမ်းအင်နှင့် သယံဇာတများကြောင့် ဖြစ်သည် ကိုလည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေးအရင်းခံနှင့် လူဝင် မှုပြဿနာအရပ်ရပ်သည် ပဋိပက္ခကြီးများအသွင်သို့ နှီးဆော် ရာ ဖြစ်နေသည်ကို လည်းကောင်း၊ ယနေ့ မျိုးဆက်သစ်လူငယ် များ ပထဝီနိုင်ငံရေးအသိဖြင့် ယှဉ်တွဲ၍ သဘောပေါက် နားလည်နိုင်ကြပါလျှင် လူမျိုးပျောက် နိုင်ငံပျောက်ပြီး လွတ်လပ်ရေးဆုံးရှုံးမည့်အရေးမှ ထိန်းသိမ်းကာကွယ်စောင့် ရှောက်နိုင်လိမ့်မည် ဖြစ်ပါသည်။

### အတွေ့အကြုံများကို အခြေခံကာ သင်ခန်းစာယူရမည်ဖြစ်

နှစ်တစ်နှစ်၏ နှစ်ဦး နေ့ထူးနေ့မြတ်တစ်ခုဖြစ်သည့် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိတို့ကိုယ်တိုင်ပင် အားသာ ချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နိုင်ငံအရေး မျှော်လင့်ချက်များကို ဆက်လက်ဖြည့်ဆည်းပေးရန် ကြိုးပမ်းကြရမည်လည်း ဖြစ်ပါသည်။ ကုန်လွန်ခဲ့သည့် ကာလ အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် သက်ရောက်ခဲ့မှု များကို သုံးသပ်၍ သင်ခန်းစာယူရန်များလည်း များစွာရှိမည် ထင်ပါသည်။ အတွေ့အကြုံကို အခြေခံ၍ အောင်မြင်မှု အတွက် အခွင့်အရေးများစွာ ဆုပ်ကိုင်နိုင်ရန်သာ လိုအပ်ပါ သည်။ ပြည်သူအားလုံးအတွက် အလိုအပ်ဆုံးအရာများဖြစ် သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် ရေးသည် လွတ်လပ်ရေးကို စောင့်ရှောက်ထိန်းသိမ်းရာတွင် လည်း အခရာကျသော အကြောင်းတရားများဖြစ်သည့် အားလျော်စွာ နိုင်ငံ၏ စုပေါင်းအင်အားသည် အလွန်အဓိကကျ လှပါသည်။ စုပေါင်းအင်အားသည် အရေးကြီးသည် မှန်သော် လည်း ယင်းစုပေါင်းအားကို ဆုတ်ယုတ်စေသော အချက် များကိုလည်း သတိထားရှောင်ရှားကြရန် လိုအပ်ပါသည်။ ဂိုဏ်းဂဏခွဲ အုပ်စုကွဲများမရှိရန် လိုအပ်ပါသည်။ တစ်ဦး အပေါ်တစ်ဦး လက်ညှိုးထိုး အပြစ်တင်နေမည့်အစား မေတ္တာ စေတနာသစ္စာထား၍ အပြန်အလှန် နားလည်တန်ဖိုးထားကာ ယုံကြည်မှုအပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြမည်ဆိုလျှင် မည်ကဲ့သို့ပင် အခက်အခဲ အဟန့်အတားများ ကြုံတွေ့ရစေကာမူ စုပေါင်းအားအမှန်၏ ရလဒ်ကို တစ်နိုင်ငံလုံး ခံစားရလိမ့်မည် ဖြစ်ပါသည်။

လွတ်လပ်ရေးဆုံးရှုံးဖူးသူတိုင်း လွတ်လပ်ရေး၏ အရသာ ကို သိရှိကြပါသည်။ ကမ္ဘာအနှံ့ စစ်ပွဲနွံအတွင်း သက်ဆင်း ကျရောက်နေကြရသည့် ဒုက္ခသည်ပြည်သူများသည် ပြည်တွင်းမညီညွတ်မှုနှင့် ပဋိပက္ခများကြောင့်လည်းကောင်း၊ ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့်လည်း ကောင်း အချုပ်အခြာအာဏာထိပါးခံရ၍ လွတ်လပ်ရေး ဆုံးရှုံးနေရသူများဖြစ်ကာ လွတ်လပ်မှု၏ တန်ဖိုးကို အထူး မျှော်လင့်နေကြမည်ဆိုသည်မှာ ယုံမှားသံသယရှိစရာ မလိုပါ။ ယင်းကို သင်ခန်းစာ ယူတတ်ကြရန်သာ လိုအပ်ပါသည်။ သခင် အဆင့်မှ ကျွန်ဖြစ်ခဲ့ကြရသည်ကို မီခဲ့သော ရေးလူကြီးသူမများ၊ ခေါင်းဆောင်များက လွတ်လပ်ရေးသည် အသက်တမျှ အရေးကြီးကြောင်း ခံစားနားလည်နိုင်ကြသကဲ့သို့ ယနေ့ခေတ် လူငယ်များသည်လည်း ဇာတိပုည ဂုဏ်မာနအပြည့်ဖြင့် တိုင်းရင်းသားပြည်သူအားလုံးကို ကိုယ်စားပြုသည့် မျိုးချစ် စိတ်ဓာတ်များဖြင့် အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေရန် ခိုင်မာသောစိတ်ဓာတ်များကို မွေးမြူရမည်ဖြစ်ပါသည်။ “လွတ်လပ်သည်” ဟူသည့် အမှတ်လက္ခဏာဖြင့် နိုင်ငံအနှံ့ အပြား ပျော်ပွဲရွှင်ပွဲပြိုင်ပွဲများ ပျော်ရွှင်ဝမ်းသာစွာ ကျင်းပကြ သည့်နည်းတူ “ငါတို့၏လွတ်လပ်ရေး” ကမ္ဘာတည်သရွေ့ တည်တံ့နေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြမည် ဆိုသည့် မြင့်မြတ်သည့်စိတ်ထား ထားတတ်ကြရန်လည်း လိုအပ်ပါသည်။

### အားသာချက်များစွာနှင့် စိန်ခေါ်မှုများရှိနေဆဲ

အချုပ်အားဖြင့် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး အားလုံး၏တန်ဖိုးထားရာ နှလုံးသည်းပွတ်နယ်မြေတစ်ခု ဖြစ်ပါသည်။ အဖိုးအနဂ္ဃထိုက်တန်သည့် ဤနိုင်ငံတွင် အားသာချက်များစွာရှိသလို စိန်ခေါ်မှုများစွာလည်း ရှိနေပါ သည်။ ပြည်တွင်းစည်းလုံးညီညွတ်မှု မရှိပါက ကျရောက် နိုင်မည့် အန္တရာယ်လည်း အလွန်ကြီးမားလှပါသည်။ လွတ်လပ်ရေးကို အရယူပေးခဲ့သော ခေါင်းဆောင်များ၊ အသက်သွေးချွေး စတေးခဲ့ကြသော အာဇာနည်များ၊ အချုပ် အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသူ များက ပေးအပ်ခဲ့သော အားသာချက်များကို အခြေခံ၍ ရရှိပြီး သော လွတ်လပ်ရေးကို မဆုံးရှုံးစေရန် မျိုးဆက်သစ်များ အပါအဝင် အားလုံးတွင် တာဝန်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ လွတ်လပ်ရေးအောင်ပွဲနေ့ ဦးတည်ချက်များကို မမိုတ်မသုန် ခံယူဆောက်တည်ကာ စည်းကမ်းပြည့်ဝစိတ်ဓာတ်မြင့်မား သော နိုင်ငံသားကောင်းများဖြင့်သာ လွတ်လပ်ရေးခေါင်းဆောင် ကြီးများ ချမှတ်ခဲ့သည့် တရားမျှတလွတ်လပ်သော နိုင်ငံ၊ အများလူ ခပ်သိမ်းငြိမ်းချမ်းစေပြီး ခွင့်တူညီမျှ အာမခံချက်ရှိ သည့် ဖြူစင်သည့် ဝါဒကျင့်သုံးသော နိုင်ငံအဖြစ်သို့ အမှန်တကယ် ရောက်ရှိမည်ဖြစ်ပါကြောင်း လွတ်လပ်ရေး နေ့အတွေးအား ရေးသားတင်ပြလိုက်ရပါသည်။ ။

## မင်းဘူးမြို့ပေါ်ရှိ ရေပေးဝေရေးလုပ်ငန်းများ စနစ်တကျ ဖြန့်ဝေပေးနိုင်ရေး ကွင်းဆင်း

မင်းဘူး ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ပေါ်ရှိ ဒေသခံပြည်သူများ နေ့စဉ်သောက်သုံးရေ ဖူလုံစွာ သုံးစွဲခွင့်ရရှိရေးအတွက် ဖြန့်ဝေပေးနေသည့် ရေပေးဝေရေးလုပ်ငန်းများကို ယမန်နေ့က မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများအဖွဲ့က ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူများ သောက်သုံးရေ အခက်အခဲ မရှိအောင် စနစ်တကျဖြန့်ဝေပေးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ သောက်သုံးရေကန်များ သန့်ရှင်းသပ်ရပ်စွာ စီမံဆောင်ရွက်ထားမှု ရှိ မရှိ၊ ရေပြတ်လပ်မှု မဖြစ်စေရေး၊ ရေလှောင်ကန်များတွင် ရေများ ဖြည့်တင်းထားမှု ရှိ မရှိနှင့် ရေပေးရေးလုပ်ငန်းသုံးပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ နေ့စဉ်သောက်သုံးရေ ဖြန့်ဝေပေးမှုလုပ်ငန်းအနေဖြင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိပြီး အိမ်ခြေ ၄၇၂၅ အိမ် ၊ လူဦးရေ ၂၄၇၅၄ ဦးရှိပြီး ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိရေးအတွက် အိမ်သွယ် ရေမီတာပေါင်း ၃၂၃၄ တိုင် ၊ အိမ်သွယ်ရေတိုင်ပေါင်း ၂၆၂ တိုင်၊ ဌာနဆိုင်ရုံးများအတွက် ရေတိုင်ပေါင်း ၁၀၁ တိုင် သွယ်တန်း၍ တစ်ရက်လျှင် ရေဂါလန် ၆ ဒသမ ၈ သိန်းခန့် နေ့စဉ် ဖြန့်ဝေပေးနေရကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ကမ္ဘာ့အကြီးဆုံးစည်တော်ကြီးထားရှိမည့်နေရာနှင့်ပတ်သက်၍ သီတဂူဆရာတော်ကြီး၏ ဩဝါဒခံယူမည်

အင်းတော် ဒီဇင်ဘာ ၂၇

**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာ၌ ထုလုပ်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးထားရှိမည့် နေရာဒေသနှင့်ပတ်သက်၍ သီတဂူဆရာတော်ကြီး၏ ဩဝါဒခံယူသွားမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။**

**လေ့လာကြည့်ရှုခဲ့**

အဆိုပါ မြန်မာ့အကြီးဆုံးစည်တော်ကြီးကို အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာရှိ "ဆရာပွဲ" မြန်မာတူရိယာ အမျိုးမျိုးလုပ်ငန်းတွင် ထွင်းထုပြုလုပ်ခဲ့ပြီး ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ တာဝန်ရှိသူများ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

"သီတဂူ ဆရာတော်ကြီးနဲ့ တိုင်ပင်ပြီး ဩဝါဒခံယူနေပါတယ်။ ဒီစည်တော်ကြီးက ကမ္ဘာမှာလည်း အကြီးဆုံးစည်တော်ကြီးဆိုတော့ သူ့ကို ထိုက်တန်သလို ကောင်းကောင်းမွန်မွန် ထားဖို့ လုပ်တဲ့သူတွေကတော့ ကျွန်တော်တို့ကို လှူဒါန်းပေးပြီး ကြိုက်သလို လုပ်ပါလို့ ပြောတယ်။ ဒါပေမယ့် ဒါက သာသနာနဲ့ဆိုင်တဲ့ စည်တော်ကြီးမို့ သီတဂူဆရာတော်ကြီးနဲ့ တိုင်ပင်ပြီး ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာကို ဩဝါဒခံယူမယ်။ အမှားမခံနိုင်ဘူး" ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

အဆိုပါမြန်မာ့အကြီးဆုံး စည်တော်ကြီးကို ထွင်းထုခဲ့သည့်အသားမှာ ကုက္ကိုသားဖြစ်ပြီး အင်းတော်မြို့ သုသာန်ရှင်းလင်းရာမှ ရရှိခြင်းဖြစ်ကြောင်းနှင့် စည်တော်ကြီး ထွင်းထုပြုလုပ်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က စတင်ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်က ပြီးစီးခဲ့ကြောင်း စည်တော်ကြီး ထွင်းထုခဲ့သည့် "ဆရာပွဲ" မြန်မာတူရိယာ အမျိုးမျိုးလုပ်ငန်းမှ ဦးကျော်ညွန့်က ပြောသည်။

**အသုံးပြုထား**

ကုက္ကိုသားဖြင့် ပြုလုပ်ခဲ့သည့် စည်တော်ကြီးမှာ အလျား ၁၂၈ လက်မ၊ အမြင့် ၆၄ လက်မ၊ စည်တော်မျက်နှာဝ အကျယ် ၅၄ လက်မရှိပြီး စည်တော်မျက်နှာပြင်အတွက် ကျွဲသားရေ နှစ်ချပ်နှင့် စည်တော် စည်ကျစ်ကြိုးအတွက် နွားသားရေ ၁၈ ချပ်ကို အသုံးပြုထားကြောင်း "ဆရာပွဲ" မြန်မာတူရိယာ အမျိုးမျိုးလုပ်ငန်းမှ သိရသည်။

ထို့အပြင် စည်တော်အတွင်းပိုင်းကို ဘုရားဟော တရားဒေသနာတော်နှင့် ဂါထာတော်များ၊ ဗားမဲ့ ဆရာတော်၏ ဂါထာတော်နှင့် လောကီအစီအမံများ၊ စည်တော်အပြင်တွင် ဗုဒ္ဓဘုရားရှင်၏ ၁၀၈ ကွက်သော ဗုဒ္ဓခြေတော်ရာစက်လက္ခဏာကို နတ်သားများ ပူဇော်နေသည့်ပုံကို ထည့်သွင်း၍ ကြည်ညိုဖွယ်ရာဖြစ်အောင် ပြုလုပ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**



# မြန်မာနိုင်ငံတွင် ရမ်ဆာဒေသအဖြစ် သတ်မှတ်ကာကွယ်နိုင်သည့် ကုန်းတွင်းသဘာဝ ရေဝပ်ဒေသ ၅၆ ခု၊ ကမ်းရိုးတန်းနှင့် ပင်လယ်အဏ္ဏဝါဒေသများတွင်ရှိသည့် သဘာဝရေဝပ်ဒေသ ၃၃ ခုနှင့် လူတို့ဖန်တီးထားသည့် ရေဝပ်ဒေသ ၁၁ ခု ရှာဖွေထား

နေပြည်တော် ဒီဇင်ဘာ ၂၇

**မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများတွင် နိုင်ငံတကာအဆင့်အရေးပါပြီး ရမ်ဆာဒေသအဖြစ် သတ်မှတ်ကာကွယ်နိုင်သည့် ရေဝပ်ဒေသများ များစွာရှိပါကြောင်း၊ ရမ်ဆာရေဝပ်ဒေသ ကျွမ်းကျင်ပညာရှင်များ၏ ဖော်ထုတ်ချက်အရ ကုန်းတွင်းသဘာဝရေဝပ်ဒေသ ၅၆ ခု၊ ကမ်းရိုးတန်းနှင့် ပင်လယ်အဏ္ဏဝါဒေသများတွင်ရှိသည့် သဘာဝရေဝပ်ဒေသ ၃၃ ခုနှင့် လူတို့ဖန်တီးထားသည့် ရေဝပ်ဒေသ ၁၁ ခု စုစုပေါင်း ရေဝပ်ဒေသ ၁၀၀ ကို ၂၀၁၈ ခုနှစ် မတ်လတွင် ကနဦးမူကြမ်းအဖြစ် ရှာဖွေထားရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ယနေ့ပြောကြားသည်။**



ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၁၈) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သို့သော် ရမ်ဆာစံသတ်မှတ်ချက်ကိုးခုအနက် အနည်းဆုံးတစ်ခုနှင့် ကိုက်ညီနိုင်သည့်အတွက် ရမ်ဆာရေဝပ်ဒေသ ကျွမ်းကျင်ပညာရှင်များက ဖော်ထုတ်ထားခြင်းဖြစ်သော်လည်း ရမ်ဆာဒေသအဖြစ် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်မည်ဆိုပါက အချက်အလက်များ ထပ်မံစုဆောင်းခြင်း၊ ဒေသခံများ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း အစရှိသည့် လုပ်ငန်းများစွာကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

ရေဝပ်ဒေသများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရေး၊ အကျိုးရှိရှိအသုံးချရေး၊ အဆင့်အတန်းပြန်လည်မြှင့်တင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်နေပြီး ယင်းလုပ်ငန်းများအား ဆက်စပ်ဌာန အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံး ပါဝင်မှုနှင့် ဆောင်ရွက်ရမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်နိုင်မည့် မူဝါဒတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အမျိုးသားရေဝပ်ဒေသဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများကိုလည်း အတည်ပြုထုတ်ပြန်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက တင်ပြထားပြီးဖြစ်ကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

ရေဝပ်ဒေသများအား အကျိုးရှိရှိ အသုံးချနိုင်ရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် သစ်တောဦးစီးဌာနသည် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဖြစ်သည့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ(NEA)၊ International Union for Conservation of Nature (IUCN)၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပဉ္စမအကြိမ် ကျင်းပသည့် ကော်မတီအစည်းအဝေး ဖြစ်သည်။

**သတင်းစဉ်**

# စက်မှုကဏ္ဍတိုးတက်လာမှုနှင့်အတူ လျှပ်စစ်ကျွမ်းကျင်သင်တန်းသားတို့ကို မွေးထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်မှ စက်မှုနိုင်ငံတော်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိရာ လူငယ်များ ခေတ်နှင့်အညီ အတတ်ပညာ ဗဟုသုတရရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်မှု မွမ်းမံပညာရပ်တို့ကို ဒီဇင်ဘာ ၂၄ ရက်က ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စက်မှုကဏ္ဍတိုးတက်လာမှုနှင့်အတူ လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အညီ လျှပ်စစ်ဓာတ်အားအသုံးပြုမှု ပိုမိုများပြားလာလျက်ရှိရာ မိမိတတ်ကျွမ်းရာ လျှပ်စစ်ပညာရပ်များဖြင့် စေတနာထား၍ လုပ်ဆောင်ရန်လိုအပ်ပြီး ကျေးလက်ဒေသတို့တွင်လည်း ကျေးလက်မီးလင်းရေးကို ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ပိုင်းဆိုင်ရာကျွမ်းကျင်သော လုပ်သားနှင့် လျှပ်စစ်အင်ဂျင်နီယာများ ပို၍ လိုအပ်လာလျက်ရှိကြောင်း၊ သင်တန်းကိုတက်ရောက်ပြီးသူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဖြင့် နိုင်ငံတော်၏ရည်မှန်းချက်တွင် ပါဝင်သည့် အလယ်အလတ်အဆင့် ဝင်ငွေရရှိသောနိုင်ငံဖြစ်အောင် ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သော အဆိုပါသင်တန်းတွင် စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်ဆိုင်ရာဝန်ထမ်း ၁၂ ဦး၊ ဝန်ကြီးဌာနများမှ လျှပ်စစ်ဆိုင်ရာဝန်ထမ်း ခြောက်ဦးနှင့် ပြင်ပသင်တန်းသား ၆၇ ဦးတို့ဖြင့် သင်တန်းသား ၈၅ ဦးကို အိမ်တွင်းသုံးလျှပ်စစ်ကိရိယာ ဘာသာရပ်၊ လျှပ်စစ်တိုင်းတာရေး ကိရိယာများ၊ စက်ရုံ၊ အလုပ်ရုံတို့တွင် လျှပ်စစ်တပ်ဆင်ခြင်း၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲ၊ အန္တရာယ်ရှိသောနေရာတွင် လျှပ်စစ်တပ်ဆင်ခြင်း၊ အေစီ၊ ဒီစီ မော်တာများ၊ မော်တာနှိုးခလုတ်နှင့် Basic PlC၊ အေစီ၊ ဒီစီ လျှပ်စစ်ထုတ်စက်၊ လျှပ်တာပြောင်း၊ ပတ်လမ်းဖြတ်ခလုတ်များ၊ ရှေ့ပြေးထိန်းချုပ်ကိရိယာများ၊ ဓာတ်လှေကားအခြေခံသဘောတရား၊ ကောင်းကင်ဓာတ်အားလိုင်း၊ အီလက်ထရွန်နစ် အခြေခံပတ်လမ်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဘာသာရပ်တို့ကို အင်ဂျင်နီယာများနှင့် ပညာရှင်အင်ဂျင်နီယာကြီးများက စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

"B.E နဲ့ ကျောင်းပြီးပေမယ့် လုပ်ငန်းအတွေ့အကြုံ သိပ်မရှိဘူး။ ဒီမှာ စာတွေ့လက်တွေ့ဆိုတော့ ဌာနအတွင်း အထောက်အပံ့အများကြီးရရှိမှာပါ။ ဌာနမှာ ထရန်စဖော်မာနဲ့ ကောင်းကင်ဓာတ်အားလိုင်းဆွဲတဲ့အခါမှာ အခုပညာရပ်တွေက လက်တွေ့လုပ်ဆောင်လို့ရပါပြီ"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ မသန္တာထွန်းက ပြောသည်။

B.E,B.Tech,G.T.I, ဘွဲ့ရ၊ ဘွဲ့ကြိုနှင့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ၈၅ ဦးကို လျှပ်စစ်ကျွမ်းကျင်မွမ်းမံပညာရပ်တို့ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



# ပြည်ပမှ ရုပ်ရှင်နှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရိုက်ကူးနိုင်ရေးအတွက် ရိုက်ကွင်းကြေးနှင့် ဝန်ဆောင်ခများဖြေလျှော့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ပမှ ရုပ်ရှင်နှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရိုက်ကူးနိုင်ရေးအတွက် ရိုက်ကွင်းကြေးနှင့် ဝန်ဆောင်ခများ ဖြေလျှော့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်ဆွေးနွေး**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြည်ပမှ ရုပ်ရှင်နှင့်မှတ်တမ်းရုပ်ရှင် (Documentary) ရိုက်ကူးရေးအဖွဲ့များ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝရှုခင်းနှင့် ဓလေ့ထုံးစံများကို ပိုမိုလာရောက်ရိုက်ကူးနိုင်ရေး၊ နိုင်ငံတကာမှ အဆိုပါရုပ်ရှင်နှင့် မှတ်တမ်းရုပ်ရှင်များကို ကြည့်ရှုပြီး မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းကို ပိုမိုသိရှိလာနိုင်မည့်အခြေအနေ၊ နိုင်ငံ၏ ယဉ်ကျေးမှု၊ ရေမြေသဘာဝ၊ အလေ့အထများနှင့် ရင်းနှီးလာခြင်းဖြင့် ခရီးသွားလုပ်ငန်းအတွက်လည်း ပိုမိုအကျိုးဖြစ်ထွန်းနိုင်မှု၊ အိမ်နီးချင်းနိုင်ငံတချို့တွင် ရိုက်ကူးကြေးများနှင့် လုပ်ငန်းစဉ်များ ဖြေလျှော့ပေးမှုကြောင့် ရိုက်ကူးရေးအဖွဲ့များ ပိုမိုဝင်ရောက်မှုရှိသည့် အခြေအနေ၊ ငွေကြေးကောက်ခံမှုနှင့် ခွင့်ပြုချက်လုပ်ငန်းစဉ်များ လျှော့ချနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်က နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ ရုပ်ရှင်၊ ဗီဒီယို၊ မှတ်တမ်းတင်ရုပ်မြင်သံကြားလာရောက်ရိုက်ကူးခြင်း အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရုပ်ရှင်ရိုက်ကွင်းကြေး၊ ဝန်ဆောင်ခများ ဖြေလျှော့ပေးနိုင်မှုနှင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြည်ပမှ ရုပ်ရှင်နှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရိုက်ကူးနိုင်ရေးအတွက် ရိုက်ကွင်းကြေးနှင့် ဝန်ဆောင်ခများ ဖြေလျှော့နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ သတင်းစဉ်

# ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အကြိုလေ့ကျင့်မှုများပြုလုပ်

**မူဆယ် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့၌ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အကြိုလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မင်္ဂလာမူဆယ် (မြို့သစ်စီမံကိန်းအိမ်ရာ)၌ ကျင်းပသည်။

**အစမ်းလေ့ကျင့်**

အဆိုပါ အကြိုလေ့ကျင့်မှုတွင် မူဆယ်မြို့နယ်အတွင်းရှိ အ.ထ.က(၁)၊ အ.ထ.က (၂)၊ အ.ထ.က (၃)၊ ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အေရိုးဗစ်၊ ပန်းဖွား စသည့် အကများနှင့် ကလေးစာပေပွဲတော်(Theme Song) သီချင်းကို အစမ်းလေ့ကျင့်ခဲ့ကြသည်။ **(ယာပုံ)**



ကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြိုင်ပွဲ၊ ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ ဂိမ်းကစားခြင်း၊ စာပေဆွေးနွေးပွဲနှင့် တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုပြခန်းများ၊ စာအုပ်စာစောင်အရောင်းဆိုင်များ၊ ဌာနဆိုင်ရာ ပြခန်းများ၊ အခြေခံပညာဦးစီးဌာန ပြခန်းများ၊ ကိုယ်ပိုင်ကျောင်းပြခန်းများ ပါဝင်မည်ဖြစ်သည်။

**စည်ကားစွာကျင်းပသွားမည်**

ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော် ကျင်းပမည့် မင်္ဂလာမူဆယ်(စီးပွားရေးစီမံကိန်းဇုန်)သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်သည် မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိပြီး ကလေးစာပေပွဲတော် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် အစီအစဉ်၊ အခမ်းအနား ဒုတိယပိုင်း ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်း၊ စာပေဆွေးနွေးပွဲနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ စာအုပ်စာစောင်အရောင်းဆိုင်များ၊ ဌာနဆိုင်ရာ ပြခန်းများ၊ အခြေခံပညာဦးစီးဌာန ပြခန်းများ၊ ကိုယ်ပိုင်ကျောင်းပြခန်းများ ခင်းကျင်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေရှိ ဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**မြန်အောင် ဒီဇင်ဘာ ၂၇**

လူမှုဖူလုံရေးအဖွဲ့(Mobile Medical Unit) မော်တော်ယာဉ်ဖြင့် မြန်အောင်ရေနံမြေတွင် ယနေ့ နံနက်ပိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေရှိ လူမှုဖူလုံရေးအသင်းဝင် ဝန်ထမ်းများအား အခမဲ့ဆေးကုသမှု လာရောက်ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့ (Mobile Medical Unit) အဖွဲ့ကို ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်လွင်လွင်မြင့် ဦးဆောင်၍ ဒေါက်တာလှိုင်းယုဝါ၊ ဒေါက်တာမေဇင်နွယ်တို့က ဆေးကုသပေးလျက်ရှိရာ မြန်အောင်ရေနံမြေ အထွေထွေမန်နေဂျာ ဦးလှမျိုးထွန်းနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲတာဝန်ခံ ဒေါ်ခင်မြတ်ကြူတို့က ဝန်ထမ်းများ ဆေးကုသမှု အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင် အင်းစိန်(ဗဟို)အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်သည် ရုံးအဖွဲ့မှူး ဒေါ်နွဲ့နွဲ့ဦး၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်၊ အင်းစိန်မြို့နယ် တရားသူကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် အင်းစိန်(ဗဟို) အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ထို့နောက် တရားသူကြီး ဒေါ်စိုးစိုးအောင်သည် အင်းစိန်(ဗဟို) အကျဉ်းထောင်ရှိ အကျဉ်းသား၊ အချုပ်သားများနှင့်တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာသင်ကြားပေးမှု၊ အသက်မွေးမှု၊ အတတ်ပညာ သင်ကြားပေးမှုများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ(စတုတ္ထအကြိမ်) ချောင်းဆုံမြို့နယ်၌ ကျင်းပ

**ချောင်းဆုံ ဒီဇင်ဘာ ၂၇**

ချောင်းဆုံမြို့နယ် ဒေသနေပြည်သူများ၏ ပြည်သူ့စကားသံများကို သိရှိနိုင်ရန်အတွက် တိုးချဲ့ရုပ်ကွက် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်တို့ ပူးပေါင်းကာ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြက အမှာစကားပြောကြားရာ တိုးချဲ့ရပ်ကွက်သည် မြို့နယ်ရပ်ကွက်ဖြစ်သည့်အတွက် မြို့အင်္ဂါရပ်နှင့်ကိုက်ညီအောင် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့် မိမိရပ်ကွက်သန့်ရှင်းသာယာရေးကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အမှိုက်များကို စည်းကမ်းတကျ စွန့်ပစ်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ် လ.ဝ.က ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်စည်/ပင်အမှုဆောင်အရာရှိ ဦးအုန်းသန့်နှင့် မြို့နယ်စည်/ပင် အင်ဂျင်နီယာ ဦးဝင်းကိုဦးတို့က မိမိတို့၏ ဌာနလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသည် ချောင်းဆုံမြို့နယ်အတွင်း စတုတ္ထအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကေအေ(ချောင်းဆုံ)**

# ထိန်းသိမ်းစို့မသေ့ လွတ်လပ်ရေးအမွေ

**အောင်မြင့်စိုး (ရေစကြို)**

မြန်မာနိုင်ငံသည် အာရှတိုက်တောင်ဘက်ခြမ်း၊ အရှေ့တောင်အာရှ ကျွန်းဆွယ် နိုင်ငံများတွင် အပါအဝင်ဖြစ်ပြီး အနောက်ဘက်တွင် အိန္ဒိယတိုက်ငယ်၊ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်ပြည်တို့နှင့် အရှေ့တောင်ဘက်တွင် အင်ဒိုချိုင်းနား ကျွန်းဆွယ် နိုင်ငံများအကြား ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိသည်။ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးတို့နှင့် အတူတကွ မှီတင်းနေထိုင်ကြပြီး တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်စဉ်တစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခန့်ညားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။

(၁၉)ရာစုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ခဲ့သည်။ မြန်မာ့ပိုင်နက် ရှင်မဖြူကျွန်း အရေးကိစ္စအပေါ် အကြောင်းပြု၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားခဲ့ရသည်။ မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံတော်၏ အချုပ်အခြာကို ထိခိုက်လာမည်ဆိုပါက စုပေါင်းတွန်းလှန် ကာကွယ်တိုက်ခိုက်ခဲ့သော အစဉ်အလာကောင်းတစ်ရပ် ထိုစဉ်ကတည်းက တည်ရှိခဲ့ပေသည်။ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံကို အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းဟက်(စ်)က စစ်ကြေညာခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ် (ခရစ်သက္ကရာဇ်- ၁၈၂၄ ခုနှစ်) ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ရန်ကုန်မြစ်အတွင်းသို့ အင်္ဂလိပ်သင်္ဘောတပ် ရုတ်တရက်ဝင်လာကာ ရန်ကုန်မြို့ကိုသိမ်းပြီး ရွှေတိဂုံကုန်းတော်ကို အခိုင်အမာတပ်စွဲ၍ ခံတပ်အဖြစ် အသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ညီအစ်ကိုတိုင်းရင်းသားအားလုံးတို့သည် အသက်ကိုပဓာနမထားဘဲ စည်းလုံးညီညွတ်စွာဖြင့် ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်အတူ ဇာတိသွေးဇာတိမာန်ထက်သန်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်ခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ဝက်ထီးကန်၊ ပန်းဝါတိုက်ပွဲများမှာ ထင်ရှားခဲ့သည်။

**စတင်တိုက်ခိုက်**

၁၈၂၄ ခုနှစ် မတ်လ ၅ ရက်မှစတင်၍ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားပြီးနောက် နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၅ ခုနှစ် မတ်လ ၇ ရက်နေ့မှသာ ဓနုဖြူခံတပ်ကို စတင်တိုက်ခိုက်နိုင်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် လက်နက်အင်အားများစွာသာလွန်သော်လည်း မြန်မာတိုင်းရင်းသားတို့ သွေးစည်းညီညွတ်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသဖြင့် နယ်ချဲ့အင်္ဂလိပ်တို့သည် ဓနုဖြူခံတပ်ကို ၂၆ ရက်တိုင်တိုင် တိုက်ခိုက်ယူခဲ့ရသည်။ ဓနုဖြူစစ်ပွဲ၌ မဟာဗန္ဓုလကျဆုံးခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာ နှစ်နှစ်နီးပါးကြာခဲ့သည်။ ၁၈၅၂ ခုနှစ် ဧပြီလတွင် ဗြိတိသျှတို့က မြန်မာနယ်မြေပိုင်နက်များကို ထပ်မံထိပါးတိုက်ခိုက်ကြပြန်သဖြင့် မြန်မာနှင့် ဗြိတိသျှတို့ ဒုတိယအကြိမ် စစ်ဖြစ်ရပြန်သည်။ စစ်မှာ ရှစ်လခန့်ကြာသည်။ အင်္ဂလိပ်-မြန်မာစစ်ပြီးနောက် အောက်မြန်မာနိုင်ငံကို ရရှိသွားခဲ့သော ဗြိတိသျှတို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ရန် ကြံစည်လာကြသည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီကိစ္စကို အကြောင်းပြု၍ တတိယစစ်ပွဲကို စတင်ဖန်တီးလေတော့သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂျင်နရယ်ပရင်ဒါဂတ် ဦးဆောင်သော အင်္ဂလိပ်တပ်များ မန္တလေးနေပြည်တော်သို့ စစ်အခမ်းအနားဖြင့် ချီတက်ကာ သီပေါမင်းနှင့် စုဖုရားလတ်တို့အား ဖမ်းဆီးခေါ်ဆောင်သွားချိန်မှစ၍ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်တို့ လက်အောက် ကျရောက်ခဲ့ရသည်။ ထို့နောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းကျွန်ပြုလိုက်ကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က ဗြိတိသျှဘုရင်မ ဝိတိုရိယ၏ ကိုယ်စား ကြေညာခဲ့သည်။

မိမိနိုင်ငံသိမ်းပိုက်ခံရပြီဟု သိလျှင်သိချင်း ဦးဆုံးသိသော မြန်မာ့တပ်မတော်နှင့် အခြားသော လက်နက်ကိုင်အင်အားစုများဖြစ်သည့် ရှမ်း၊ ကယား၊ ကချင်၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ချင်း စသော တိုင်းရင်းသားမှန်သမျှတို့သည် ဗြိတိသျှတို့အား လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ကြတော့သည်။ လက်နက်ကိုင်တော်လှန်ရေး ကြာလာသည်နှင့်အမျှ လက်နက်အင်အားချင်းမယှဉ်သာသဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများသည် တောတောင်ထူထပ်ရာသို့ တဖြည်းဖြည်းဆုတ်ခွာ၍ ခုခံကြသည်။ ထို့ကြောင့် လက်နက်ကိုင်တော်လှန်ရေးမှာ တောတောင်ထူထပ်ရာ



ဒေသများသို့တိုင် ပျံ့နှံ့သွားခဲ့သည်။ ကယားတောင်တန်းကြီးများပေါ်တွင် ကယားနှင့် ရှမ်းတိုင်းရင်းသားများသည်လည်းကောင်း၊ ချင်းတောင်တန်းကြီးများတွင် ချင်းနှင့် ဗမာတိုင်းရင်းသားများသည် လည်းကောင်း၊ ရှမ်းတောင်တန်းကြီးများတွင် ရှမ်းနှင့် ဗမာတိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်စည်းလုံးစွာဖြင့် အသက်ပေး၍ ဗြိတိသျှနယ်ချဲ့တို့ကို သဲသဲမဲမဲ တုံ့ပြန် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်ရေးစိတ်ဓာတ်၊ သူ့ကျွန်မခံလိုသောစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်များသည် လွန်စွာပြင်းပြထက်သန်ခဲ့ပေသည်။

နိုင်ငံရေးနိုးကြားမှုနှင့်အတူ ၁၉၀၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ကို ဖွဲ့စည်းသည်။ ၁၉၁၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA) ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ YMBA၏ အဋ္ဌမကြိမ်မြောက် ပြည်မြို့ကွန်ဖရင့်တွင် (YMBA) ဟူသော အမည်အစား (GCBA) မြန်မာအသင်းချုပ်ကြီးဟူ၍ အမည်ပြောင်းလိုက်ပြီး ဥက္ကဋ္ဌအဖြစ် ဦးချစ်လှိုင်ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ (GCBA) ၏ လှုံ့ဆော်မှုကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဆရာစံ ဦးဆောင်သော သာယာဝတီနယ်မှ တောင်သူလယ်သမားများ၏ လက်နက်ကိုင်တော်လှန်ရေးကြီးမှာ ထင်ရှားလှသည်။

**တညီတညွတ်တည်းဆုံးဖြတ်**

မြန်မာ့လွတ်လပ်ရေးကို နိုင်ငံရေးနည်းဖြင့် တောင်းဆိုနေရုံမျှနှင့် မရနိုင်။ လက်နက်ကိုင်တော်လှန်မှုသာ လွတ်လပ်ရေးရရှိနိုင်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ အင်္ဂလိပ်တို့ကို လက်နက်ဖြင့်တော်လှန်ရေးတွင် နိုင်ငံခြားအကူအညီ ရှာခဲ့သည်။ ဂျပန်၏ အကူအညီရရှိခဲ့သဖြင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်

**ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းကိုသာ ရှေးရှုလုပ်ကိုင်ရန်ဆုံးဖြတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်၍ နိုင်ငံရေးအရ ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး(ဖတပလ)အဖွဲ့ကို ဖွဲ့ခြင်းနှင့် စစ်ရေးအရ မြန်မာတစ်နိုင်ငံလုံးကို စစ်တိုင်းကြီး ရှစ်တိုင်း ခွဲခြားခြင်း စသည့် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ပြီးနောက် ၁၉၄၅ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အထက်ဗမာပြည် တိုင်းတာဝန်ခံ ဗိုလ်မှူးဗထူးက ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်တိုက်ခိုက်ခဲ့သည်**

နေ့တွင် ဗမာ့တပ်မတော် (BIA) ကို ဖွဲ့စည်းခဲ့သည်။ BIA ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA) နှင့် ဂျပန်တပ်များပူးပေါင်း၍ စစ်ကြောင်းကြီး လေးကြောင်းခွဲကာ မြန်မာပြည်သို့ ဝင်ရောက်ခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးတိုက်ပွဲများကို ပြင်းထန်စွာဆင်နွှဲခဲ့သည်။ အပြင်းထန်ဆုံးတိုက်ပွဲမှာ ရွှေတောင်မြို့တိုက်ပွဲဖြစ်သည်။ ရွှေတောင်တိုက်ပွဲသည် ၁၉၄၂ ခုနှစ် မတ်လ ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်သာ တိုက်ခိုက်ရသော်လည်း တိုက်ပွဲပြင်းထန်သဖြင့် အင်္ဂလိပ်တပ်ဘက်မှ လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့နှင့် အမှတ်(၃၃) ဂျပန်တပ်မဆာတိုတပ်ရင်းမှလည်းကောင်း အထိအခိုက်အကျအဆုံး များပြားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်တပ်များနှင့် တပ်မ(၂)တို့သည် အထက်မြန်မာပြည်သို့ စတင်ချီတက်ရာ ပြည်၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ စလင်း၊ ဆင်ဖြူကျွန်းတို့ကို ဆက်လက်သိမ်းပိုက်သည်။ BIA သည် ပေါက်၊ မြိုင်၊ ပုလဲသို့ ချီတက်ပြီး မေလ ၃ ရက်နေ့တွင် သိမ်းပိုက်သည်။ ယင်းမာပင်မှတစ်ဖန် မုံရွာ၊ ရွှေဘို၊ ရေဦး၊ ကျွန်းလှ၊ ဝန်းသို၊ ကသာတို့မှတစ်ဆင့် မြစ်ကြီးနားမြို့ကို မေလ ၂၆ ရက်နေ့တွင် သိမ်းပိုက်သည်။ မြန်မာတစ်နိုင်ငံလုံးကို BIA နှင့် ဂျပန်တပ်မတော်တို့က သိမ်းယူလိုက်သဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးကြသည်။ မြန်မာတို့၏စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ထက်သန်မှုတို့နှင့်အတူ ရဲရင့်စွန့်စားသော ဇွဲသတ္တိကို ဖက်ဆစ်တို့ မျက်ဝါးထင်ထင်တွေ့မြင်ကြရပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အင်အားကို စိုးရိမ်လာသည်။ သို့အတွက် ဂျပန်တို့ သည် ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် BIA အင်အားကို လျှော့ချကာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ဟု ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က မြန်မာနိုင်ငံအား အတုအယောင်လွတ်လပ်ရေးကို ပေးခဲ့သည်။ ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗမာ့အမျိုးသားတပ်မတော် (BNA) ဟု ပြောင်းလဲဖွဲ့စည်းသည်။ စစ်ကြီးပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းကိုသာ ရှေးရှုလုပ်ကိုင်ရန်ဆုံးဖြတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်၍ နိုင်ငံရေးအရ ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး (ဖတပလ)အဖွဲ့ကို ဖွဲ့ခြင်းနှင့် စစ်ရေးအရ မြန်မာတစ်နိုင်ငံလုံးကို စစ်တိုင်းကြီး ရှစ်တိုင်း ခွဲခြားခြင်း စသည့်ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ပြီးနောက် ၁၉၄၅ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အထက်ဗမာပြည် တိုင်းတာဝန်ခံ ဗိုလ်မှူးဗထူးက ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရွှေတိဂုံဘုရားအနောက်ဘက် ယခုတော်လှန်ရေးပန်းခြံ၌ စစ်ရေးပြနှင့် စစ်ထွက်အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။ ပြီးနောက် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တို့ မြန်မာ့မြေပေါ်မှ အပြီးတိုင် အကြွင်းမဲ့ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။ နောင်တွင် ထိုနေ့ကို (တော်လှန်ရေးနေ့)ဟု သတ်မှတ်ခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံ၍ ဆက်လက်ကြိုးပမ်းခဲ့သောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်လာခဲ့လေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန် အတွင်းဝန်ရုံးနေရာ၌ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ပြုလုပ်သည်။ အစိုးရအဖွဲ့ဖွဲ့စည်းကာ ရှမ်းတိုင်းရင်းသား "စဝ်ရွှေသိုက်" အား လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ကြေညာခဲ့လေသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်တွင် ကျင်းပပြုလုပ်သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမကြီးတွင် မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကြီးကို အောက်ပါအတိုင်း ကမ္ဘာသို့ ထုတ်ပြန်ခဲ့သည်။

**အုတ်မြစ်ချ**

"ဤ ငါတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောကြေညာချက်သည် ကမ္ဘာတစ်ဝန်းလုံး တစ်ဦးတစ်ယောက်မကျန် ကြားသိစေသတည်း" ထိုနေ့မှာပင် ရန်ကုန်မြို့ဆူးလေဘုရားအနီး မဟာဗန္ဓုလပန်းခြံအတွင်း မြန်မာ့လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီးကို အုတ်မြစ်ချခဲ့သည်။

ကျောက်တိုင်ကြီးတွင်-

**"ဤ သက္ကရာဇ် တစ်ထောင့်သုံးရာ ကိုးခုနှစ်**
**ပြာသိုလဆုပ် ၉ ရက်၊ တနင်္ဂနွေနေ့တွင်**
**ဤ ငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော**
**အချုပ်အခြာအာဏာပိုင်**
**ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး**
**အဖြစ် ကောင်းစွာရောက်သတည်း"** ဟု ကမ္ပည်းကျောက်စာရေးထိုးလျက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို သမိုင်းမှတ်တမ်းတင်ခဲ့လေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်အတူ ဇာတိသွေး ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စွာဖြင့် အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ကာ အရယူပေးခဲ့သည့် မြန်မာ့လွတ်လပ်ရေးအမွေကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါစို့ဟု ဆန္ဒပြုရင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပေသည်။ ။

# အစွမ်းထက်တိုင်းရင်းဆေးများအား ခေတ်မီထုပ်ပိုးမှုများဖြင့် ထုတ်လုပ်ခြင်းမှသည် ပြည်သူ့ကျန်းမာရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ကြိုးပမ်းနေ

နေပြည်တော် ဒီဇင်ဘာ ၂၇

**မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရေး၊ တိုင်းရင်းဆေးဆရာများ၏ အရည်အချင်းနှင့် ကျင့်ဝတ်ဂုဏ်သိက္ခာပိုမိုမြင့်မားပြီး တိုင်းရင်းဆေးပညာကုထုံးများဖြင့် ပြည်သူတို့ ကျန်းမာရေးကို ထိရောက်စွာစောင့်ရှောက်နိုင်ရေးအပြင် အရည်အသွေးများ တိုးတက်ကောင်းမွန်ရေးတို့အတွက် တိုင်းရင်းဆေးသမားတော်များအားလုံးတွင် တာဝန်ရှိကြောင်း တိုင်းရင်းဆေးပညာရှင်များစွာ တက်ရောက်သည့် (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲမှ သိရှိရသည်။ ညီလာခံအတွင်း တိုင်းရင်းဆေးကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ကုထုံးသစ်များထွက်ပေါ်ရေး၊ ပညာရှင်များထွက်ပေါ်ရေး၊ ဆေးပညာဆိုင်ရာကျင့်ဝတ်များ လိုက်နာရေးနှင့် အရည်အသွေးပြည့်ဝပြီး ခေတ်မီနည်းစနစ်အသုံးပြုထားသည့် တိုင်းရင်းဆေးများပေါ်ထွက်လာရေးအတွက် ဆွေးနွေးသွားကြမည်ဖြစ်ရာ တိုင်းရင်းဆေးပညာရှင်များ၏ အတွေ့အကြုံများကို ပြန်လည်တင်ပြအပ်ပါသည်။**



ဒေါက်တာမိုးဆွေ (ညွှန်ကြားရေးမှူးချုပ်)



ဒေါက်တာဖြေ



ဒေါက်တာမြင့်ဝေ(ဆရာမြင့်)



ဒေါ်မေဖြူအောင်နိုင်ဟိန်း



ဦးကြည်လင်း

**ဒေါက်တာမိုးဆွေ**
**ညွှန်ကြားရေးမှူးချုပ်**
**(တိုင်းရင်းဆေးပညာဦးစီးဌာန)**

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနဲ့ လူတိုင်းရောဂါဘယ ကင်းရှင်းရေးဆိုတာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ရည်မှန်းချက် ဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေနဲ့ကလည်း ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးဖို့၊ ရောဂါဘယတွေ ကာကွယ်တားဆီးဖို့နဲ့ ရောဂါဖြစ်ပွားလာတဲ့အခါ ထိရောက်စွာ ကုသမှုပေးနိုင်ဖို့အတွက် အဘက်ဘက်ကနေ ကြိုးပမ်းနေပါတယ်။ တိုင်းရင်းဆေးထုတ်လုပ်တာမှာ နိုင်ငံပိုင်စက်ရုံကနေ ထုတ်တာနဲ့ ပုဂ္ဂလိကကနေ ထုတ်တာရှိတယ်။ ပုဂ္ဂလိကပိုင်တွေမှာလည်း စနစ်တကျနဲ့ ခေတ်မီနည်းစနစ်တွေ အသုံးပြုပြီး ထုတ်တာရှိသလို တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းအသွင်နဲ့ ထုတ်လုပ်တာလည်း ရှိပါတယ်။ ဘယ်လိုပဲထုတ်ထုတ် ကျွန်တော်တို့ကတော့ ခေတ်မီထုတ်လုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးပမ်းနေတယ်။ ဆေးတစ်မျိုးမှာ ပါဝင်တဲ့အမျိုးအမည်တွေနဲ့ ပမာဏတွေကို တိကျအောင် ကျွန်တော်တို့က လုပ်ဆောင်ပေးနေတယ်။ ဒီလို စစ်ဆေးတာကိုလည်း တင်းတင်းကျပ်ကျပ် တိတိကျကျ ဆောင်ရွက်နေပါတယ်။ သို့လျောင်တာနဲ့ ထုပ်ပိုးမှုအပိုင်းမှာလည်း အဆင့်မြင့်ဆေးဝါး ထုပ်ပိုးမှုတွေအထိဖြစ်အောင် ကြိုးစားဖို့ တွန်းအားပေးတာရှိပါတယ်။

မူဝါဒအပိုင်းမှာတော့ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ တိုင်းရင်းဆေးဆရာအချို့က မပြေလည်တာမျိုးရှိတယ်။ ဒါတွေကိုလည်း လိုက်လံပြီးရှင်းပြပေးတာတွေလည်း လုပ်ဆောင်နေပါတယ်။ အထိုက်အသင့်လည်း နားလည်မှုရရှိထားပါပြီ။ မကြာမီလအတွင်းမှာ ဥပဒေကိုအတည်ပြုနိုင်မယ်လို့လည်း ထင်ပါတယ်။ အတည်ပြုနိုင်ပြီဆိုရင်တော့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီကို ပြန်ဖွဲ့စည်းရပါမယ်။ အဖွဲ့ဝင် ၄၅ ဦးပါဝင်တဲ့ တိုင်းရင်းဆေးကောင်စီကနေ အချို့ စိုးရိမ်နေတဲ့ တိုင်းရင်းဆေးလက်မှတ်ပေးတဲ့အပိုင်းကိုလည်း ကိုင်တွယ်ဖြေရှင်းသွားရမှာဖြစ်ပါတယ်။ (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တစ်နိုင်ငံလုံးက တိုင်းရင်းဆေးပညာရှင်တွေ တက်ရောက်ကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးနည်းတွေအချင်းချင်း ဖလှယ်ခွင့်ရတယ်။ တိမ်မြုပ်နေတဲ့ ရိုးရာကုထုံးတွေကို ဖော်ထုတ်ခွင့်ရမယ်။ တိုင်းရင်းဆေးကို အနယ်နယ်အရပ်ရပ်မှာ အသုံးပြုကြတယ်။ လူနာတစ်ဦးက ဝေဒနာခံစားရင် အနောက်တိုင်းဆေးနဲ့ကုကု၊ တိုင်းရင်းဆေးနဲ့ကုကု အဓိကကတော့ သက်တမ်းစေ့ လူတိုင်းနေထိုင်နိုင်ကြဖို့၊ ကျန်းမာအောင် ကြိုတင်ကာကွယ်နေထိုင်နိုင်ကြဖို့အတွက် တစ်ဖက်တစ်လမ်းက ကူညီပေးနေတာဖြစ်ပါတယ်။ အခြားနိုင်ငံတကာက တိုင်းရင်းဆေးကုထုံးတွေ၊ ဆေးတွေကိုလည်း နှီးနှောဖလှယ်နေတာလည်း ရှိပါတယ်။ ဌာနကတော့ သမားတု သမားယောင်တွေ မဖြစ်ဘဲ ပြည်သူ့ကျန်းမာရေးကို အမှန်တကယ် စောင့်ရှောက်နိုင်အောင် သမားတုတွေဆိုရင်လည်း သမားစစ်ဖြစ်အောင် လက်တွဲခေါ်ပြီး သင်တန်းတွေပေးပြီး ပြည်သူ့ကျန်းမာရေးပိုပြီး စောင့်ရှောက်နိုင်အောင် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာဖြေ**
**ဒေဝယက္ခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့ အရာဟာ ပြည်သူအားလုံးရဲ့ ကျန်းမာရေးနဲ့ သက်ဆိုင်တာကြောင့် အထူးဂရုပြု ဆောင်ရွက်နေပါတယ်။ ပြည်တွင်းမှာထုတ်လုပ်တဲ့ တိုင်းရင်းဆေးတွေဟာ အရည်အသွေးမြင့်မားပြီး လုံခြုံစိတ်ချရတဲ့၊ အာနိသင်ပြည့်ဝတဲ့ဆေးတွေဖြစ်ဖို့အတွက် နည်းပညာအကူအညီကိုလည်း ပေါင်းစပ်ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။ သမားတုသမားယောင်တွေ ပပျောက်ပြီး တိုင်းရင်းဆေးဆရာတွေရဲ့ အရည်အချင်းနဲ့ ကျင့်ဝတ်သိက္ခာတွေ ပိုမြင့်လာပြီဆိုရင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို ပိုပြီးပေးနိုင်ပါလိမ့်မယ်။ အခုလို တိုင်းရင်းဆေးညီလာခံကို ကျင်းပခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူသလို အချင်းချင်းရိုင်းပင်းကူညီပြီး အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာကို ခြေဆန့်နိုင်တဲ့ မြန်မာ့ဆေးစွမ်းကောင်းတွေ ပေါ်ထွက်လာနိုင်ဖို့အတွက်လည်း အားလုံးက မျှော်လင့်နေကြသလို ပြင်လည်း ပြင်ဆင်နေတာကိုတွေ့ရလို့ ကျေနပ်ဝမ်းသာမိတယ်။ တစ်ဖက်မှာလည်း အနာဂတ်အတွက် အရည်အသွေးပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်တွေ ထပ်မံပြီးထွက်ပေါ်လာအောင် မျိုးဆက်သစ်တွေကို မြေတောင်မြှောက်လေ့ကျင့်ပေးကြဖို့ကလည်း တိုင်းရင်းဆေးကဏ္ဍက လက်ရှိတာဝန်ယူနေတဲ့ ပုဂ္ဂိုလ်တွေအသီးသီးအားလုံးမှာ တာဝန်ရှိပါတယ်။

**ဒေါက်တာမြင့်ဝေ(ဆရာမြင့်)**
**စကြာမင်းတိုင်းရင်းဆေးဝါးလုပ်ငန်း**

ကျွန်တော်ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံမှာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးအကြောင်း ဆွေးနွေးမည့်သူအနေနဲ့ ရွေးချယ်ခံထားရပါတယ်။ ဆေးထုတ်လုပ်တဲ့အခါ နည်းစနစ်နဲ့အညီ ထုတ်လုပ်နိုင်အောင် ဘေးကင်းလုံခြုံပြီး ထက်မြက်တဲ့အာနိသင်တွေနဲ့ ထုတ်လုပ်နိုင်အောင်အတွက် ဆွေးနွေးပြောကြားသွားဖို့ ရှိပါတယ်။ တိုင်းရင်းဆေးထုတ်လုပ်မှုမှာ အဓိကကြုံနေတာက နည်းပညာအခက်အခဲနဲ့ ပညာရှင်တွေအားနည်းတဲ့အပိုင်းပါ။ တိုင်းရင်းဆေးထုတ်တဲ့အခါ စံနှုန်းတစ်ခုနဲ့ တိုင်းတာရပါတယ်။ တိုင်းရင်းဆေးအမြင်တစ်ခုနဲ့တင် တိုင်းတာမယ်ဆိုရင် ခေတ်မီတဲ့၊ လုံခြုံစိတ်ချရတဲ့၊ အာနိသင်ပြည့်တဲ့ဆေးထုတ်တဲ့အခါ အလုံးစုံအဆင်မပြေနိုင်တာမို့ တစ်ဖက်မှာလည်း ခေတ်မီနည်းကျ သုတေသနပြုလုပ်ပြီး၊ တိုင်းတာတွက်ချက်ပြီး ပူးပေါင်းမြှင့်တင်သင့်ပါတယ်။ ဒါကြောင့် အကျိုးအာနိသင်များတဲ့ တိုင်းရင်းဆေးပညာကို ခေတ်မီနည်းစနစ်နဲ့ ပေါင်းစပ်ပြီး စနစ်တကျထုပ်ပိုးပြင်ဆင်ပြီး ထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှလည်း နိုင်ငံတကာနဲ့ရင်ပေါင်တန်းပြီး ဖြန့်ဖြူးနိုင်မှာဖြစ်သလို အားလုံးကလည်း လုံခြုံစိတ်ချစွာ ပိုပြီးသုံးစွဲနိုင်မှာပါ။ ဒါကြောင့် အားလုံးစုစည်းအဖြေရှာပြီး ဆောင်ရွက်သင့်ပါတယ်။ အများပြည်သူကိုတော့ ကျန်းမာရေး အသိပညာ ပိုရှိစေလိုပါတယ်။ ဒီနေ့ခေတ်မှာ ရာသီဥတုတွေပြောင်းတယ်၊ လူတွေရဲ့စားသောက်နေထိုင်မှုစနစ်တွေပြောင်းလာတဲ့အခါ ကျန်းမာရေးသတိ၊ အသိတွေ အပြည့်ရှိဖို့ ကြိုးစားသင့်ပါတယ်။ ရောဂါတစ်ခုဖြစ်မှ ဆေးကုမယ့်အစား မိမိကိုယ်ကိုယ်သမားတစ်ဦးအသွင်နဲ့ ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်ဆိုရင် တစ်နိုင်တစ်ပိုင် ကျန်းမာရေးကနေ မိသားစု၊ ရပ်ရွာနဲ့ နိုင်ငံအနေနဲ့ပါ ကျန်းမာရေး ပိုမိုမြင့်မားလာပါမယ်။

**ဒေါ်မေဖြူအောင်နိုင်ဟိန်း**
**အဘထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

တိုင်းရင်းဆေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရရော၊ ပညာရှင်ရော၊ ထုတ်လုပ်သူတွေရောအားလုံး စုပေါင်းအားနဲ့ အဖြေရှာနေကြပြီး လုပ်ဆောင်နေကြပါတယ်။ ယခင်ကတည်းက အစွမ်းထက်တဲ့ ဆေးတွေ၊ ကုထုံးတွေကြောင့် လူပေါင်းများစွာကိုလည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ ခေတ်မီတဲ့ သုတေသနပြုလုပ်ချက်တွေ၊ ဆန်းစစ်ချက်တွေကိုလည်း လုပ်ကိုင်လာနိုင်ပြီမို့ ပိုမိုပြီးတိကျတဲ့ စံချိန်စံနှုန်းကိုလည်း ပြည်သူ့ကျန်းမာရေးအတွက် ပေးအပ်နိုင်လာပြီလို့ ဆိုနိုင်ပါတယ်။ အခုလို တိုင်းရင်းဆေးသမားတော်တွေ ညီလာခံကျင်းပပေးတာ အလွန်ကောင်းပါတယ်။ ဒါမှလည်း ပညာရှင်အချင်းချင်း အသိပညာတွေ ဖလှယ်နိုင်မယ်။ ကုထုံးတွေ ပိုမိုတိုးတက်လာမယ်။ လိုအပ်ချက်တွေကို အားလုံးညှိနှိုင်းအဖြေရှာပြီး ပိုကောင်းအောင် လုပ်ဆောင်လာနိုင်မယ်။ ကျွန်မတို့ကတော့ အဘထရှုဆေးကိုပဲ ထုတ်လုပ်ပါတယ်။ ဒါပေမယ့် ကိုယ့်စက်ရုံမှာ ထုတ်လုပ်တဲ့ ဆေးတွေကို စနစ်တကျနဲ့ ဘေးဥပဒ်မရှိအောင်၊ ပိုမိုတိကျတဲ့ ရလဒ်တွေနဲ့ ခေတ်မီထုပ်ပိုးမှုဖြစ်အောင် အမြဲတော့ သတိထားပြီး အဆင့်မြှင့်တင်နေပါတယ်။

**ဦးကြည်လင်း (ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးညီလာခံကိုယ်စားလှယ်)**
**စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အခုလိုညီလာခံကို နှစ်စဉ်တက်ရောက်ခွင့်ရခဲ့တာ အလွန်ဝမ်းသာပါတယ်။ ဒီနှစ်မှာတော့ အဆိုပြုချက်၊ ထောက်ခံမှုလေးရပ်မှာ အဆိုနှစ်မှာ ထောက်ခံဆွေးနွေးကြတာ ရှိပါတယ်။ တိုင်းရင်းဆေးတိုးတက်ရေးအတွက် တက္ကသိုလ်ပညာရပ်တွေကို ဘယ်လိုလုပ်ဆောင်သွားမလဲ ဆိုတာကို ဆွေးနွေးခဲ့ကြပြီး အရည်အသွေးပြည့်ဝပြီး တိုင်းရင်းဆေးပညာရှင်တွေ ပိုမိုလေ့ကျင့်သင်ကြားပေးဖို့၊ မွေးထုတ်ပေးဖို့ ထောက်ခံခဲ့ပါတယ်။ ကျွန်တော့်အဘိုးက အစွမ်းထက်ဆေးတွေနဲ့ ဆေးကုသတယ်။ ဆေးကို အမှတ်တံဆိပ်နဲ့ ထုတ်လုပ်တာမရှိပါဘူး။ ကျွန်တော်ကတော့ ဆေးကိုထုတ်လုပ်တယ်။ ရောဂါနဲ့အပ်စပ်တဲ့ ဆေးတွေထုတ်တယ်။ အရင်က သံဆုံမောင်းဆုံနဲ့ ထောင်းခဲ့ရတယ်။ ဆန်ခါတွေချခဲ့ရတယ်။ အခုအချိန်မှာတော့ စနစ်တကျ ဆေးပြားသဏ္ဌာန်ရိုက်ပြီး ထုတ်လုပ်တယ်။ ဒီထက်လည်း ပိုပြီး အဆင့်မြင့်သထက်မြင့်လာစေဖို့ ကြိုးစားပြီး ပြောင်းလဲတယ်ပေါ့။ မြန်မာ့ရိုးရာ တိုင်းရင်းဆေးဟာ တိုင်းရင်းဆေး ၅၇ မျိုးအပြင် သူ့ဒေသအလိုက် အမျိုးမျိုးလည်းရှိသေးတယ်။ တိုင်းရင်းဆေးဟာ ရောဂါပျောက်ကင်းအောင် ကုသဖို့အတွက် အချိန်ပေးရတယ်။ နှေးပေမယ့် အမြစ်ပြတ်တာဟာ တိုင်းရင်းဆေးပါ။ အင်မတန်မှလည်း သိမ်မွေ့နက်နဲပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရနဲ့လည်း များစွာသက်ဆိုင်ပါတယ်။ ဒါကြောင့် စေတနာမှန်မှန်နဲ့ သဘာဝဆေးဖက်ဝင်ထုတ်ကုန်တွေနဲ့ ထုတ်လုပ်ထားတာကြောင့် ယုံကြည်စွာနဲ့ သုံးစွဲပေးကြပါလို့ ကျွန်တော်တို့ဘက်ကလည်း အစွမ်းကုန်ကြိုးစားပြီး အရည်အသွေးကို မြင့်သထက်မြင့်အောင် လုပ်ဆောင်မယ်လို့ ပြောချင်ပါတယ်။

**သတင်း-ကိုကိုနေ(မြန်မာ့အလင်း)**
**ဓာတ်ပုံ-နေသန်**

## စစ်တွေမြို့၌ ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၂၇**

ရုံးလုပ်ငန်းများ လျင်မြန်စေရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ၊ ခေတ်နှင့်လျော်ညီသည့် ရုံးလုပ်ငန်း ဆက်သွယ်ရေးလမ်းကြောင်းများ သွက်လက်မြန်ဆန်လာစေရန် ရည်ရွယ်ချက်ဖြင့် စစ်တွေခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာ သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက စစ်တွေခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူး ဦးစောဝေက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ဝန်ထမ်းတစ်ဦးချင်း စွမ်းဆောင်ရည်မြင့်မားလာပြီး ရုံးလုပ်ငန်းများကို သမားရိုးကျ နည်းလမ်းအတိုင်းမဟုတ်ဘဲ ခေတ်နှင့်လျော်ညီသည့် e-Government စနစ်ကို ကျင့်သုံးကာ ရုံးလုပ်ငန်းမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာစေရန် ပြောကြားသည်။

ဆက်လက်ပြီး ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းတွင် စစ်တွေခရိုင်ကွပ်ကဲမှုအောက်ရှိ မြို့နယ်လေးမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်း၊ နည်းပြဆရာ သုံးဦးက ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာဘာသာရပ်များ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မူဆယ်(၁၀၅)မိုင် နယ်စပ်ဂိတ်၌ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သော်လည်း ဝမ်တိန်ဂိတ်ကို ဖွင့်လှစ်ပေးမှုကြောင့် အဆင်ပြေစွာ ဖြတ်သန်းနိုင်

**မူဆယ် ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံအတွင်းသို့ ကုန်စည်တင်ပို့ရန်အတွက် သွားရောက်လျက်ရှိသည့် ကုန်တင်ယာဉ်ကြီးများသည် နယ်စပ်ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးတင်းကျပ်မှုကြောင့် ယာဉ်စီးရေ ၂၀၀၀ ကျော်မှာ လမ်းကြောင်းတွင် ၇ နာရီခန့် ပိတ်မိခဲ့သော်လည်း ဒေသအာဏာပိုင်များ၏ ညှိနှိုင်းမှုဖြင့် ဝမ်တိန်ဂိတ်ကို ဖွင့်လှစ်ပေးခဲ့မှုကြောင့် ဒီဇင်ဘာ ၂၇ ရက် ညပိုင်းတွင် အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၏ အဓိကလမ်းကြောဖြစ်သော တရုတ်နိုင်ငံသို့ ကူးလူးဆက်ဆံသည့် မူဆယ်မြို့နယ်နှင့် တစ်ဖက်နိုင်ငံသို့ အဓိကပို့ကုန်၊ သွင်းကုန်တင်ပို့ရာ လမ်းပိုင်းသည် ဒီဇင်ဘာလလယ်ပိုင်းမှစတင်၍ လမ်းကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေခဲ့သည်။

တစ်ဖက်နိုင်ငံ၏ ဥပဒေအရ နိုင်ငံရေး၊ လုံခြုံမှုအခြေအနေနှင့် နိုင်ငံကူးသန်းသွားလာခွင့်အတွက် ယာယီသက်သေခံကတ်များကို တင်းကျပ်စွာ စစ်ဆေးလျက် လူအများကူးလူးသွားလာရာတွင် ယခင်အခြေအနေများထက် ယခုအချိန်တွင် Fingerprint နှိပ်ခြင်းများကို ခေတ်မီနည်းစနစ်များနှင့်အတူ ကူးပြောင်းကျင့်သုံးလာလျက်ရှိနေသည်။

"နံနက်မိုးမလင်းမီကတည်းက လာစောင့်နေပြီး နောက်ကျရင် နေ့လယ်လောက်ရောက်မှ အလုပ်လုပ်ဖို့အတွက် နယ်စပ်ကို ဖြတ်ကျော်လို့ ရပါတယ်။ တချို့ဆိုရင် ညနေမှောင်ခါနီးအထိ စောင့်ဆိုင်းနေရတတ်တယ်။ ယာယီကတ်တွေက ငါးညအိပ် တစ်ပတ်ပဲဆိုတော့ ရက်သတ်မှတ်ချိန် ပြည့်တော့မယ့်ရက်ရောက်ပြီဆိုတာနဲ့ ဒီနယ်စပ်က သတ်မှတ်ဂိတ်တွေမှာ နောက်ထပ်ရက်ထပ်တိုးဖို့ သက်ဆိုင်ရာနေရာတွေမှာ တံဆိပ်တုံးလာပြီး ထုရတယ်"ဟု တစ်ဖက်နိုင်ငံကို ဖြတ်ကျော်ပြီး အလုပ်လုပ်ကိုင်နေသူ မနန်းအေးက ပြောသည်။



**လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည့်ယာဉ်များ ဝမ်တိန်ဂိတ်ဖွင့်လှစ်ပေးမှုကြောင့် ပြန်လည်ဖြတ်သန်းသွားလာသည့်ယာဉ်များကို တွေ့ရစဉ်။**

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ တုံခန်-ကျင်းစန်းကျော့လမ်းပိုင်းတွင် ရေထွက်ပစ္စည်းနှင့် ရာသီပေါ်သီးနှံများ အများဆုံးကူးသန်းရောင်းဝယ်ရာလမ်းပိုင်းဖြစ်ပြီး တစ်ဖက်နိုင်ငံနှင့် အဓိကဆက်သွယ်နေသော ကုန်စည်စီးဆင်းရာ လမ်းပိုင်းဖြစ်သည်။

ကုန်သည်များအနေဖြင့် မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း သတ်မှတ်ကုန်စည်ဒိုင်များ၌ ကုန်စည်များကို တစ်ဖက်နိုင်ငံဈေးကွက်သို့တင်ပို့ရန် လေလံတင်ကြရပြီး တစ်ဖက်နိုင်ငံ သတ်မှတ်နေရာရောက်မှသာ ကုန်ပစ္စည်းများအတွက် ငွေချေသောကြောင့် မိမိတို့ဘက်အခြမ်း၌ လေလံပြီးမြောက်သွားသော်လည်း နယ်စပ်ဖြတ်ကျော်စဉ်အချိန် လမ်းခရီး၌ အချိန်ကြန့်ကြာမှုများကြောင့် ရာသီပေါ်သီးနှံများ၊ ရေထွက်ပစ္စည်းများ စသည်တို့မှာ သတ်မှတ်ကုန်စည်စံနှုန်းများ မမီသောကြောင့် ပယ်ကုန်များ တန်ချိန်မြင့်တက်လာပြီး ကုန်သည်များ ရောင်းဝယ်မှုထိခိုက်လာလျက် ဈေးနှုန်းကွာဟချက်များ ဖြစ်ပေါ်ကာ တောင်သူများအတွက် ပို၍ထိခိုက်နစ်နာလာသည်ဟု အများပိုင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မှ ၂၂ ဘီးကုန်တင်ယာဉ်ဖြင့် တိုက်ရိုက်တင်ပို့ရောင်းချနေသူ ကိုဝင်းဌေးကလည်း "ကျွန်တော်ရောက်နေတာ ဒီနေ့အပါအဝင်ဆိုရင် တစ်လနီးပါးရှိနေပါတယ်။ လမ်းခရီးက မိုင်တွေများစွာလာခဲ့တာရယ်၊ ဒီမှာရောက်တော့ ဝယ်လက်က ဈေးနှိမ်တာရယ်ကြောင့် ပစ္စည်းဈေးကိုစောင့်ပြီး ဈေးများတက်လာမလားလို့ စောင့်ရင်းနေတာ အခုဆို လင်မယား နှစ်ယောက် လမ်းဘေးမှာမီးဖိုပြီး ကိုယ့်မှာပါလာတဲ့ စားစရာတွေကို ချက်ပြုတ်စားသောက်နေရတယ်၊ ကုန်ပစ္စည်းအတွက်ကတော့ အမြတ်က ရပါ့မလားဆိုတာ မသေချာပါဘူး"ဟု ဆိုသည်။

ရာသီပေါ်သီးနှံများဖြစ်သည့် ဖရဲ၊ သခွားစသော သီးနှံများသည်လည်း အတွင်းသားကျစ်လျစ်မှုမရှိခြင်း၊ အရသာပြည့်ဝမှုမရှိခြင်း၊ ရက်ရှည်အထားမခံဘဲ ပျက်စီးလွယ်ခြင်း၊ အရောင်တက်အောင် ဆေးဝါးများ အလွန်အကျွံသုံးစွဲလာခြင်း၊ တစ်ဖက်နိုင်ငံမှ ကျန်းမာရေးဌာနအနေဖြင့်လည်း အသီးများအပေါ် အန္တရာယ်ရှိဓာတုဓာတ်ကြွင်းများ စစ်ဆေးမှုတင်းကျပ်လာသည်ကို တောင်သူများအနေဖြင့် သိနားလည်ပြီး အကျိုးရှိစွာ အသုံးပြုခြင်းမရှိပါက မြန်မာ့သစ်သီးဈေးကွက်သည် နာမည်ပျက်များဖြင့် ရင်ဆိုင်လာရမည်ဖြစ်ကြောင်း သစ်သီးဝလံနှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်မှုအများပိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုလက်ရှိ ဖြစ်ပေါ်နေသော သစ်သီးဝလံဈေးကွက်အခြေအနေများ၊ နိုင်ငံနယ်စပ်ဖြတ်ကျော်မှုအပိုင်းများ အချိန်ကြန့်ကြာမှုများကြောင့် တောင်သူများ၏ နစ်နာဆုံးရှုံးမှုများ ပိုမိုများပြားလာနိုင်သောကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းရှိ အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီ သစ်သီးရောင်းကွင်းအား ယာယီအရောင်းရပ်ဆိုင်းရန်အတွက် ဆုံးဖြတ်ထားကြောင်း အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးအောင်ဆက်နိုင်က ပြောသည်။

သစ်သီးဝလံပွဲရုံများသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က ပွဲရုံ ၂၀ ခန့်သာရှိခဲ့ပြီး ယခုအချိန်တွင် ပွဲရုံပေါင်း ၈၀ ကျော်ရှိနေပြီဖြစ်ကာ မူဆယ်-တရုတ် ကုန်စည်စီးဆင်းရာ တုံခန်-ကျင်းစန်းကျော့မှ ဝမ်တိမ်သို့သွားသော လမ်းပိုင်းသည် တစ်ရက်လျှင် သစ်သီးဝလံရာသီအချိန်၌ ကားအစီးရေ ၄၀၀ မှ ၅၀၀ ကြား ဖြတ်သန်းကူးလူးလျက်ရှိနေလျက် ယခုအချိန်တွင် လမ်းကြောပိတ်ဆို့မှုသည် တစ်ပတ်ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# လင်းနို့ဂူ သဘာဝပတ်ဝန်းကျင် အသိပညာပေးနှင့် အပန်းဖြေစခန်းရှိရေကန်သို့ တိုက်လိပ်များလွှတ်ပေး

**ကန့်ဘလူ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီးရှိ လင်းနို့ဂူနှင့် သဘာဝပတ်ဝန်းကျင်အသိပညာပေးနှင့် အပန်းဖြေစခန်းရှိရေကန်အတွင်းသို့ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ရှားပါးစာရင်းဝင် မြန်မာမျိုးရင်းစိတ်ဖြစ်သော တိုက်လိပ်အထီးအမ ၁၀ ကောင်အား လွှတ်ပေးခဲ့ကြောင်း သိရသည်။

"တိုက်လိပ်မျိုးစိတ် မျိုးသုဉ်းမှုကို ကာကွယ်ဖို့အတွက် မန္တလေးတိရစ္ဆာန်ဥယျာဉ်နဲ့ ဟုမ္မလင်းမြို့နယ်မှာရှိတဲ့ ထမံသီတောမှာလည်း မွေးမြူနေတာရှိတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလဆန်းပိုင်းက လိပ်နဲ့ပတ်သက်ပြီး ကျွမ်းကျင်ပညာရှင်နဲ့တွေ့ပြီး လင်းနို့ဂူမှာရှိတဲ့ တောတောင်ခြေမှာ မွေးမြူလို့ရလားလို့ မေးမြန်းတဲ့အခါမှာ ရတယ်လို့ပြောတဲ့အတွက် သူတို့သဘာဝအတိုင်း နေထိုင်မျိုးပွားနိုင်အောင် သဲပြင်တွေ၊ စားသောက်နိုင်တဲ့ အပင်တွေကိုလည်း စီစဉ်ပေးထားပါတယ်"ဟု တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောသည်။

ယနေ့လွှတ်ပေးသော တိုက်လိပ်အထီးအမ ၁၀ ကောင်အား မန္တလေးတိရစ္ဆာန်ဥယျာဉ်မှ ယူဆောင်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ရေကန်အတွင်းသို့ လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# ပြည်မြို့ ရေဝတီအနုပညာပြပွဲ၌ ပြသမည့် သဲပန်းပုများ စတင်ထုလုပ်

**ပြည် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကမ်းနားလမ်း ရေဝတီမြစ်ကမ်းနံဘေးသဲသောင်ပြင်၌ ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ရေဝတီအနုပညာပြပွဲတွင် ပါဝင်ပြသရန် သဲပန်းပုရုပ်တုများကို စတင်ထုလုပ်နေကြပြီဖြစ်ရာ ဒေသတွင်း စိတ်ပါဝင်စားသူ အများအပြား လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

ယခုကျင်းပပြုလုပ်မည့် ပြပွဲသည် ပြည်ဒေသခံ ပန်းချီ၊ ပန်းပု၊ ကာတွန်း၊ စာပေ၊ အနုပညာရှင်များ၊ စာကြည့်တိုက်အသင်းဝင်များ၊ စာပေဝါသနာရှင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သော စာပေယဉ်ကျေးမှုအနုပညာအဖွဲ့၊ လူမှုရေးပရဟိတအဖွဲ့များဖြင့် ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ရာ ရည်ရွယ်ချက်အားဖြင့် ရေဝတီမြစ်ကမ်းတစ်လျှောက် သာယာလှပစေရန်နှင့် သန့်ရှင်းသပ်ရပ်သော မြို့တော်ဖြစ်ရန်ဖြစ်ပြီး ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။



အဆိုပါပြပွဲတွင်ပါဝင်မည့် အနုပညာအမျိုးအစားများမှာ ပန်းချီ၊ ခဲပန်းချီပုံတူ၊ ဂရပ်ဖစ်တီ၊ တက်တူး၊ ပုလင်းပန်းချီပန်းပု၊ သဲပန်းပု၊ ရွှံ့ပန်းပု၊ ကာတွန်း၊ ကယ်ရီကေးချား၊ ဓာတ်ပုံ၊ ကဗျာပြပွဲများကို ထည့်သွင်းပြသမည်ဖြစ်သည်။

"ကျွန်တော်တို့က စာပေယဉ်ကျေးမှုအနုပညာအဖွဲ့က ဦးစီးပြသတဲ့ပွဲမှာ ကျွန်တော်တို့လည်း ပူးပေါင်းပါဝင်ပြီးပြသဖို့ လုပ်နေတာပါ။ သဲပန်းပုအနေနဲ့ အဓိကကတော့ ကျွန်တော့်အပြင် ဒီဘက်မှာ ညီငယ်လေးတစ်ယောက်ရယ်၊ အစ်ကိုတစ်ယောက်ရယ် စုစုပေါင်း သုံးယောက်ရဲ့ လက်ရာတွေပါ။ အစ်ကိုတစ်ယောက်ကတော့ အကောက်တောင်ဘုရားပုံသဏ္ဍာန် ဖော်ဆောင်နေပါတယ်။ ကျွန်တော်ကတော့ ဗေဒါရီရေခပ်ဆင်းပြီး ခေတ္တနားနေတဲ့ပုံပေ့ါ။ သူ့ရဲ့ပုံရိပ်ဖြစ်တဲ့ ရေဘူးခြောက်ကလေးပါမယ်၊ သမင်ပါမယ်ပေ့ါ။ ပြီးတော့ သူ့ရဲ့ခေတ်ကာလ အဝတ်အစားလေးတွေကို ဖန်တီးထားပါတယ်"ဟု သဲပန်းပုပညာရှင် ကိုတင့်က ပြောသည်။

"ကျွန်တော်တို့ ဒီပွဲရဲ့ အဓိကအကြောင်းရင်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရေဝတီက အထူးထင်ရှားပါတယ်။ ရေဝတီနဲ့ ပတ်သက်လို့ ရေဝတီစီးဆင်းသွားရာ မြို့ရွာတွေတစ်လျှောက်မှာ ရေဝတီမြစ်ကြီး သန့်ရှင်းသာယာလှပနေဖို့ အစဉ်သဖြင့် ထိန်းသိမ်းကြဖို့လိုသလို ရေဝတီမြစ်ကမ်းပါးမှာလည်း သာယာလှပဖို့ အဓိကထားလုပ်တယ်ပေ့ါ။ နောက်တစ်ခုကတော့ ရေဝတီကိုအခြေခံပြီးတော့ အနုပညာသမားတွေရဲ့လက်ရာအသီးသီးကို လူထုကြားထဲ ထိထိရောက်ရောက် လက်တွေ့ပြသချင်တာ ဖြစ်ပါတယ်"ဟု စာပေယဉ်ကျေးမှုနှင့် အနုပညာအဖွဲ့(ပြည်)၏ ပြန်ကြားရေးတာဝန်ခံ ကိုဝေလင်းက ပြောသည်။

**သန်းလွင်**

# မွန်ပြည်နယ်တွင် လိုင်စင်မဲ့နှင့် စည်းကမ်းမလိုက်နာသည့် ယာဉ်အားလုံးကို ၂၀၁၉ နှစ်ဆန်းပိုင်းမှစတင်၍ အရေးယူမည်

**မော်လမြိုင် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ်တွင် စည်းကမ်းပျက်ယာဉ်များ ဖမ်းဆီးအရေးယူမှုကို ရက် ၁၀၀ စီမံချက်ဖြင့် ၁၀ မြို့နယ်စလုံး တစ်ပြိုင်နက်လုပ်ဆောင်သွားမည်ဟု မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ဆောင်သွားမည်ဖြစ်ကာ အသေးစိတ်စီမံချက်များ၊ တာဝန်ထမ်းဆောင်မည့် လူနာမည်စာရင်းများကအစ တိကျစွာဆောင်ရွက်ပြီးသည်နှင့် ၂၀၁၉ နှစ်ဆန်းပိုင်းတွင် စတင်မည်ဟုသိရပြီး ဘာသာရေး၊ လူမှုရေး၊ ဌာနဆိုင်ရာ၊ အခြားအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလသုံးစွဲနေသော လိုင်စင်မဲ့ကားအားလုံးကို ဥပဒေအတိုင်း ဖမ်းဆီးအရေးယူသွားမည်ဟု သိရသည်။

စီမံချက်တွင် အသိပညာပေးခြင်း၊ ဖမ်းဆီးအရေးယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူ၍ အပိုင်းသုံးပိုင်းခွဲထားပြီး တစ်ပတ်တစ်ကြိမ် တိုးတက်မှုအစီရင်ခံစာများ၊ အောင်မြင်မှု ရှိ၊ မရှိ တစ်လတစ်ကြိမ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်အတွက် လူငယ်များကို ပညာပေးမှုများ လုပ်ဆောင်သွားမည်ဟု ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက နိုဝင်ဘာ ၁၆ ရက်တွင် ဝန်ကြီးအဖြစ်ခန့်အပ်သည့် ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး၌ ပြောကြားခဲ့သည်။

**နန္ဒကျော်စွာ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဖွင့်လှစ်ပေး

မြစ်ကြီးနား ဒီဇင်ဘာ ၂၇

**ကချင်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ဥက္ကဋ္ဌဖလား၊ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မြစ်ကြီးနားမြို့ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖွင့်လှစ်ခဲ့သည်။**

ရှေးဦးစွာ ဒုတိယအကြိမ် ဥက္ကဋ္ဌဖလား၊ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မိုးလုံလေလုံ အားကစားခန်းမရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ကချင်ပြည်နယ်ရိုးရာ လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အားကစားခန်းမအတွင်း ပထမပွဲစဉ်အဖြစ် အာရှကျည်ဆံနှင့် အောင်ဟိန်းကျော် (ဇေယျာ)တို့ ယှဉ်ပြိုင်ထိုးသတ်မှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် တွဲဆိုင်း ၁၂ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြပြီး ဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာမှ ဗျူဟာနှင့် ထိုင်းမှ ဆမ်ခွန်၊ မြန်မာမှ နိုင်ဘိုနှင့် ထိုင်းမှ ပု(စ်)တဲ၊ မြန်မာမှ ရွှေရာမာန်နှင့် ထိုင်းမှ ဒွန်ဆန်ပေါင်တို့ တွဲဆိုင်းများ အပါအဝင် မြန်မာ့လက်ဝှေ့ကလပ်အသင်းများက တွဲဆိုင်းများဖြင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# MNL အကောင်းဆုံးဆုကို မောင်မောင်လွင်နှင့် နည်းပြဆုကို ဦးမျိုးမင်းထွန်းရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီတို့ ပူးပေါင်းကျင်းပသည့် MFF/MNL Awards Night 2018 ကို ယနေ့ ညနေပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ MNL အကောင်းဆုံးဆုကို မောင်မောင်လွင်နှင့် နည်းပြဆုကို ဦးမျိုးမင်းထွန်း ရရှိခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းတို့က အမှာစကားပြောကြားသည်။ ယင်းနောက် လူငယ်လိဂ်ပြိုင်ပွဲများတွင် ချန်ပီယံဆုရခဲ့သည့် ယူ-၁၈ ပြိုင်ပွဲ ချန်ပီယံ ဒဂုံအသင်း၊ ယူ-၁၉ ပြိုင်ပွဲချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ ယူ-၂၀ ပြိုင်ပွဲ ချန်ပီယံ အား/ကာသိပ္ပံ (ခ) အသင်း၊ ယူ-၂၁ ပြိုင်ပွဲ ချန်ပီယံ အား/ကာသိပ္ပံ (က)အသင်းတို့ကို ဆုဖလားနှင့် ဆုကြေးငွေ၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရ တက္ကသိုလ်အသင်းအား ဆုကြေးငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆုရ ဒဂုံအသင်းအား ဆုကြေးငွေကျပ် သိန်း၁၅၀၊ ပထမဆုရ ရွှေပြည်ရယ်သန်လျင်အသင်းအား ဆုကြေး ငွေကျပ် သိန်း ၃၀၀ နှင့် ဆုဖလား၊ အသန့်ရှင်းဆုံးအသင်းဆုရ ပထမတန်းပြိုင်ပွဲတွင် တက္ကသိုလ်အသင်းနှင့် MNL ပြိုင်ပွဲတွင် စစ်ကိုင်းယူနိုက်တက် အသင်းအား ဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ရှမ်းယူနိုက်တက်အသင်းပိုင်ရှင် ဦးခွန်နောင်မြင့်ဝေနှင့် ကလပ်အသင်းပိုင်ရှင်များ၊ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။



**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကဦးအောင်ကိုဝင်း အကောင်းဆုံးကစားသမားဆုရ မောင်မောင်လွင် (ရန်ကုန်) အား ဆုချီးမြှင့်စဉ်။** ဓာတ်ပုံ-ဖိုးသော်ဇင်

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲပံ့ပိုးပေးသည့် စပွန်ဆာကုမ္ပဏီများ၊ ကူညီဆောင်ရွက်ပေးသည့် လူမှုရေးအသင်းအဖွဲ့များကို အမှတ်တရလက်ဆောင်ပေးအပ်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီးထွက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်အသင်းအား ချန်ပီယံဆုနှင့် ဆုကြေးငွေကျပ် သိန်း ၃၀၀ ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမဆုရ မြဝတီအသင်းအား ဆုဖလားနှင့် ဆုကြေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ဒုတိယဆုရ မြန်မာယူ-၁၉ အသင်း၊ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ဒုတိယဆုရ မြန်မာ ယူ-၂၁ အသင်း၊ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရ မြန်မာ ယူ-၁၆ အသင်း၊ အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲ ငွေတံဆိပ်ဆုရ မြန်မာတက္ကသိုလ်အသင်း၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ တတိယဆုရ MIC အသင်းတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် MNL အမှတ်ပေးပြိုင်ပွဲ တတိယဆုရ ဇွဲကပင်အသင်းအား ဆုကြေးငွေကျပ် သိန်း ၅၀၀၊ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းအား ဆုကြေးငွေကျပ် သိန်း ၇၅၀၊ ပထမဆုရ ရန်ကုန်အသင်းအား ဆုကြေးငွေကျပ် သိန်း ၁၀၀၀ နှင့် ဆုဖလားကို ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံး ဒိုင်လူကြီး အမျိုးသားဆုရ ဦးမြတ်သူ၊ အမျိုးသမီးဆု ဒေါ်သိန်းသိန်းအေး၊ အကောင်းဆုံး အမျိုးသမီးလူငယ်ကစားသမားဆုရ မြတ်နိုးခင်၊ အကောင်းဆုံး အမျိုးသမီးကစားသမားဆုရ ခင်မာလာထွန်း၊ အကောင်းဆုံးနည်းပြဆုရ ဦးမျိုးမင်းထွန်း (ရန်ကုန်)၊ အကောင်းဆုံး လူငယ်အမျိုးသား ကစားသမားဆုရ လွင်မိုးအောင် (အားကာသိပ္ပံ/ရောဝတီ)၊ အကောင်းဆုံးအမျိုးသား ကစားသမားဆုရ မောင်မောင်လွင် (ရန်ကုန်)တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ရဲရင့်ရှိုင်း**

○ *ကျောဖုံးမှ*

ရာသီကြို ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ Chinland အသင်းသည် GFA အသင်းအမည်ဖြင့် ၂၀၁၃ ခုနှစ်မှစ၍ ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၈ ရာသီကုန်တွင် အသင်းအမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၁၁ ရာသီမြောက် ကျင်းပမည်ဖြစ်ပြီး ပြီးခဲ့သည့် ၁၀ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တိုက်စစ်မှူး ကျော်ကိုကို ကို ဆာမတ်ပရာခန်အသင်း တရားဝင်မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ထိုင်းလိဂ်-၁ ကလပ် ဆာမတ်ပရာခန်အသင်းသည် ရန်ကုန်အသင်းမှ ခေါ်ယူခဲ့သည့် တိုက်စစ်မှူးကျော်ကိုကိုကို ဒီဇင်ဘာ ၂၆ ရက်က တရားဝင်မိတ်ဆက်ခဲ့သည်။

ကျော်ကိုကိုနှင့် ဆာမတ်ပရာခန်အသင်းသည် ဒီဇင်ဘာလ ပထမပတ်ကတည်းက သဘောတူညီမှုရထားသော်လည်း ဆေးစစ်မှုများ အဆင့်ဆင့်ပြုလုပ်ခဲ့သောကြောင့် ကြန့်ကြာခဲ့ပြီး ဒီဇင်ဘာလ နောက်ဆုံးပတ်မှသာ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ဆာမတ်ပရာခန်အသင်းသည် ကျော်ကိုကိုကို တစ်ရာသီအငှားစာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်-၁၀ ဝတ်ဆင်ကစားစေမည်ဖြစ်သည်။ ကျော်ကိုကိုသည် ပြီးခဲ့သည့်ရာသီတွင် ချင်းရိုင်ယူနိုက်တက်အသင်း၌ ပါဝင်ကစားခဲ့သော်လည်း ဒူးအရွတ်စုတ်ပြဲဒဏ်ရာရပြီး ရာသီကုန်အထိ အနားယူခဲ့ရကာ ယခုအခါ ဒဏ်ရာအခြေအနေ ကောင်းမွန်လာသောကြောင့် ဆာမတ်ပရာခန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဆာမတ်ပရာခန်အသင်းသည် ပတ္တရားယူနိုက်တက်အသင်းကို အမည်ပြောင်းလဲထားခြင်း ဖြစ်သည်။ ကျော်ကိုကိုသည် ယခုနှစ်တွင် ဒဏ်ရာပြဿနာကြောင့် ချင်းရိုင်အသင်းတွင် ပွဲအနည်းငယ်သာ ကစားခဲ့ရသလို မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကိုလည်း လွဲချော်ခဲ့သည်။

မြန်မာ့လက်ရွေးစင်ကစားသမားအများစုမှာ လာမည့်ရာသီတွင် ထိုင်းလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး စည်သူအောင်နှင့် ဇော်မင်းထွန်း (ချောင်ဘူရီ)၊ အောင်သူ (မြောင်တောင်)ပြီးနောက် စတုတ္ထမြောက် ပြောင်းရွှေ့ကစားသည့် မြန်မာကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**ညီမြတ်သော်တာ**

# ချယ်လ်ဆီးတို့ အဝေးကွင်းတွင် ဝက်ဖို့ဒ်ကို နိုင်ပွဲရသည့် ရာသီဝက်ပွဲစဉ်(၁၉)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၉) ရာသီဝက် နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီဇင်ဘာ ၂၇ရက် ကြာသပတေးနေ့ နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် ဝက်ဖို့ဒ်နှင့် ချယ်လ်ဆီးပွဲတွင် အဝေးကွင်း၌ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပို တစ်မိနစ်တွင် ဟာဇတ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး နာကျင်အချိန်ပို လေးမိနစ်တွင် ကွင်းလယ်ကစားသမား ပါရေးယားက ဝက်ဖို့ဒ်အတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ပထမပိုင်းပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ဒုတိယပိုင်း ၅၈ မိနစ်တွင် ဧည့်သည် ချယ်လ်ဆီးအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဟာဇတ်က ဒုတိယဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ဟာဇတ်သည် ယနေ့ပွဲတွင် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီး ယခုနှစ်ရာသီ ပရီမီယာလိဂ်သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။ အာဆင်နယ်ကစားသမား အူဘာမီယန်က သွင်းဂိုး ၁၃ဂိုးဖြင့် ဦးဆောင်နေကာ ဟယ်ရီကိန်းနှင့် မိုဟာမက်ဆာလက်တို့က သွင်းဂိုး ၁၂ ဂိုးစီ သွင်းယူထားသည်။

ပရီမီယာလိဂ် ရာသီဝက်ပြီးဆုံးချိန်တွင် ဇယားထိပ်မှ လီဗာပူးအသင်းသည် ရမှတ် ၅၁မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး အဆင့် ၂တွင် စပါးအသင်းသည် ရမှတ် ၄၅မှတ်ဖြင့် ရပ်တည်နေသည်။ မန်စီးတီးအသင်းသည် နှစ်ပွဲဆက် ရှုံးနိမ့်မှုကြောင့် ရမှတ် ၄၄ မှတ်ဖြင့် အဆင့် ၃ နေရာသို့ ဆင်းပေးခဲ့ရပြီး အဆင့် ၄ တွင် ရမှတ် ၄၀ ဖြင့် ချယ်လ်ဆီး၊ အဆင့်၅တွင် ရမှတ် ၃၈ မှတ်ဖြင့် အာဆင်နယ်နှင့် အဆင့် ၆တွင် ၃၂ မှတ်ဖြင့် မန်ယူအသင်းတို့ ရပ်တည်နေကြသည်။ ပရီမီယာလိဂ် Boxing Day အဖြစ် သတ်မှတ်ထားသည့်ကာလကို အသင်းကြီးများလည်း အဆင့်တက်နိုင်ရေး ရုန်းကန်ရဦးမည်ဖြစ်သလို တန်းဆင်းဇုန်မှ အသင်းများလည်း ရုန်းကန်ရမည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ်(၂၀)ကို ဒီဇင်ဘာ ၂၉ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပဲလေ့စ်အသင်းနှင့်တွေ့ဆုံမည်ဖြစ်ပြီး ချန်ပီယံလမ်းကြောင်းပေါ်မှ လီဗာပူးအသင်းသည် အိမ်ကွင်းတွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဗုဒ္ဓဟူးနေ့က ပရီမီယာလိဂ် ပွဲစဉ် ၁၉ အဖြစ် ဝက်ဖို့ဒ်အိမ်ကွင်း၌ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် တိုက်စစ်ကစားသမား ဟာဇက်သည် နှစ်ဂိုးစလုံး သွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းအတွက် ဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီးနောက် အသင်း၌ ဒရော့ဘာ၊ လမ်းပတ်နှင့် တယ်ရီတို့လို ဂန္ထဝင်ကစားသမားတစ်ဦး ဖြစ်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ၎င်းသည် ထိုပွဲတွင် ၁၀၁ ဂိုးမြောက်ကိုလည်း သွင်းယူနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်း၌ ပြိုင်ပွဲစုံ ဂိုးအများဆုံး သွင်းယူသူများစာရင်းတွင် ၁၀ ဦးမြောက်နေရာတွင် ရပ်တည်ကာ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်း၏ ဂိုးအများဆုံး သွင်းယူသူအဖြစ် ထိပ်ဆုံးနေရာတွင် ဖရန့်လမ်းပတ်က ၂၁၁ ဂိုးဖြင့် စံချိန်တင်ထားကြောင်းလည်း သိရသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်စီးတီးနှင့် မန်ယူအသင်းတို့၏ ချိတ်ဆက်ခြင်းခံနေရသော အသက် ၂၈ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဒေါက်ဂလပ်စ်ကော်စတာအား ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားဖွယ်မရှိကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဟာဇက် (၂၇ နှစ်)ကို ခေါ်ယူနိုင်ရေးအတွက် ချယ်လ်ဆီးအသင်းအား စပိန်ကစားသမား အစ္စကို (၂၆နှစ်) နှင့် လက်ရှိတွင် စတန်းဖို့ဒ်ဘရစ်၌ အငှားဖြင့်ကစားနေသော ခရိုအေးရှားကွင်းလယ် ကစားသမား ကိုဗစ်ဆစ် (၂၄ နှစ်)တို့ကို အရောင်းအဝယ် တစ်စိတ်တစ်ပိုင်းအဖြစ် အလိုက်ပေးကမ်းလှမ်းလိုကြောင်း မက်ထရို၏ ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် ချီလီကွင်းလယ်ကစားသမား ဂယ်ရီ မီဒဲလ် (၃၁နှစ်)အား ပေါင် ၆ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းလိုက်သော်လည်း တူရကီကလပ်ဘတ်ရှီးတပ်စ်အသင်းက ပယ်ချလိုက်ကြောင်း talksport တွင် ဖော်ပြထားသည်။
- ဗုဒ္ဓဟူးနေ့က စီးရီးအေ ပွဲစဉ် ၁၈ အဖြစ် အတ္တလန္တာနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုးစီသရေကျခဲ့ရာ တိုက်စစ်ကစားသမား စီရော်နယ်ဒိုကအသင်းအတွက် ဒုတိယပိုင်းတွင် လူစားဝင်လာပြီးနောက် မန်ဇူကစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် သရေဖြစ်စေမည့် ဒုတိယဂိုးအား သွင်းယူလိုက်နိုင်သောကြောင့် ဂျူဗင်တပ်စ်အသင်း၏ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် ဂျူဗင်တပ်စ်အသင်းအတွက် ၁၂ ဂိုးသွင်းယူထားသည်။
- အာဆင်နယ်နည်းပြ အမ်မရီသည် ဗုဒ္ဓဟူးနေ့က ပရီမီယာလိဂ် ပွဲစဉ် ၁၉ အဖြစ် ဘရိုက်တန်နှင့် အာဆင်နယ်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် ရေဘူးတစ်ဘူးကို ကန်ကျောက်ခဲ့ရာ ဘရိုက်တန်ပရိသတ်တစ်ဦးအား ထိမှန်ခဲ့သည့်အတွက် တောင်းပန်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ပွဲအပြီးတွင် "ကျွန်တော်သူတို့ကို တောင်းပန်ပါတယ်။ အဲ့ဒီလို ကန်လိုက်တာဟာ သိပ်မပြင်းထန်ပေမယ့် ပရိသတ်တစ်ဦးကို ထိမှန်စေခဲ့လို့" ဟု ပြောကြားခဲ့သည်။

**အောင်ဇော်**

# ကသာမြို့နှင့် သာစည်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကျောက်ထုံးကြီးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကသာမြို့နယ် ကျောက်ထုံးကြီး-အင်းဒရန့်သွား ကားလမ်း ဒုံအော့ကျေးရွာလမ်းခွဲအနီးတွင် ဖိုးချွန်(ခ)ဝင်းရွှေ မောင်းနှင်ပြီး မသိန်းသိန်းမြင့် လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယနေ့နံနက် ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ တောင်ကြီး-မိတ္ထီလာသွားကားလမ်း မိုင်တိုင်အမှတ် (၃၁) အနီးတွင် ခရီးသည်မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ခရီးသည် ဝင်းနိုင် သယ်ဆောင်လာသည့် ဖော့ဘူးအတွင်းမှ ဘိန်းစိမ်း ၁၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်တပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံးမှ ယာယီရဲမှူး အောင်ဆွေဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန် တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Panchari ကင်းစခန်း ဒုစခန်းမှူး Naib Subedar Md. Salim Uddin ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြ သုံးဦးတို့သည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က မြန်မာနိုင်ငံဘက်ခြမ်း နယ်ခြားမှတ်တိုင်(၅၁/၅)အနီး၌ တွေ့ဆုံဆွေးနွေး၍ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၁/၅)မှ (၅၂)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၂-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၉း၄၀ - Soccer View
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၄၀)(ဇာတ်သိမ်း)
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း"(အပိုင်း-၃)
၁၄း၁၅ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "ချစ်တဲ့သူငယ်လေ" (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)

**ညပိုင်း**

၁၆း၃၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ကိုယ်စောင့်နတ်"
၁၇း၀၅ - Catch Asia News (Epi-21)
၁၈း၂၀ - BBC Click
၁၉း၁၅ - "အသက်နှင့်သစ္စာ" ခါရာ၊ ရဲမွန်၊ ဇော်မှိုင်း၊ နန်းခင်ဇေယျာ (ဒါရိုက်တာ-ကျော်နှင်းဆီ)
၁၉း၄၅ - "မြန်မာ့လွတ်လပ်ရေး သမိုင်းနှင့် မော်ကွန်း ကျောက်စာတိုင်"
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေ စကားဝိုင်း "ရာဇဝတ်ပြစ်မှု တစ်ခုကျူးလွန်သည် ဆိုရာဝယ်"
- မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည" (အပိုင်း-၆) စိုင်းလျှံ၊ သန်၊ ဖြိုးသိုက်၊ ဈာန်ထူး၊ ဖူးဖူး (ဒါရိုက်တာ-ဈာန်ထူး)
- မြန်မာအငြိမ့်သဘင် ရေစီးကြောင်း(ဒုတိယခေတ်) မင်းသမီး-ရွှေရည်ဝင်း၊ လူရွှင်တော်-ညောင်ညောင်၊ ကြယ်သီး

# ကော့သောင်းပင်လယ်ပြင်တွင် လှေငယ်တစ်စင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**ကော့သောင်း ဒီဇင်ဘာ ၂၇**

ကော့သောင်းမြို့နယ် ပင်လယ်ပြင် အတွင်း မောင်းနှင်လာသည့် စက်လှေငယ်တစ်စင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက တပ်မတော်(ရေ) စစ်ရေယာဉ်က ကော့သောင်းမြို့နယ် အန်ဒမန် ပင်လယ်ပြင်အတွင်းရှိ လိုင်ဂူကျွန်းအနီး လှေငယ်တစ်စင်းကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးရာတွင် ပြည့်ဇင်မောင်မောင်နှင့် ကျော်လင်းထူးတို့နှစ်ဦး မောင်းနှင်လာသော စက်လှေငယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇ ပြား၊ ဘိန်းစာမှုန့် အလေးချိန် ၃၀၀ ဂရမ်ခန့်တို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းကာ ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စုသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းဆီးရမိသည့် ပြည့်ဇင်မောင်မောင် (၁၉ နှစ်) နှင့် ကျော်လင်းထူး(၂၈နှစ်) တို့ကို ကော့သောင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဟိုပုံးမြို့နယ် လိုက်ကန်ကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကကို ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီး ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် ထီတလိကျေးရွာ လူဖတ်ခြမ်းကျေးရွာနှင့် ဝါးပြုံးကျေးရွာတို့၌ ဘိန်းစိုက်ခင်း ၃၅ ဧကကို လည်းကောင်း၊ ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၇ ဧကကို လည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးညှင်းမြို့နယ်၌ နန့်မချီကျောက်စိမ်းမှော်ဘက်မှ မူးယစ်ဆေးဝါးသယ်ဆောင်လာသူများ ဖမ်းဆီးရမိ

**မိုးညှင်း ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ဒေသ နန့်မချီကျောက်စိမ်းမှော်ဘက်မှ ဆိုင်ကယ်စီး၍ ပြန်လာကြသော အမျိုးသားများထံမှ မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက မော်ဟန်ရဲကင်းစခန်းမှူး ရဲအုပ်ကျော်ညွန့်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည် မော်ဟန်-နန့်မချီကျောက်စိမ်းမှော်သွားလမ်း နန့်ပင့်လမ်းခွဲ သရက်ပင်ကုန်းအနီးတွင် ရှောင်တခင်စစ်ဆေးရှာဖွေရာ နန့်မချီကျောက်စိမ်းမှော်ဘက်မှ မော်ဟန်ကျေးရွာဘက်သို့ မျိုးမင်းဦးမောင်းနှင်ပြီး နောက်မှ ဝင်းစိုးလိုက်ပါလာသောဆိုင်ကယ်ကို တားဆီးစစ်ဆေးရာ ၎င်းတို့ထံမှ ဘိန်းဖြူမှုန့် အလေးချိန် ၀ ဒသမ ၁ ဂရမ်ကို ရှာဖွေတွေ့ရှိသဖြင့် အမှုဖွင့်လှစ်ခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က နန့်မချီမှော်ဘက်မှ မော်ဟန်ကျေးရွာဘက်သို့ လှရွှေ မောင်းနှင်ပြီး နောက်မှ စိုးမြင့်အောင် လိုက်ပါလာသော ဆိုင်ကယ်ကို တားဆီးစစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ ဘိန်းဖြူမှုန့် ၀ ဒသမ ၃ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

အဆိုပါနေရာ၌ ဆက်လက်စောင့်ဆိုင်းနေစဉ် ထွန်းမင်းလတ် မောင်းနှင်ပြီး နောက်မှ ကျော်ဇင်လတ်လိုက်ပါလာသော ဆိုင်ကယ်ကို တားဆီးစစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ ဘိန်းဖြူ ၀ ဒသမ ၆ ဂရမ်ကို သိမ်းဆည်းရမိခဲ့သဖြင့် မိုးညှင်းမြို့မရဲစခန်းမှ အမှုများဖွင့်လှစ်ထားသည်။

**၀၇၈**

# မကွေးမြို့တွင် အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားကာ ဓားထိုးမှုဖြစ်ပြီး တစ်ဦးသေဆုံး

**မကွေး ဒီဇင်ဘာ ၂၇**

မကွေးမြို့ အောင်ရတနာရပ်ကွက် ရန်ဝေးရပ် ကားကြီးကွင်းတောင်ဘက် ပြည်တော်သာလမ်းတွင် ကွမ်းယာဝယ်ရင်း စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပြီး တစ်ဦးသေဆုံးသွားကြောင်း အမှတ်(၂) နယ်မြေရဲစခန်းမှူးထံမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၁ နာရီခွဲခန့်က အာကာထက်ဦးပါ ငါးဦးနှင့် နိုင်ဝင်းပါ သုံးဦးတို့သည် ကွမ်းယာဝယ်ရင်း စကားများရန်ဖြစ်ကာ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားဖြင့်ထိုးမှုကြောင့် နိုင်ဝင်း(၂၅ နှစ်)မှာ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မကွေးမြို့ အမှတ်(၂) နယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်သည့် မကွေးမြို့နယ် လျှော်တောကျေးရွာနေသူ အာကာထက်ဦး(၂၀နှစ်)၊ တောင်တွင်းကြီးမြို့နယ် အုန်းပင်စုကျေးရွာနေသူ ငြိမ်းချမ်းအောင်(၁၉ နှစ်)နှင့် မကွေးမြို့ အောင်မင်္ဂလာအုပ်စု ရန်မျိုးလုံ(၄)လမ်းနေ ဝေယံထက်(၂၀ နှစ်) သုံးဦးတို့ကို လျှော်တောကျေးရွာ၌ ဖမ်းဆီးရမိပြီး ကျန်နှစ်ဦးအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အမှတ်(၂) နယ်မြေရဲစခန်းမှ သိရသည်။

**ဇွဲထက်ရှင်**

# နမ့်ဆန်မြို့နယ်၌ မိုင်းပေါက်ကွဲ၍ အမျိုးသမီးတစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နမ့်ဆန်မြို့နယ် နမ့်ဟွေကျေးရွာနေ ဒေါ်သိန်းမြ(၅၅ နှစ်)သည် လက်ဖက်ခြံသို့ ပေါင်းရှင်းရန် သွားရောက်စဉ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ယင်းကျေးရွာ၏ အနောက်ဘက် လေးဖာလုံခန့်အကွာ လမ်းယာဘက်ခြမ်းမှ မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ဒေါ်သိန်းမြတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျောက်မဲမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြင်းခြံမြို့၌ လေအိုးပေါက်ကွဲသဖြင့် လေးဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက လေအိုးပေါက်ကွဲသဖြင့် လေးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့အမှတ်(၁)ရပ်ကွက်နေ ဦးခင်ကျော်ဦး(၃၆နှစ်)သည် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက နေအိမ်၌ အမြင့်လေးပေ၊ လုံးပတ် သုံးပေခန့်ရှိ လေအိုးအတွင်း ငရုံမီးနှင့် သွပ်စများ ထည့်ထားခဲ့ပြီး လက်ဖက်ရည်ဆိုင်သို့ သွားနေစဉ် လေအိုးပေါက်ကွဲရာမှ ဇနီးဖြစ်သူ ဒေါ်ခိုင်ခိုင်ဝင်း အပါအဝင် မိသားစုလေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးခင်ကျော်ဦးအား မြင်းခြံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၁၀၊ သွင်းကုန် ၇၁၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၆၀၊ သွင်းကုန် အစီး ၂၁၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု၊ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Women Sarong (845 Kgs)နှင့် Tape (700 Kgs)၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၇၅ သန်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန်လျင်၌ ဆိုင်ကယ်ကိုးစီး ခိုးသူများအား အရေးယူ



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၁ ရက်ည ၁၁ နာရီက ဆိုင်ကယ်ခိုးယူသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သူရထွန်းနှင့် တပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သင်္ကာဖွယ်တွေ့ရှိသည့် သက်ညီညီအောင် (ခ) အငယ်ကောင်၊ ဝေယံအာကာမြင့် (ခ) ဖိုးကုလား၊ ဗိုလ်ချုပ်ကျေးရွာ သန်လျင်မြို့နယ်နေသူတို့ကို စစ်ဆေးရာ ၎င်းတို့သည် သူငယ်ချင်းဖြစ်သူ ဝဏ္ဏထွန်း (၁၈ နှစ်) ဗိုလ်ချုပ်ကျေးရွာ သန်လျင်မြို့နယ်နေသူနှင့် သက်ကိုကိုအောင် (ခ) ကိုကို (၁၉ နှစ်)တို့နှင့်အတူ သန်လျင်မြို့နယ်အတွင်းမှ ဆိုင်ကယ် ကိုးစီး ခိုးယူထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# အီရတ်ရှိ ပဋိပက္ခဖြစ်ပွားရာဒေသသို့ ပထမဆုံးခရီးစဉ်အဖြစ် ထရမ့်ရောက်ရှိပြီး တပ်ဖွဲ့ဝင်များကို နှုတ်ဆက်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇**

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များကို နှုတ်ဆက်ရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မယ်လနီယာထရမ့်တို့သည် ဒီဇင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၁၆ မိနစ် တွင် အီရတ်အနောက်ပိုင်း အယ်လ်အာဆက် လေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယခုလို ပဋိပက္ခဖြစ်ပွားနေသည့် ဒေသသို့ သွားရောက်ခြင်းသည် သမ္မတ ဒေါ်နယ် ထရမ့်အတွက် ပထမဆုံးခရီးစဉ်ဖြစ်ကြောင်း သိရပြီး အမေရိကန်တပ်သားများကို ကျေးဇူးတင်ကြောင်း လူကိုယ်တိုင်ပြောရန် လာရောက်ခြင်းဖြစ်သည်ဟု ထရမ့်က ပြောကြားခဲ့သည်။

၎င်းဒေသတွင် တာဝန်ထမ်းဆောင်နေသူများသည် အီရတ်နှင့် ဆီးရီးယားတွင် အစ္စလာမ္မစ်အစွန်းရောက်နိုင်ငံထူထောင်ရန် ကြိုးပမ်းနေသော အိုင်အက်စ်အကြမ်းဖက် စစ်သွေးကြွအားလုံးနီးပါး ချေမှုန်းနိုင်ခဲ့ကြောင်း၊ အိုင်အက်စ်အဖွဲ့သည် ယခင်နှစ်များက အလွန်အင်အားကြီးသည့် အဖွဲ့ဖြစ်သော်လည်း ယခုအချိန်တွင် လွှမ်းမိုးနိုင်စွမ်းမရှိတော့ကြောင်း၊ ထို့ကြောင့် မိမိတပ်ဖွဲ့များ၏ လုပ်ဆောင်ချက်သည် အလွန်အောင်မြင်ကြောင်း ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်တပ်ဖွဲ့ဝင်များကို ခရစ္စမတ် နှုတ်ဆက်ရန် ယခုလို ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်ပြောခွင့်ရ ဆာရာဆန်ဒါးစ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။

ဒေသတွင်း လက်ကျန်အိုင်အက်စ်စစ်သွေးကြွမှန်သမျှကို ချေမှုန်းရန်အတွက်လည်း တူရကီဘက်က သဘောတူခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတကတော်တို့ အီရတ်ရှိ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။

# ပိတ်ဆို့မှုများကို တုံ့ပြန်သည့်အနေဖြင့် စီးပွားရေးအရ ပိုမိုယှဉ်ပြိုင်မှုများ လုပ်ဆောင်သွားမည်ဟု ပူတင် ပြောကြား

**မော်စကို ဒီဇင်ဘာ ၂၇**

ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံ၏စီးပွားရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ယှဉ်ပြိုင်မှုများ ပိုမိုဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

ရုရှားကုမ္ပဏီများအနေဖြင့် ပြည်ပမှ စည်းမျဉ်းကန့်သတ်ချက်များကို ရင်ဆိုင်နေရသည်ဖြစ်ရာ ရုရှားစီးပွားရေးလုပ်ငန်းရှင်များကို အားပေးကူညီခြင်းနှင့် ၎င်းတို့၏ အခွင့်အလမ်းများကို ချဲ့ထွင်ခြင်းက ယနေ့အချိန်တွင် အထူးအားထားရမည့် အဓိက ဦးစားပေးကိစ္စရပ်တစ်ခုဖြစ်နေသည်ဟု ရုရှားစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည့် နှစ်ပတ်လည်အစည်းအဝေးတစ်ခုတွင် သမ္မတ ပူတင်က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခြေလှမ်းအဆင့်များကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် ရုရှားနိုင်ငံ၏ စီးပွားရေးသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေကြောင်း ၎င်းက ပြောသည်။

စက်မှုထုတ်ကုန်ပိုင်းတွင် တိုးတက်မှုအရှိန်အဟုန်မြှင့်တင်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနလုပ်ငန်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် ဒေသဆိုင်ရာထုတ်လုပ်မှုဝန်ဆောင်မှုကို တိုးတက်အောင်ဆောင်ရွက်ရန်နှင့် ပြည်တွင်း၌သာမက ပြည်ပ၌လည်း ဈေးကွက်သစ်များတိုးချဲ့နိုင်ရေး ဆောင်ရွက်ကြရန် သမ္မတပူတင်က တိုက်တွန်းလိုက်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နေသည်နှင့်တစ်ပြေးညီ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုကို မြှင့်တင်ရန် အစိုးရနှင့် လုပ်ငန်းရှင်များ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ကာတာနိုင်ငံက မာလီနိုင်ငံသို့ ပေးပို့မည့် သံချပ်ကာ ကားများကို တွေ့ရစဉ်။

# မာလီအကြမ်းဖက်နှိမ်နင်းရေးအတွက် ကာတာနိုင်ငံက သံချပ်ကာကားများ ထောက်ပံ့

**ဒိုဟာ ဒီဇင်ဘာ ၂၇**

ကာတာနိုင်ငံသည် ဆာဟာရနှင့် အနောက်အာဖရိက ကမ်းရိုးတန်းဒေသကြားရှိ ဆာဟယ်ငါးနိုင်ငံအဖွဲ့အစည်း၌ပါဝင်သော မာလီနိုင်ငံသို့ ကူညီထောက်ပံ့သည့်အနေဖြင့် သံချပ်ကာကား ၂၄ စီးကို လေယာဉ်ဖြင့် ပေးပို့ကူညီထောက်ပံ့ပေးခဲ့ကြောင်း ကာတာနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၂၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

မာလီနိုင်ငံ၏ အကြမ်းဖက်နှိမ်နင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် ယခုလို ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကာတာနိုင်ငံသည် ယခုကဲ့သို့စစ်ရေးထောက်ပံ့မှုမျိုးကို ဆာဟယ် ငါးနိုင်ငံအဖွဲ့အစည်းသို့ တိုးချဲ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း မာလီနိုင်ငံ မြောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ လတ်တလောရက်ပိုင်းတွင် မာလီနိုင်ငံ အလယ်ပိုင်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုများပြားလာကြောင်း သိရသည်။

ဆာဟယ် ငါးနိုင်ငံအဖွဲ့အစည်းကို ၂၀၁၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဆာဟယ်ငါးနိုင်ငံအဖွဲ့အစည်းတွင် မာလီ၊ မော်ရီတေးနီးယား၊ ဘူကီနာဖာဆို၊ နိုင်ဂျာနှင့် ချတ်ဒ်နိုင်ငံများ ပါဝင်သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဆာဟယ် ငါးနိုင်ငံအဖွဲ့အစည်းသည် တပ်ဖွဲ့ဝင်အင်အား ၅၀၀၀ ဖြင့် အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့တစ်ခုကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။

**ဆင်ဟွာ**



ရုရှားသမ္မတ ဗလာဒီမာပူတင်

## လေကြောင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ သေဆုံး

**ဂျလာလာဘတ် ဒီဇင်ဘာ ၂၇**

အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် စစ်သွေးကြွအုပ်စုများကို သုတ်သင်ချေမှုန်းသည့် လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စူလ်တန်အာဇစ်အဇမ် သေဆုံးခဲ့ကြောင်း တပ်မတော်သတင်းရင်းမြစ်တစ်ခုက ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စစ်ရေးထောက်လှမ်းမှုအဖွဲ့ သတင်းရင်းမြစ်များအရ ဗုဒ္ဓဟူးနေ့က ပလချီရာဂမ်ဒေသရှိ အိုင်အက်စ်အဖွဲ့ပုန်းခိုရာနေရာများကို ပစ်မှတ်ထားသည့် လေကြောင်းစီးနင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ရာ အာဖဂန်ရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ စူလ်တန်အာဇစ်အဇမ် သေဆုံးခဲ့ကြောင်း စစ်ဘက်ထောက်လှမ်းမှုအဖွဲ့က သတင်းဖော်ပြခဲ့သည်။

အိုင်အက်စ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည့် အဇမ်သည် အစိုးရအမှုထမ်းများ အထူးသဖြင့် ဩဇာအာဏာကြီးမားသည့် အာဏာပိုင်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများအတွက် စစ်သွေးကြွအဖွဲ့ဝင်သစ်များသွတ်သွင်းမှုကို ကြီးကြပ်ဆောင်ရွက်သူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ အိုင်အက်စ်အဖွဲ့ထံမှ တုံ့ပြန်ပြောဆိုမှု ထွက်ပေါ်လာခြင်း မရှိသေးပေ။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်ထိန်းသိမ်းရေးစခန်း၌ ရွှေ့ပြောင်းကလေးငယ် နောက်တစ်ဦး ထပ်မံသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

ဂွါတီမာလာနိုင်ငံမှ အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသည် အမေရိကန် နယ်ခြားစောင့်အဖွဲ့က ထိန်းသိမ်းထားစဉ် အတွင်းသေဆုံးမှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါကလေးငယ်နှင့် ၎င်း၏ဖခင်တို့သည် ယခုလအစောပိုင်းက မက္ကဆီကိုနိုင်ငံမှ တက္ကဆက်ပြည်နယ်သို့ ဝင်ရောက်ခဲ့ကြကြောင်း အမေရိကန် သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ ၎င်းတို့ကို နယ်ခြားစောင့်တပ်ဖွဲ့များက ဖမ်းဆီးခဲ့ပြီးနောက် ထိန်းသိမ်းရေးအဆောက်အအုံတစ်ခုဆီသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။ အဆိုပါကလေးငယ်သည် တနင်္လာနေ့က နာမကျန်းလက္ခဏာများ ဖြစ်ပွားခဲ့ပြီး ၎င်းကို နယူးမက္ကဆီကိုပြည်နယ်ရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့သည်။ ၎င်းသည် အအေးမိဝေဒနာကို ခံစားခဲ့ရခြင်းဖြစ်သည်ဟုဆိုကာ ထိန်းသိမ်းရေးအဆောက်အအုံဆီသို့ ပြန်ခေါ်လာခဲ့သည်။ အဆိုပါညဥ့်ပင် ကလေးငယ်မှာ အော့အန်ခဲ့ပြီး ဆေးရုံသို့ပြန်ရောက်ခဲ့ကာ ဆေးရုံပေါ်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဂွါတီမာလာမှ အသက် ခုနစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အမေရိကန်နယ်ခြားစောင့်တပ်ဖွဲ့မှ ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးခဲ့ပြီးနောက် ယခုတစ်ဖန် ယောကျ်ားလေးတစ်ဦး ထပ်မံသေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### နိုင်ငံတကာ ဝေလငါးဖမ်းဆီးမှုကော်မရှင်မှ နုတ်ထွက်ကြောင်း ဂျပန်ကြေညာ

**တိုကျို ဒီဇင်ဘာ ၂၇**

ဂျပန်နိုင်ငံသည် နိုင်ငံတကာ ဝေလငါးဖမ်းဆီးမှုကော်မရှင် (IWC) မှ နုတ်ထွက်ကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် ယိုရှီဟီဒဲ စူဂါက ကြေညာလိုက်ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မစ္စတာ စူဂါက ဂျပန်သည် စီးပွားဖြစ်ဝေလငါးဖမ်းဆီးမှုများ ပြန်လည်စတင်ရန် ဇူလိုင်လကတည်းက စီစဉ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ပုံမှန်ဝေလငါးဖမ်းဆီးမှု လုပ်ဆောင်ရေးကို နှစ်ပေါင်း ၃၀ ကျော် လုပ်ဆောင်လာခဲ့ကြောင်း၊ သို့သော်လည်း ဝေလငါးဖမ်းဆီးမှုကို ဆန့်ကျင်သည့် နိုင်ငံများနှင့် သဘောထားညီနှိုင်းမရဖြစ်လာခဲ့ကြောင်း ပြောခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက IWC အထွေထွေညီလာခံမှ ပေါ်ထွက်လာခဲ့သည့် ရလဒ်များကြောင့် ဝေလငါးဖမ်းဆီးမှုကို ထောက်ခံသူနှင့် ကန့်ကွက်သည့် နိုင်ငံများအကြား အတူယှဉ်တွဲရပ်တည်ရန် မဖြစ်နိုင်တော့သည်ကို ရှင်းရှင်းလင်းလင်း သိမြင်လာခဲ့ကြောင်း မစ္စတာ စူဂါက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မျှော်လင့်မထားဘဲ ရောက်ရှိလာတဲ့ သမ္မတ ထရမ့်ရဲ့ အီရတ်ခရီးစဉ်

**ကလျာမိုးမြင့်**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ၎င်းရဲ့ အကြံပေးပုဂ္ဂိုလ်က ကန့်ကွက်ပေမယ့်လည်း ဆီးရီးယားနဲ့အာဖဂန်မှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းတော့မယ့်အကြောင်း ကြေညာလိုက်ပြီးတဲ့နောက် ရက်ပိုင်းလောက်အကြာမှာပဲ အီရတ်မှာရှိနေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေဆီကို မမျှော်လင့်ဘဲ အလည်အပတ်ရောက်ရှိလို့ လာခဲ့ပါတယ်။ တိုက်ပွဲတွေဖြစ်ပွားရာဇုန်အတွင်းမှာ တပ်စွဲထားကြတဲ့ တပ်ဖွဲ့ဝင်တွေဆီကို ပထမဆုံးအကြိမ် အလည်အပတ်ခရီးစဉ်အဖြစ် ရောက်လာခဲ့တာ ဖြစ်ပါတယ်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်နေစဉ်။

**အစိုးရယန္တရား ရပ်တန့်နေချိန်လည်းဖြစ်**

ဆီးရီးယားမှာရှိနေတဲ့ တပ်ဖွဲ့ဝင်တွေအားလုံးကို ရုပ်သိမ်းမယ်။ အာဖဂန်မှာချထားတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ ထက်ဝက်လောက်ကို ရုပ်သိမ်းမယ်လို့ ကြေညာလိုက်ခြင်းအားဖြင့် ၎င်းရဲ့ နိုင်ငံရေးမဟာမိတ်အချို့ကို ဒေါသထွက်စေခဲ့ပြီးနောက် တစ်ပတ်လောက်အကြာ အမေရိကန်ပြည်ထောင်စုရဲ့ အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်တန့်ခဲ့တဲ့အချိန်အတောအတွင်းမှာ သမ္မတထရမ့်ရဲ့ တိတ်တဆိတ်ခရီးစဉ် ပေါ်ထွက်လာခဲ့တာပါ။ ဆီးရီးယားရှိ တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းမယ့်ကိစ္စကြောင့်ပဲ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ဟာလည်း ရာထူးကနေ နုတ်ထွက်သွားခဲ့ပြီ ဖြစ်ပါတယ်။

**တပ်ဖွဲ့ဝင်တွေကို အမြဲတမ်းချထားဖို့ ရည်ရွယ်ချက်မရှိ**

အယ်လ်အာဆတ် လေတပ်အခြေစိုက်စခန်းက တပ်ဖွဲ့ဝင်တွေကို မိန့်ခွန်းပြောကြားခဲ့စဉ်မှာ အမေရိကန်က ဆီးရီးယားမှာ ၎င်းလုပ်ဆောင်လိုက်တာတွေနဲ့ပတ်သက်ပြီး ခုခံပြောဆိုခဲ့ပါတယ်။ ဆီးရီးယားမှာ ကျွန်ုပ်တို့လူတွေရဲ့တည်ရှိမှုက အကန့်အသတ်နဲ့ မဟုတ်ဘူး။ ပြီးတော့ တပ်ဖွဲ့ဝင်တွေကို အမြဲတမ်းပုံသေချထားဖို့လည်း မရည်ရွယ်ထားဘူး။ ပြီးခဲ့တဲ့ ရှစ်နှစ်အကြာတုန်းက အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆီးရီးယားမှာ သုံးလလောက်နေခဲ့တယ်။ ဒါပေမယ့် အပြီးထွက်မသွားခဲ့ဘူးလို့ ထရမ့်က ပြောပါတယ်။

**ကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေကို ချထားနိုင်**

လေတပ်အခြေစိုက်စခန်းဆီကို ဇနီးဖြစ်သူ မီလာနီယာနဲ့အတူ လည်ပတ်ခဲ့တဲ့ ထရမ့်က ၎င်းအနေနဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားမှာ နောက်ထပ် ခြောက်လလောက်ဆက်ပြီးထားဖို့ တပ်မတော်အရာရှိတွေရဲ့မေတ္တာရပ်ခံချက်တွေကို လက်မခံခဲ့ဘူးလို့ ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အမေရိကန်ကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေကို ဆီးရီးယားမှာ စီးနင်းတိုက်ခိုက်မှုတွေနဲ့ တခြားမစ်ရှင်တွေ လိုအပ်ရင်လိုအပ်လာသလို လုပ်ဆောင်ဖို့ အီရတ်နယ်စပ်မှာ အခြေစိုက်ထားဖို့ ရှိကောင်းရှိလာနိုင်မယ်လို့ သတင်းထောက်တွေကို ဖြေကြားပါတယ်။

သမ္မတထရမ့်အနေနဲ့ ဆီးရီးယားကနေ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းမယ်လို့ ကြေညာခဲ့ပြီးနောက်မှာ ကွန်မန်ဒိုအဖွဲ့ဝင်တွေကို ချထားဖို့လုပ်လာမယ်ဆိုရင် ဒီလုပ်ရပ်က ပင်တဂွန်စစ်ဌာနချုပ်က အဆိုပြုခဲ့တဲ့ နည်းဗျူဟာတွေထဲကတစ်ခုကို တန်ပြန်သက်ရောက်လာနိုင်ပါတယ်။

**အစဉ်အလာတစ်ခုဖြစ်နေ**

တပ်ဖွဲ့ဝင်တွေကို ပြည်ပမှာ ဖြန့်ကြက်တာဟာ သမ္မတတွေ လုပ်လေ့လုပ်ထရှိတဲ့ ထုံးစံတစ်ခုပါပဲ။ အီရတ်စစ်ပွဲဖြစ်ပွားမှုရဲ့ အစောပိုင်းကာလဖြစ်တဲ့ ၂၀၀၃ ခုနှစ်မှာ သမ္မတ ဂျော့ဒဗလျူဘုရှ်ဟာ တပ်ဖွဲ့ဝင်တွေကို ဘဂ္ဂဒက်မှာ ချထားခဲ့ဖူးပါတယ်။ သမ္မတ အိုဘားမားလက်ထက်မှာဆိုရင်လည်း ၂၀၀၉ ခုနှစ် ဧပြီလမှာ ဘဂ္ဂဒက်ကိုသွားခဲ့ပြီး အီရတ်နိုင်ငံသားတွေဟာ မိမိနိုင်ငံအတွက် တာဝန်ယူရမယ့်အချိန်ကို ရောက်ပြီလို့ တပ်ဖွဲ့ဝင်တွေကို ပြောကြားခဲ့ချိန်မှာ လက်ခုပ်သြဘာပေးမှုတွေကို ခံယူခဲ့ရဖူးပါတယ်။ သမ္မတ အိုဘားမားဟာ ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်းမှာ အာဖဂန်နစ္စတန်ကိုလည်း လေးကြိမ်လောက် အလည်အပတ်ရောက်ခဲ့ပါတယ်။

**လေတပ်စခန်းမှာ တစ်ခဲနက်ကြိုဆိုခဲ့ကြ**

ထရမ့်ဟာ ပြီးခဲ့တဲ့လက ပါရီမြို့ပြင်မှာရှိတဲ့ ပထမကမ္ဘာစစ်အတွင်းက အထိမ်းအမှတ်စစ်သင်္ချိုင်းကို အလည်အပတ်သွားရောက်ဖို့ ပယ်ဖျက်လိုက်ပါတယ်။ မအားလပ်တဲ့ လုပ်ငန်းအစီအစဉ်ဇယားတွေကြောင့် တပ်ဖွဲ့ဝင်တွေဆီကို အလည်အပတ်မသွားဖြစ်ခဲ့ဖူးလို့ ၎င်းက ပြောပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကတော့ အမေရိကန်ဝန်ထမ်းလုပ်သား အမျိုးသမီးတွေနဲ့ အမျိုးသား ၁၀၀ ခန့်ဟာ ခရစ္စမတ်ပွဲတော်အတွက် အလှဆင်ထားတဲ့ အယ်လ်အာဆတ် လေတပ်အခြေစိုက်စခန်းက ညစာစားဖို့ စီစဉ်ထားတဲ့နေရာမှာ တစ်ခဲနက်ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

ပြည်ပမှာရှိနေတဲ့ တပ်ဖွဲ့ဝင်တွေဆီ အလည်အပတ်သွားရောက်ဖို့အတွက် ပထမဆုံးခရီးစဉ်အနေနဲ့ အီရတ်ကို ရွေးချယ်လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီကတပ်ဖွဲ့ဝင်တွေဆီ လာလည်ဖို့ဟာ လွန်ခဲ့တဲ့နှစ်များစွာကတည်းက ကျွန်ုပ် တစ်ချိန်လုံးပြောနေခဲ့တဲ့ အကြောင်းအရာမို့လို့ပဲ။ ကျွန်ုပ် အရပ်သားဘဝကတည်းက ဒီအကြောင်းအရာကို ပြောနေခဲ့တာလို့ ထရမ့်က သတင်းထောက်တွေကို ပြောကြားပါတယ်။

**ကြားဝင်စွက်ဖက်မှုကို အဆုံးသတ်တော့မည်လား**

၂၀၁၆ ခုနှစ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်းမှာ ထရမ့်ဟာ အာဖဂန်နစ္စတန်နဲ့ ဆီးရီးယားက တပ်ဖွဲ့ဝင်တွေကို နေရပ်ပြန်ပို့မယ်ဆိုတဲ့ ကတိနဲ့ လူထုထောက်ခံမှုတွေ ရယူခဲ့ပါတယ်။ ဒါဟာ အီရတ်၊ လစ်ဗျား၊ ဆီးရီးယားနဲ့ အာဖဂန်နစ္စတန်တို့မှာ အမေရိကန်က ဆယ်စုနှစ်နှစ်စုနီးပါးကြာအောင် ကြားဝင်စွက်ဖက်မှုတွေ လုပ်ဆောင်လာတာကို အဆုံးသတ်ဖို့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လိုက်တဲ့ နည်းဗျူဟာအစိတ်အပိုင်းတစ်ခုပါပဲ။ သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ အာဖဂန်မှာ ၁၄၀၀၀ လောက် ကျန်နေပြီး ဆီးရီးယားမှာ ၂၀၀၀ လောက် ကျန်ရှိနေပါသေးတယ်။

**စစ်ရေးအရ အောင်ပွဲခံခဲ့သည့်နေရာတစ်ခု**

အီရတ်ဟာ သမ္မတထရမ့်က တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းဖို့ ကတိပေးခဲ့ခြင်းမရှိတဲ့ ပဋိပက္ခဖြစ်ပွားရာနိုင်ငံတစ်ခုဖြစ်ပြီး ဒီနိုင်ငံဟာ ထရမ့်က စစ်ရေးအရ အောင်ပွဲအကြီးအကျယ်ရခဲ့တဲ့နေရာ၊ မိုလ်ဆူးမြို့မှာရှိတဲ့ အိုင်အက်စ်စစ်သွေးကြွတွေကို နှိမ်နင်းအောင်မြင်ခဲ့တဲ့ နေရာဖြစ်ပါတယ်။ ထရမ့်အနေနဲ့ ၎င်းရဲ့စစ်ဘက်ဆိုင်ရာ အဆင့်မြင့်အာဏာပိုင်အချို့နဲ့ တင်းမာမှုတွေ ပေါက်ဖွားနေတဲ့အချိန်မှာ ဒီခရီးစဉ် ပေါ်လာတာလည်းဖြစ်တယ်။ အိုင်အက်စ်အစွန်းရောက်အဖွဲ့ နှိမ်နင်းရေးမဟာမိတ်အဖွဲ့ရဲ့ အထူးသံတမန် ဘရက်မက်ဂါ့ဟာ ဆီးရီးယားကနေ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းဖို့ သမ္မတထရမ့်ရဲ့ အသစ်ကြေညာလိုက်တဲ့ မူဝါဒကို ကောင်းစွာဆောင်ရွက်နိုင်မှာမဟုတ်ဘူးဆိုပြီး ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။

ဆီးရီးယားနဲ့ အာဖဂန်နစ္စတန်ကနေ တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းမယ့် သမ္မတထရမ့်ရဲ့ ကြေညာချက်ဟာ ရှုပ်ထွေးစရာအခြေအနေတွေ ပေါ်ထွက်လာစေခဲ့ပြီး အိမ်ဖြူတော်အရာရှိတွေအနေနဲ့ကလည်း တပ်ဖွဲ့ဝင်တွေဆုတ်ခွာမယ့် အချိန်ကာလသတ်မှတ်ချက်နဲ့ နိုင်ငံအတွင်းမှာ လူမျိုးရေးဆိုင်ရာ ပြင်းထန်တဲ့ဝါဒတွေ တစ်ကျော့ပြန်ရောက်လာမှာကို ကာကွယ်တားဆီးနိုင်မယ့် နည်းဗျူဟာနဲ့ပတ်သက်ပြီး ရှင်းမပြနိုင်တဲ့အခြေအနေတွေ ကျရောက်နေရတာ အမှန်ပဲ ဖြစ်ပါတယ်။ ။

**“ဆီးရီးယားမှာ ကျွန်ုပ်တို့လူတွေရဲ့ တည်ရှိမှုက အကန့်အသတ်နဲ့ မဟုတ်ဘူး။ ပြီးတော့ တပ်ဖွဲ့ဝင်တွေကို အမြဲတမ်း ပုံသေချထားဖို့လည်း မရည်ရွယ်ထားဘူး။ ပြီးခဲ့တဲ့ ရှစ်နှစ်အကြာတုန်းက အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆီးရီးယားမှာ သုံးလလောက်နေခဲ့တယ်။ ဒါပေမယ့် အပြီးထွက်မသွားခဲ့ဘူးလို့ ထရမ့်က ပြောပါတယ်”**

**ကိုးကား- နယူးယောက်တိုင်းမ်**

# ဒဂုံမြို့သစ် အရှေ့ပိုင်း မီးလောင်မှုဖြစ်ပွားခဲ့သော စိတ်ကျန်းမာရေးဆေးရုံသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ လာရောက်ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ထောင်တလုတ်ရပ်ကွက် မြို့ရှောင်လမ်းရှိ စိတ်ကျန်းမာရေးဆေးရုံသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးကျော်ကျော်မောင်၊ ဒဂုံတောင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးညီညီနှင့်အဖွဲ့ ယမန်နေ့နံနက်က ရောက်ရှိလာပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်ဝင်းနှင့် တွေ့ဆုံကာ ဆေးရုံဝင်းအတွင်း မီးလောင်ခဲ့သည့်နေရာနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဝန်ကြီးချုပ်က ပျက်စီးခဲ့သည့်နေရာများကို အမြန်ပြန်လည် ပြုပြင်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**လှလှထွေး(ပြန်/ဆက်)**



# ရှက်စွယ်တော်မြိုင် ဘိုးဘွားရိပ်သာဖွင့်ပွဲ ကျင်းပ

**မြိုင် ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တောင်ဘို့ကျေးရွာအုပ်စု ကျောက်ဆောက်မကျေးရွာတွင် ရှက်စွယ်တော်မြိုင် ဘိုးဘွားရိပ်သာဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ယင်းရိပ်သာဝင်းအတွင်း ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း၊ ရှက်စွယ်တော်မြိုင် ဘိုးဘွားရိပ်သာ အလှူရှင် ဦးအောင်ဝင်းနှင့် ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဝန်ကြီးချုပ်နှင့် ရိပ်သာအလှူရှင် ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်အေးအေးမာတို့က ကမ္ပည်းမော်ကွန်းတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ ဆက်လက်ကျင်းပရာ ရိပ်သာကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဌေးက ဘိုးဘွားရိပ်သာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှက်စွယ်တော်မြိုင်ရိပ်သာရှိ အဘိုးအဘွားများနေထိုင်သည့်အခန်းများသို့ သွားရောက်ကြည့်ရှုကာ အဘိုး ၁၁ ဦးနှင့် အဘွား ၁၈ ဦးတို့အား အားပေးစကား ပြောကြားခဲ့သည်။

အဆိုပါ ဘိုးဘွားရိပ်သာ၏ အကျယ်အဝန်းမှာ သုံးဧကရှိပြီး အဘိုးများနေထိုင်ရန် အဆောင်တစ်ဆောင်၊ အဘွားများနေထိုင်ရန် အဆောင် နှစ်ဆောင်၊ စားဖိုဆောင် တစ်ဆောင်၊ စားသောက်ဆောင် တစ်ဆောင်၊ ဓမ္မာရုံတစ်ဆောင်၊ ဂိလာနဆောင် တစ်ဆောင်နှင့် ရေစင် တစ်ဆောင် စုစုပေါင်းအဆောင် ရှစ်ဆောင်ရှိကာ သန့်စင်ခန်း ၁၀ ခန်းနှင့် ရေချိုးခန်းလေးခန်းတို့ဖြင့် တည်ဆောက်ထားကာ အဆောက်အအုံနှင့် မြေတို့၏စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၄၀၀ ကုန်ကျကာ ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀၀ တို့ဖြင့် မတည်စိုက်ထူထားကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# တနင်္သာရီတိုင်းဒေသကြီးအတွင်း အငယ်စား၊ အသေးစားနှင့် အလတ်စား ဒေသထွက်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဆွေးနွေး

**မြိတ် ဒီဇင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဒေသတွင်းအငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ စီးပွားရေးနှင့် ဈေးကွက်အမြင်များ ဖလှယ်ယူနိုင်ရေးအတွက် နိုင်ငံတော်အဆင့် အငယ်စား၊ အသေးစားနှင့် အလတ်စား ဒေသထွက်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲများ တက်ရောက်ချီးမြှင့်မည်ဖြစ်ရာ ယမန်နေ့က လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာတွင် ပြုလုပ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြိတ်မြို့နေပြည်သူများက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သည့် ဓလေ့ရှိပြီး မြိတ်ခရိုင်အတွင်း၌ ကုန်ထုတ်လုပ်ငန်းရှင် များပြားခြင်း၊ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ အသေးစား စက်မှုလက်မှု လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်းများကို လုပ်ကိုင်သူ များပြားခြင်းကြောင့် အဆိုပါ ပြပွဲပြိုင်ပွဲသည် မြိတ်မြို့အတွက် များစွာ အထောက်အပံ့ ဖြစ်နိုင်ကြောင်း ပြောကြားသည်။

အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အမြင်နှင့် အသိပညာ မျှဝေခြင်းများအပေါ် အခြေပြု၍ ကုန်ပစ္စည်းပြပွဲပြိုင်ပွဲများအပြင် စီးပွားရေးစကားဝိုင်းများ၊ အသိပညာ မျှဝေခြင်း၊ ဈေးကွက်အမြင်များကို စီးပွားရေး ပညာရှင်များက အဆိုပါပွဲတွင် ဦးဆောင်ဆွေးနွေးကာ ဒေသတွင်း လုပ်ငန်းရှင်များ ရေရှည်ရှင်သန် အောင်မြင်ထိုးဖောက်နိုင်ရေးအတွက် ဆိုင်ခန်းပေါင်း ၂၀၀ ကျော်ဖြင့် မြိတ်မြို့ ကမ်းနားလမ်းရှိ မြိတ်ရှော့ပင်းစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ကော်မတီအလိုက် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ဆွေးနွေးပွဲ တက်ရောက်လာသူများက ညှိနှိုင်းကြသည်။

ဆွေးနွေးပွဲအပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပွဲကျင်းပမည့် မြိတ်မြို့ ကမ်းနားလမ်းရှိ မြိတ်ရှော့ပင်းစင်တာသို့ သွားရောက်ကာ ပြပွဲ ပြိုင်ပွဲအတွက် ဆိုင်ခန်းများ လျာထားမှုအခြေအနေများကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နမ့်ဆန် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့ပေါ်ရပ်ကွက်နှင့် မိုးဂဲလ်ရပ်ကွက်တို့ကို ဆက်သွယ်ထားသော လမ်းပြုပြင်ဆောင်ရွက်သည့်လုပ်ငန်းကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ယမန်နေ့က ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ပြုပြင်ဆောင်ရွက်နေသည့်လမ်းသည် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနက ထောက်ပံ့ငွေနှင့် ရပ်ကွက်အတွင်းရှိ အလှူရှင်များ စုပေါင်း၍ ပျက်စီးနေသည့် လမ်းအရှည်ပေ ၂၀၀ခန့်ကို ကတ္တရာခင်းပြုပြင်ဖာထေးခြင်း ဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်နှင့် မိုးဂဲလ်ရပ်ကွက် အာရမ်းကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းဖြစ်၍ မိုးတွင်းကာလတွင် ပြည်သူများ သွားလာမှုအခက်အခဲဖြစ်နေသည့် အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေနံတူးဖော်နိုင်ရေးအတွက် စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီး

**ပဲခူး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဧည့်ခန်းမသို့ ယမန်နေ့က ရေနံတူးဖော်နိုင်ရေး စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို Pacific Hunt Energy Co., Ltd က လာရောက် ရှင်းလင်းတင်ပြခဲ့သည်ဟု သိရသည်။

ရှေးဦးစွာ Pacific Hunt Energy Co., Ltd , Country Manager, Ms. Tamara Makaryan က မိတ်ဆက် စကားပြောကြားခဲ့ပြီး Government Relations Manager ဦးကျော်ကျော်နိုင်က ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် ဖြူးမြို့နယ်များတွင် ကနဦးရေနံစမ်းသပ်ရှာဖွေခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် CSR (ပြည်သူ့အကျိုးပြုလုပ်ငန်းများ) ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဝင်းသိန်းက မိမိတို့ တိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် Pacific Hunt Energy Co., Ltd တို့ ပူးပေါင်း၍ ရေနံစမ်းသပ်ရှာဖွေခြင်း လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအပေါ် ကြိုဆိုကြောင်း၊ CSR လုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့တိုင်းဒေသကြီးတွင်လည်း ကော်မတီတစ်ရပ်ဖွဲ့စည်းထားပြီးဖြစ်၍ နောက်ပိုင်း CSR လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းစီမံချက် တင်ပြပေးရန်လိုအပ်ကြောင်းနှင့် ဥပဒေနှင့်အညီ ဒေသခံပြည်သူများ နစ်နာမှုမရှိစေရေး ဦးစားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးဒေါက်တာ စောညို၊ဝင်း၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ Pacific Hunt Energy Co., Ltd မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**



# လင်းနို့ဂူသဘာဝပတ်ဝန်းကျင် အသိပညာပေးနှင့် အပန်းဖြေစခန်းဖွင့်

**ကန့်ဘလူ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာ ကားလမ်းမပေါ်ရှိ လင်းနို့ဂူနှင့် သဘာဝပတ်ဝန်းကျင်အသိပညာပေးနှင့် အပန်းဖြေစခန်းဖွင့်ပွဲကို ယမန်နေ့က အဆိုပါအပန်းဖြေစခန်းမုခ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ဟိုတုန်းကတည်းက ဒီအရပ်ဒေသမှာဆင်၊ ရှူးပျံစတဲ့ သားရဲတိရစ္ဆာန်တွေရှိတယ်။ အထူးခြားဆုံးကတော့ လင်းနို့တွေအုပ်စုဖွဲ့နေထိုင်တာတွေ ရှိတဲ့အတွက် အမျိုးသားဥယျာဉ်အဖြစ်သော်လည်းကောင်း၊ ဘူမိရုပထူးခြားနယ်မြေအဖြစ်သော်လည်းကောင်း အမြန်ဆုံးထိန်းသိမ်းဖို့လိုတဲ့အတွက် လုပ်ဆောင်ခဲ့တယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်တွေပါသလို သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ အလှူရှင်တွေလည်းပါပြီး ဝိုင်းဝန်းအကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ပြီး အခုလို ဖွင့်လှစ်နိုင်ခဲ့တာပါ"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။




လင်းနို့ဂူသဘာဝပတ်ဝန်းကျင် အသိပညာပေးနှင့် အပန်းဖြေစခန်းကို တွေ့ရစဉ်

အဆိုပါ လင်းနို့ဂူနှင့် သဘာဝပတ်ဝန်းကျင်အသိပညာပေးနှင့် အပန်းဖြေစခန်းသည် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီးတွင် တည်ရှိပြီး ကန့်ဘလူမြို့နယ်မှ သစ်တောကြိုးဝိုင်းဧရိယာ ၂၆၅၄၀ ဒသမ ၅ ဧကနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိသော မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်မှ သစ်တောကြိုးဝိုင်းဧရိယာ ၂၇၅၉ ဒသမ ၆ ဧက စုစုပေါင်း ဧက ၂၉၃၀၀ ဒသမ ၁ ဧကကို လင်းနို့ဂူသဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားကာ အပန်းဖြေစခန်းအတွင်း ပြည်သူများလာရောက် အပန်းဖြေလှေလာနိုင်ရန် ပန်းခြံများ၊ အပျော်စီးလှေများဖြင့် စီစဉ်ပေးထားသော ရေကန်များ၊ စားသောက်ဆိုင်ခန်းများ၊ ဒေသထွက်အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ သဘာဝတောတောင်များတွင် ရှင်သန်ပေါက်ဖွားလျက်ရှိသော တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝနယ်မြေအတွင်း ရှင်သန် ပေါက်ရောက်လျက်ရှိသော သစ်ပင်ပန်းမန်များကို ပြသထားသော သစ်တောပြခန်း၊ ကျောင်းသား ကျောင်းသူများနှင့် သစ် တောဝန်ထမ်းများကို အသိပညာပေးသင်တန်းများ ပို့ချပေးနိုင်သည့် သင်တန်းခန်းမဆောင်များနှင့် အိပ်ဆောင်များ၊ အပန်းဖြေရိပ်သာများကို စီစဉ်ထားကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

# ရင်းရှည်ကျေးရွာတွင် တောင်သူများ နွေနှမ်းစိုက်ပျိုးနိုင်ရေးနှင့် ဆည်ရေပေးဝေရေး ရှင်းလင်းဆွေးနွေး

**ငဖဲ ဒီဇင်ဘာ ၂၇**

မင်းဘူးခရိုင် ငဖဲမြို့နယ် ရင်းရှည်ကျေးရွာအုပ်စု ရင်းရှည်တမံရှင်းလင်းဆောင်တွင် တောင်သူများ နွေနှမ်းစိုက်ပျိုးနိုင်ရေးနှင့် ဆည်ရေပေးဝေမည့် အခြေအနေ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းအောင်က တောင်သူများ သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် ယခုလက်ရှိ ကုလားပဲစိုက်ပျိုးပြီး နွေနှမ်းစိုက်ပျိုးနိုင်ရေး၊ မြို့နယ်တာဝန်ခံ ဦးမြတ်ဇော်သိန်းက နွေနှမ်းစိုက်ပျိုးရေးအတွက် ရင်းရှည်ဆည်မှ ဆည်ရေပေးဝေရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဒေသခံတောင်သူများက ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့သည်။ ရင်းရှည်ကျေးရွာတွင် ဒေသခံတောင်သူများ၏ နွေနှမ်းစိုက်ပျိုးဧက ၁၅၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။



မယု(ငဖဲ)

# ပွင့်ဖြူမြို့နယ်၌ သနပ်ခါး၊ လျှော်ဖြူ၊ မန်ဂျန်ရှား စိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်း

**ပွင့်ဖြူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ သနပ်ခါး၊ လျှော်ဖြူနှင့် မန်ဂျန်ရှားစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သော ဒေသခံတောင်သူများအနေဖြင့် ပြည်တွင်းကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်ပဈေးကွက်သို့ တန်ဖိုးမြှင့် သနပ်ခါး၊ လျှော်ဖြူနှင့် မန်ဂျန်ရှားများ ယခုထက် ပိုမိုတင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်သော စိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ပွင့်ဖြူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

တန်ဖိုးမြင့် သနပ်ခါး၊ လျှော်ဖြူနှင့် မန်ဂျန်ရှားများ ပြည်တွင်း၊ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ပခုက္ကူခရိုင်စားသုံးသူရေးရာ ဦးစီးဌာနဦးစီးမှူး ဦးသန်းဦးက ပွင့်ဖြူမြို့နယ်အတွင်း သနပ်ခါး၊ လျှော်ဖြူနှင့် မန်ဂျန်ရှားများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ဒေသခံတောင်သူများကို ဈေးကွက်ကောင်းမွန်စွာဖြင့် ပြည်ပနိုင်ငံများသို့ အရည်အသွေးပြည့်မီသော တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့ရောင်းချသွားနိုင်ရန်နှင့် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများတွင်လည်း ကုန်ထုတ်လုပ်မှုကဏ္ဍများ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်း သနပ်ခါး၊ လျှော်ဖြူနှင့် မန်ဂျန်ရှားစိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်း၍ စိုက်ပျိုးထုတ်လုပ်ရောင်းချပါက ပို၍အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် စိုက်ပျိုးတောင်သူ ၁၇ ဦးပါသော အသင်းကိုဖွဲ့စည်းခဲ့သည်ဟုသိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်

**ဖန်းမော် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ဖန်းမော် မြို့နယ် စင့်ကင်ကျေးရွာ ရောရွှေကင်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံကျေးရွာနေပြည်သူများ တက် ရောက်ခဲ့ကြပြီး ကျေးရွာလိုအပ်ချက်များဖြစ်သော ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခက်အခဲများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၀ | ကျပ် | ၉၂၀/၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ | ကျပ် | ၉၃၅/၉၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၅/၇၅၀ | ကျပ် | ၇၈၀/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၂၅ | ကျပ် | ၈၆၀/၈၆၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၅ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၁ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၇ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၅ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၄ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ ・ ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၃၅၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ဝ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ ・ ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၀၅၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ မိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm



● ဝေမိုးဆက်

# လီဗာပူးရဲ့ခြေကိုစမ်းသပ်မယ့် အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ် ၂၀ ကို လာမယ့်ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ဒုတိယအကျော့ရဲ့ ပထမဆုံးပွဲစဉ် ဖြစ်တာကြောင့်လည်း အသင်းတိုင်းအနေနဲ့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီပွဲစဉ်မှာ လီဗာပူးဟာ အာဆင်နယ်နဲ့ရင်ဆိုင်ရမှာ ဖြစ်တာကြောင့် လက်ရှိအသာရထားတဲ့အမှတ်ကို ဆက်ထိန်းနိုင်မလား၊ အဆိုပါအခွင့်အရေးကို မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးတို့ အသုံးချနိုင်မလား စောင့်ကြည့်ရမယ်။

## ဝက်ဖို့ဒ် Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၁-၀ ဝက်ဖို့ဒ်

**ကစားမည့်အချိန်** ည ၉း၃၀ (၂၉-၁၂-၁၈) **Vicarage Road**

ပထမအကျော့အဖြစ် ကာဆယ်ရဲ့အိမ်ကွင်းမှာ ကစားခဲ့တုန်းက ကာဆယ်ကပဲ အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ကာဆယ်က အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့်လည်း တိုက်စစ်အားနည်းမှုတွေကြောင့် နိုင်သင့်နိုင်ထိုက်တဲ့ပွဲတွေမှာတောင် အနိုင်ရဖို့ ရုန်းကန်နေရပါတယ်။ ဒီပွဲကလည်း အဝေးကွင်းဖြစ်နေပါတယ်။ ဝက်ဖို့ဒ်က ခြေမငြိမ်ပေမယ့် အိမ်ကွင်းဖြစ်ပြီး အိမ်ကွင်းမှာခြေပိုကောင်းတတ်တယ်။ ကာဆယ်သရေထက် မပိုနိုင်ဘူး။

## ဘန်လေ Vs ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် - ဝက်စ်ဟမ်း ၄-၂ ဘန်လေ

**ကစားမည့်အချိန်** ည ၈း၄၅ (၃၀-၁၂-၁၈) **Turf Moor**

နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲမှာ ဝက်စ်ဟမ်းတို့ ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမယ့် အဆိုပါပွဲမှာ ဝက်စ်ဟမ်းကစားပုံ မညံ့ခဲ့သလို ဒီပွဲမှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘန်လေက တန်းမဆင်းရဖို့အားစိုက်နေပေမယ့် ခံစစ်ပိုင်း ကစားပုံတည်ငြိမ်မှုမရှိပါဘူး။ ဘန်လေတို့အိမ်ကွင်းမှာအနိုင်ရဖို့ တိုက်စစ်ဖွင့်ကစားလွန်းရင် ဝက်စ်ဟမ်းရဲ့တန်ပြန်တိုက်စစ်ကို ဂိုးပေးရနိုင်ပါတယ်။ ဝက်စ်ဟမ်းကိုပဲ နှစ်သက်တယ်။

## ဘရိုက်တန် Vs အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၃-၁ ဘရိုက်တန်

**ကစားမည့်အချိန်** ည ၉း၃၀ (၂၉-၁၂-၁၈) **The American Express**

စပါးကိုအိမ်ကွင်းမှာ အရေးနိမ့်ခဲ့ရတဲ့ အဲဗာတန်ရဲ့ခြေစွမ်းပိုင်းကအားနည်းမှုတွေများပါတယ်။ အထူးသဖြင့် အခုနောက်ပိုင်းမှာ အဲဗာတန်ရဲ့ခံစစ်ပိုင်းက အမှားများလာတာတွေ့ရပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဘရိုက်တန်က ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ဘရိုက်တန်ကအိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုမိုပြီး ကောင်းမွန်တတ်လို့ အဲဗာတန်အမြင့်ဆုံး သရေလောက်ပဲရမယ်။

## လက်စတာ Vs ကာဒစ်ဖ်

ပထမအကျော့ရလဒ် - ကာဒစ်ဖ် ၀-၁ လက်စတာ

**ကစားမည့်အချိန်** ည ၉း၃၀ (၂၉-၁၂-၁၈) **King Power Stadium**

ပထမအကျော့အဖြစ် ကာဒစ်ဖ်ကွင်းမှာ ကစားခဲ့တုန်းကလည်း လက်စတာပဲ အနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာ လက်စတာရဲ့ခြေစွမ်းကောင်းနေသလို ချယ်လ်ဆီးကိုတောင် အဝေးကွင်းမှာ အနိုင်ရခဲ့တယ်။ ကာဒစ်ဖ်ကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုအားနည်းတတ်ပါတယ်။ အထူးသဖြင့် လက်စတာတိုက်စစ်က အခုအချိန်မှာအားနည်းနေပေမယ့် ကာဒစ်ဖ်ခံစစ်ကလည်း ကျစ်လျစ်မှုမရှိတာကြောင့် လက်စတာပဲ နိုင်ပွဲရမယ်။

## ဖူလ်ဟမ် Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၁-၀ ဖူလ်ဟမ်

**ကစားမည့်အချိန်** ည ၉း၃၀ (၂၉-၁၂-၁၈) **Craven Cottage**

ပထမအကျော့အဖြစ် ဟက်ဒါဖီးလ်အိမ်ကွင်းမှာ ကစားခဲ့တုန်းက ဟက်ဒါဖီးလ်တို့နိုင်ပွဲကပ်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ဟက်ဒါဖီးလ်တို့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာပါ။ ဖူလ်ဟမ်ကလည်း တန်းမဆင်းရဖို့အတွက် အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ပိုင်း အားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း အနိုင်ရလိုစိတ်နဲ့ တိုက်စစ်ဖွင့်ကစားရင် ဟက်ဒါဖီးလ်တန်ပြန်တိုက်စစ်ကို ဂိုးပေးရနိုင်ပါတယ်။ ဧည့်သည်ကို နှစ်သက်တယ်။

## စပါး Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၂-၃ စပါး

**ကစားမည့်အချိန်** ည ၉း၃၀ (၂၉-၁၂-၁၈) **Wembley Stadium**

အဲဗာတန်ကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့တဲ့ပွဲမှာ စပါးခြေစွမ်းပိုင်းက အတော်လေးကောင်းခဲ့ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်လို့ စပါးတို့ ခြေကုန်ထုတ်လာဦးမှာပါ။ အလီပါဝင်ဖို့ မသေချာပေမယ့်လည်း အဲရစ်ဆင်၊ ဆွန်ဟောင်မင်၊ ဟယ်ရီကိန်းတို့ ခြေစွမ်းပြနေတယ်။ ဝုဖ်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေကာ တုံ့ပြန်ကစားအား ထက်မြက်ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းယိမ်းယိုင်တတ်ပါတယ်။ အိမ်ရှင်စပါးတို့ အနိုင်ရနိုင်ပါတယ်။

## လီဗာပူး Vs အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၁-၁ လီဗာပူး

**ကစားမည့်အချိန်** နံနက် ၀၀း၀၀ (၃၀-၁၂-၁၈) **Anfield**

လီဗာပူးအနေနဲ့ ဒီပွဲအပြီး မန်စီးတီးရဲ့ အိမ်ကွင်းမှာ သွားကစားရဦးမှာဖြစ်တဲ့အတွက် ဒီပွဲမှာအနိုင်ရယူထားမှသာ ထိပ်ဆုံးနေရာကို ဆက်ထိန်းနိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးအနေနဲ့ ခြေကုန်ထုတ်အားစိုက်လာမှာပါ။ အာဆင်နယ်ကလည်း ချယ်လ်ဆီးကို ဖိအားပေးနိုင်ဖို့နဲ့ မန်ယူနဲ့အမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့ ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ လိုအပ်နေပါတယ်။ ခြေစွမ်းပိုင်းအရ မကွာပေမယ့် အိမ်ရှင်လီဗာပူးကပ်နိုင်မယ်။

## ပဲလေ့စ် Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၃-၁ ပဲလေ့စ်

**ကစားမည့်အချိန်** ည ၆း၃၀ (၃၀-၁၂-၁၈) **Selhurst Park**

ပဲလေ့စ်က လူပြန်စုံလာတာနဲ့အတူ ခြေစွမ်းပိုင်းထက်မြက်နေပါတယ်။ မန်စီးတီးကိုတောင် အနိုင်ရယူနိုင်ခဲ့တယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာပါ။ အထူးသဖြင့် ပဲလေ့စ်က အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်တာကြောင့် ချယ်လ်ဆီးကို တုံ့ပြန်ကစားနိုင်စွမ်းရှိပါတယ်။ ချယ်လ်ဆီးကတော့ တိုက်စစ်ပိုင်းမှာအဆုံးသတ်သေချာတဲ့ တိုက်စစ်မှူး နည်းပါးနေတယ်။ ချယ်လ်ဆီးနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

## ဆောက်သမ်တန် Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၆-၁ ဆောက်သမ်တန်

**ကစားမည့်အချိန်** ည ၈း၄၅ (၃၀-၁၂-၁၈) **St. Mary's Stadium**

လီဗာပူးက အာဆင်နယ်နဲ့ကြုံတွေ့နေချိန်မှာ မန်စီးတီးတို့ထိပ်ဆုံးနေရာကိုရယူနိုင်ဖို့ နိုင်ပွဲရရှိရေး အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ဆောက်သမ်တန်ခြေကလည်း ထက်မြက်နေသလို မန်စီးတီးခံစစ်ပိုင်းကလည်း အနည်းငယ်အားနည်းလာပါတယ်။ ဒါကြောင့်လည်း မန်စီးတီးတို့မထင်မှတ်ဘဲ အခက်အခဲတွေနိုင်ဖွယ်ရှိတဲ့ပွဲလို့ ယူဆမိပါတယ်။ မန်စီးတီး အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်ခဲလွန်းတဲ့ပွဲ ဖြစ်ပါတယ်။

## မန်ယူ Vs ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၁-၂ မန်ယူ

**ကစားမည့်အချိန်** ည ၁၁း၀၀ (၃၀-၁၂-၁၈) **Old Trafford**

ဆိုးလ်ရှားလက်ထက်မှာ မန်ယူရဲ့စိတ်ပိုင်းဆိုင်ရာက အားကောင်းလာသလို ခြေစွမ်းလည်း တိုးတက်လာတယ်။ ဆိုးလ်ရှားအတွက် ပထမဆုံးအိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့်လည်း အားစိုက်လာမှာဖြစ်သလို အာဆင်နယ်ကလည်းလီဗာပူးနဲ့ ရင်ဆိုင်နေရတဲ့အချိန်ဖြစ်လို့ မန်ယူတို့နိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာ သေချာတယ်။ ဘုန်းမောက်ခြေစွမ်းက မဆိုးပေမယ့်လည်း အဝေးကွင်းမှာ ခြေကျတတ်တယ်။ မန်ယူပဲ အနိုင်ရမယ်။



## ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အူဘာမီယန် | အာဆင်နယ် | ၁၂ |
| ဟယ်ရီကိန်း | စပါး | ၁၁ |
| ဆာလတ် | လီဗာပူး | ၁၁ |
| စတာလင်း | မန်စီးတီး | ၉ |
| အဂူရို | မန်စီးတီး | ၈ |

## ပရီမီယာလိဂ်ပွဲစဉ် (၂၀)

| စနေနေ့ | | | ၂၉-၁၂-၁၈ |
|---|---|---|---|
| ဘရိုက်တန် | - | အဲဗာတန် | ည ၉း၃၀ |
| ဖူလ်ဟမ် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| လက်စတာ | - | ကာဒစ်ဖ် | ည ၉း၃၀ |
| စပါး | - | ဝုဖ် | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ကာဆယ် | ည ၉း၃၀ |
| လီဗာပူး | - | အာဆင်နယ် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၃၀-၁၂-၁၈** |
| ပဲလေ့စ် | - | ချယ်လ်ဆီး | ည ၆း၃၀ |
| ဘန်လေ | - | ဝက်စ်ဟမ်း | ည ၈း၄၅ |
| ဆောက်သမ်တန် | - | မန်စီးတီး | ည ၈း၄၅ |
| မန်ယူ | - | ဘုန်းမောက် | ည ၁၁း၃၀ |

## စီးရီးအေပွဲစဉ်(၁၉)

| စနေနေ့ | | | ၂၉-၁၂-၁၈ |
|---|---|---|---|
| ဂျူဗင်တပ်စ် | - | ဆမ်ဒိုးရီးယား | ည ၆း၀၀ |
| ချီယေဗို | - | ဖရိုစီနုန်နီ | ည ၈း၃၀ |
| အမ်ပိုလီ | - | အင်တာ | ည ၈း၃၀ |
| ဂျီနိုအာ | - | ဖီအိုရင်တီးနား | ည ၈း၃၀ |
| လာဇီယို | - | တိုရီနို | ည ၈း၃၀ |
| ပါးမား | - | ရိုးမား | ည ၈း၃၀ |
| ဆက်ဆူအိုလို | - | အတ္တလန္တာ | ည ၈း၃၀ |
| အူဒီးနိစ် | - | ကက်ဂလီယာရီ | ည ၈း၃၀ |
| နာပိုလီ | - | ဘိုလော့ဂ်နာ | ည ၁၁း၃၀ |
| မီလန် | - | SPAL | နံနက် ၂း၀၀ |

## ပရီမီယာလိဂ်ပွဲစဉ် (၂၁)

| အင်္ဂါနေ့ | | | ၁-၁-၁၉ |
|---|---|---|---|
| အဲဗာတန် | - | လက်စတာ | ည ၇း၀၀ |
| အာဆင်နယ် | - | ဖူလ်ဟမ် | ည ၉း၃၀ |
| ကာဒစ်ဖ် | - | စပါး | နံနက် ၀၀း၀၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၂-၁-၁၉** |
| ဘုန်းမောက် | - | ဝက်ဖို့ဒ် | နံနက် ၂း၁၅ |
| ချယ်လ်ဆီး | - | ဆောက်သမ်တန် | နံနက် ၂း၁၅ |
| ဟက်ဒါဖီးလ် | - | ဘန်လေ | နံနက် ၂း၁၅ |
| ဝက်စ်ဟမ်း | - | ဘရိုက်တန် | နံနက် ၂း၁၅ |
| ဝုဖ် | - | ပဲလေ့စ် | နံနက် ၂း၁၅ |
| ကာဆယ် | - | မန်ယူ | နံနက် ၂း၃၀ |
| **ကြာသပတေးနေ့** | | | **၃-၁-၁၉** |
| မန်စီးတီး | - | လီဗာပူး | နံနက် ၂း၃၀ |

# မန်ယူကံကြမ္မာကိုအပြောင်းအလဲဖြစ်စေနိုင်တဲ့ ခံစစ်မှူးများ

**မန်ယူအသင်းဆိုတာဟာ ကမ္ဘာ့ အင်အားအကြီးဆုံးအသင်းကြီးဆိုတာက သံသယဝင်စရာမလိုအောင် သေချာလွန်းပါတယ်။ ဘယ်အသင်းမှ အမီမလိုက်နိုင်သေးတဲ့ ပရီမီယာလိဂ်ဆုဖလားကို အကြိမ် ၂၀ ရယူထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ အသင်းရဲ့ထွက်ကုန်ကစားသမားတွေကလည်း ကမ္ဘာ့ထိပ်တန်းအဆင့်ရှိကစားသမားတွေဖြစ်သလို ချန်ပီယံလိဂ် သုံးကြိမ် အပါအဝင် ဆုဖလားပေါင်း ၆၆ လုံးရယူထားနိုင်တဲ့ အသင်းလည်း ဖြစ်ပါတယ်။**

ဒီနှစ်ရာသီမှာ မန်ယူအသင်းဟာ ရလဒ်ကောင်းတွေရရှိဖို့ရုန်းကန်နေရတယ်။ ၁၇ ပွဲကစားပြီးချိန်မှာ ပေးဂိုး ၂၉ ဂိုးပေးထားရတာကတော့ မန်ယူအသင်းအတွက် ဆိုးရွားလွန်းတဲ့ခံစစ်ကို ပိုင်ဆိုင်ထားပြီဆိုတာကို သက်သေပြနေသလိုပါပဲ။ အခုဆိုရင်လည်း မန်နေဂျာမော်ရင်ညိုက အသင်းကနေထွက်ခွာသွားပြီး ဆိုးလ်ရှားက ရာသီကုန်အထိ ယာယီမန်နေဂျာအဖြစ် လုပ်ကိုင်နေပြီ။ ဆိုးလ်ရှားလက်အောက်မှာ မန်ယူအသင်းဟာ အဖွင့်လှုပြီး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့ပေမယ့် ပေးဂိုးက တစ်ဂိုးရှိနေသေးတာပါပဲ။ ဒါကြောင့်



ကိုလီဘာလေ



မက်ဂွဲယား



ဂိုဒင်

မန်ယူအသင်းအနေနဲ့ ဂိုးမပေးရတဲ့ပွဲတွေရှိလာပြီး အသင်းအနေနဲ့ ရလဒ်ကောင်းဖို့အတွက်ကတော့ ခံစစ်မှူးကောင်းတွေလိုအပ်နေတယ်လို့ ပြောရမယ်။

ဒါကြောင့် မန်ယူအသင်းအတွက် ကံကြမ္မာကောင်းတွေ သယ်ဆောင်ပေးလာနိုင်ဖို့ရှိတဲ့ ခံစစ်ကစားသမားတွေကလည်း လက်ရှိဈေးကွက်ထဲမှာသိပ်မများဘူးလို့ ပြောရမှာပါ။ အဲဒီထဲမှာမှ ဇန်နဝါရီဈေးကွက်မှာ မန်ယူအသင်းကခေါ်ယူဖို့ အလားအလာရှိနေပြီး ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် အသင်းရဲ့ခံစစ်အင်အားအတွက်အကောင်းဆုံးဖြစ်ပေါ်လာနိုင်တဲ့ ကစားသမား သုံးဦးကို ဖော်ပြလိုက်ပါတယ်။

## မက်ဂွဲယား

လက်စတာအသင်းဇဟိုခံစစ်မှူး မက်ဂွဲယားဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးခံစစ်မှူးတစ်ဦးလို့သတ်မှတ်ရမယ်သူ ဖြစ်ပါတယ်။သူ့ရဲ့ ပြောင်မြောက်တဲ့ခြေစွမ်းနဲ့ လက်စတာရဲ့ ခေါင်းဆောင်တစ်ဦးလိုဖြစ်လာခဲ့သူလည်း ဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ သူ့လိုအရှိန်အဝါရှိတဲ့ ခံစစ်မှူးတစ်ဦး လိုအပ်နေတာကတော့ အမှန်ပါပဲ။ သူဟာ ခံစစ်ပိုင်းကို ကောင်းကောင်းထိန်းနိုင်သလို ဂိုးသွင်းယူနိုင်တဲ့အရည်အချင်းလည်း ရှိပါတယ်။ ဒါဟာ မန်ယူအသင်းရဲ့ လိုအပ်နေတဲ့ ကွက်လပ်နဲ့တော့ ကိုက်ညီမှုရှိတယ်လို့ ပြောရမှာပါ။ သူဟာ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်ကတည်းက မန်ယူအသင်းကနေခေါ်ယူဖို့ အပြင်းအထန်ကမ်းလှမ်းမှုခံနေရတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ခဲ့ပါတယ်။ စံချိန်တင်ပြောင်းရွှေ့ကြေးတွေနဲ့ခေါ်ယူနိုင်ဖို့ ရှိနေခဲ့ပေမယ့် သူကလက်စတာအသင်းမှာ ဆက်လက်ရှိနေခဲ့ပါတယ်။ ဒါကြောင့် လာမယ့်ဇန်နဝါရီဈေးကွက်မှာတော့ မန်ယူအသင်းဟာ သူ့ကိုသာခေါ်ယူနိုင်မယ် ဆိုရင်တော့ အသင်းအတွက် ကောင်းကျိုးများဖို့သာရှိနေတယ်လို့ ဆိုရမှာပါ။

## ကိုလီဘာလေ

နာပိုလီအသင်းရဲ့ခံစစ်ပိုင်းမှာ မြင့်မားတဲ့ အရပ်အမောင်းနဲ့ ခြေစွမ်းပြကစားနေတာက ကိုလီဘာလေ ဖြစ်ပါတယ်။ အရပ် ၆ ပေ ၄ လက်မရှိတဲ့ ကိုလီဘာလေဟာ ပြီးခဲ့တဲ့နှစ်ပိုင်းတွေကတည်းက နာပိုလီအသင်းမှာ ခြေစွမ်းပြကစားနေခဲ့သူဖြစ်ပါတယ်။ ကမ္ဘာကျော်ဘောလုံးရေးရာ သုံးသပ်သူတွေကလည်း ကိုလီဘာလေဟာ မကြာခင် ကမ္ဘာ့အကောင်းဆုံးခံစစ်မှူးတစ်ဦး ဖြစ်လာနိုင်တယ်လို့ထင်ကြေးပေးထားကြပါတယ်။

သူ့ရဲ့မြင့်မားတဲ့ အရပ်အမောင်းဟာ အန္တရာယ်ရှိတဲ့ အမြင့်ဘောတွေကိုတော့ ကောင်းကောင်း ဖျက်ထုတ်နိုင်စွမ်းရှိတယ်လို့ ပြောရမှာပါ။ သူဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ ကမ္ဘာကျော်ခံစစ်မှူး ရာမို့စ်လိုဖြစ်လာဖို့ရှိတယ်လို့လည်း ပြောဆိုမှုတွေကိုလည်း ကြားနေရပါတယ်။ မန်ယူအသင်းအနေနဲ့ ပြီးခဲ့တဲ့လပိုင်းက ကိုလီဘာလေကို ပေါင်သန်း ၉၀ နဲ့ခေါ်ယူခဲ့တာဟာ ငြင်းပယ်ခံခဲ့ရတယ်လို့တော့သတင်းတွေ ထွက်ခဲ့ပါတယ်။ ဒါကြောင့် လာမယ့်ဇန်နဝါရီဈေးကွက်မှာသာ မန်ယူအသင်းအနေနဲ့ ကမ္ဘာ့စံချိန်တင်ခံစစ်မှူး ပြောင်းရွှေ့ကြေးနဲ့သာ ကိုလီဘာလေကို ခေါ်ယူနိုင်ခဲ့မယ် ဆိုရင်တော့ မန်ယူအသင်းရဲ့ခံစစ်ပိုင်းက အားရစရာ ဖြစ်လာခဲ့ပါတယ်။

## ဂိုဒင်

အက်သလက်တီကို ခံစစ်မှူးဂိုးဒင်ဟာ ပြီးခဲ့တဲ့ နှစ်ပိုင်းတွေကတည်းက ကမ္ဘာ့အဆင့် ခံစစ်မှူးတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ သူ့ကြောင့်လည်း အက်သလက်တီကိုအသင်းဟာ ကမ္ဘာ့ထိပ်တန်းအသင်းတွေထဲမှာတော့ ခံစစ်အား အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ၂၀၁၀ ပြည့်နှစ်က ဗီလာရီးရဲအသင်းကနေ အက်သလက်တီကိုအသင်းကို ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဂိုဒင်ရဲ့ အသက်ဟာ ၃၂ နှစ်ရှိပြီဖြစ်ပေမယ့် ထိပ်တန်းအရည်အသွေးတွေနဲ့ ကမ္ဘာ့အကောင်းဆုံး အသင်းတွေမှာ ကောင်းကောင်းကစားနိုင်စွမ်းရှိနေပါသေးတယ်။ သူဟာကစားသမားဘဝနေဝင်ချိန်နီးလာပေမယ့် မန်ယူအသင်းအတွက်တော့ အနည်းဆုံး နှစ် နှစ်၊ သုံးနှစ်တော့ ကောင်းကောင်းကစားခိုင်းလို့ ရနိုင်သေးတဲ့အခြေအနေမှာရှိနေပါတယ်။ သူ့ရဲ့ ကောင်းမွန်တဲ့အတွေ့အကြုံနဲ့ ခြေစွမ်းတွေဟာ မန်ယူအသင်းကိုသာ ရောက်လာခဲ့မယ်ဆိုရင်တော့ အသင်းရဲ့ကံကြမ္မာတစ်မျိုးတစ်ဖုံ ပြောင်းလဲဖို့ ရှိလာနိုင်ပါတယ်။ ။ ● **အောင်က**

**ဆိုးလ်ရှားလက်အောက်မှာ မန်ယူအသင်းဟာ အဖွင့်လှုပြီး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့ပေမယ့် ပေးဂိုးက တစ်ဂိုးရှိနေသေးတာပါပဲ။ ဒါကြောင့် မန်ယူအသင်းအနေနဲ့ ဂိုးမပေးရတဲ့ပွဲတွေရှိလာပြီး အသင်းအနေနဲ့ ရလဒ်ကောင်းဖို့အတွက်ကတော့ ခံစစ်မှူးကောင်းတွေလိုအပ်နေတယ်လို့ ပြောရမယ်။**

# ယူအီးအက်ဖ်အေမှ ချမှတ်ထားသည့် ပြစ်ဒဏ်အတွက် အားကစားဖျန်ဖြေရေးတရားရုံးသို့ အေစီမီလန်အသင်း အယူခံတင်သွင်းမည်

ဘဏ္ဍာရေးထိန်းညှိမှုစည်းမျဉ်း ချိုးဖောက်မှုကြောင့် အေစီမီလန်အသင်းအပေါ် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)မှ ချမှတ်ထားသည့် ပြစ်ဒဏ်များအတွက် အားကစားဖျန်ဖြေရေးတရားရုံးသို့ အယူခံတင်သွင်းသွားမည်ဖြစ်ကြောင်း အေစီမီလန်အသင်းက သတင်းထုတ်ပြန်ကြေညာခဲ့သည်။ ယူအီးအက်ဖ်အေအဖွဲ့က အေစီမီလန်အသင်းအား ၂၀၂၁ ခုနှစ် ဇွန် ၃၀ ရက်နောက်ဆုံးထား၍ အသင်း၏ ဘဏ္ဍာရေးအခြေအနေ အရှုံးပေါ်မှု မရှိစေရေး လုပ်ဆောင်ရန် ညွှန်ကြားထားပြီး လိုက်နာမှုမရှိပါက ၂၀၂၂-၂၃ သို့မဟုတ် ၂၀၂၃-၂၄ ခုနှစ် ဘောလုံးရာသီများတွင် အေစီမီလန်အသင်း ဥရောပပြိုင်ပွဲ ဝင်ခွင့်ရရှိပါက ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခြင်းခံရမည်ဟု ပြစ်ဒဏ်ချမှတ်ထားသည်။ ထို့အပြင် လာမည့်ဘောလုံးရာသီနှစ်ရာသီအတွင်း အေစီမီလန်အသင်းအနေဖြင့် ဥရောပပြိုင်ပွဲများအတွက် ကစားသမားစာရင်းတင်သွင်းရာတွင်လည်း ပုံမှန်ခွင့်ပြုနေကျဖြစ်သည့် ၂၅ ဦးတင်သွင်းခြင်းမပြုဘဲ ၂၁ ဦးသာ တင်သွင်းရန်လည်း ပြစ်ဒဏ်ချမှတ်ထားသည်။

ယူအီးအက်ဖ်အေက ယခုနှစ် ဘောလုံးရာသီ၏ ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သော အေစီမီလန်အသင်းအား အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း အားကစားဖျန်ဖြေရေးတရားရုံးက အဆိုပါ ပြစ်ဒဏ်ကို ပယ်ဖျက်ပေးခဲ့ခြင်းကြောင့် အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၏ ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ သို့သော်လည်း အေစီမီလန်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ အေစီမီလန်အသင်းက သတင်းထုတ်ပြန်ရာတွင် “ယူအီးအက်ဖ်အေက ချမှတ်ခဲ့တဲ့ ပြစ်ဒဏ်တွေအတွက် စိတ်ပျက်ရပါတယ်။ ဒီပြစ်ဒဏ်တွေနဲ့ ပတ်သက်ပြီး အားကစားဖျန်ဖြေရေးတရားရုံးကို အယူခံတင်သွင်းသွားမှာဖြစ်တယ်ဆိုတာကို ကြေညာပါတယ်”ဟု ဖော်ပြခဲ့သည်။ ယခုနှစ် စီးရီးအေပြိုင်ပွဲ ပွဲစဉ် ၁၇ ကစားပြီးချိန်တွင် အေစီမီလန်အသင်းသည် ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၅ နေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည်။ **ထက်အောင်**

# ပီအက်စ်ဂျီနှင့် နေမာတို့ သဘောတူညီထားသည့် ပြောင်းရွှေ့ကြေးသတ်မှတ်မှုပမာဏ ထွက်ပေါ်လာ




ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနှင့် တိုက်စစ်မှူး နေမာတို့ ချုပ်ဆိုထားသည့် စာချုပ်တွင် တိုက်စစ်မှူး နေမာကို ၂၀၂၀ ပြည့်နှစ်အတွင်း ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၆၀ ဖြင့် အခြားအသင်းများက ခေါ်ယူခွင့်ရှိသည်ဆိုသည့်အချက်ကို ထည့်သွင်းချုပ်ဆိုထားကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ပီအက်စ်ဂျီအသင်းသည် ဘရာဇီး တိုက်စစ်မှူး နေမာ (၂၆နှစ်) ကို ၂၀၁၇ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို ၂၂၂ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ရာ စာချုပ်ပါ အချက်အရ ပြန်လည်ရောင်းချရမည်ဆိုပါက ပီအက်စ်ဂျီအသင်းအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရမည်ဖြစ်သည်။

တိုက်စစ်မှူး နေမာအား ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သတင်းများ ထွက်ပေါ်နေပြီး ပီအက်စ်ဂျီအသင်းနှင့် နေမာတို့ ချုပ်ဆိုထားသည့် စာချုပ်ပါ ပြောင်းရွှေ့ကြေး သတ်မှတ်မှုသည် ဥရောပထိပ်တန်းကလပ်အသင်းကြီးများအတွက် လက်သင့်ခံနိုင်သည့် ပြောင်းရွှေ့ကြေးပမာဏဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ အာသာမီလိုက ဘာစီလိုနာအသင်းတွင် မိမိနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ တိုက်စစ်မှူး နေမာနှင့် လက်တွဲကစားရန် ဆန္ဒရှိကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ ကွင်းလယ်ကစားသမား အာသာမီလိုသည် ပြီးခဲ့သည့် နွေရာသီအတွင်းတွင် ဘရာဇီးကလပ် ဂရီမီယိုအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၁ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ကာ ခြောက်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

**တိုက်စစ်မှူး နေမာအား ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သတင်းများ ထွက်ပေါ်နေပြီး ပီအက်စ်ဂျီအသင်းနှင့် နေမာတို့ ချုပ်ဆိုထားသည့် စာချုပ်ပါ ပြောင်းရွှေ့ကြေး သတ်မှတ်မှုသည် ဥရောပထိပ်တန်းကလပ်အသင်းကြီးများအတွက် လက်သင့်ခံနိုင်သည့် ပြောင်းရွှေ့ကြေးပမာဏဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထား**

အာသာမီလိုက “ဘာစီလိုနာ အသင်းဆီကို နေမာပြန်လာဖို့ ကျွန်တော် ဆုတောင်းနေမိပါတယ်။ ဘာကြောင့်လဲဆိုတော့ နေမာက ထိပ်တန်းကစားသမားတစ်ဦးဖြစ်လို့ပါ။ ဒါက အငြင်းပွားစရာမလိုတဲ့ အချက်ဖြစ်ပါတယ်”ဟု ပြောဆိုခဲ့သည်။ ကွင်းလယ်ကစားသမား အာသာမီလို (၂၂နှစ်) နှင့် နေမာတို့သည် ကလပ်အသင်းတွင် လက်တွဲကစားခဲ့ဖူးခြင်း မရှိသော်လည်း ဘရာဇီးလက်ရွေးစင်အသင်းတွင်မူ တွဲဖက်ကစားခဲ့ဖူးသူများ ဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဘာစီလိုနာ အသင်းတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၁၈၆ ပွဲ ပါဝင်ကစားခဲ့ကာ ၁၀၅ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်ပြီး စပိန်လာလီဂါချန်ပီယံဆုဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ်အပါအဝင် ဆုဖလား ရှစ်လုံးရယူနိုင်ခဲ့သူဖြစ်သည်။ **ထက်အောင်**

# ရော်နယ်ဒို ခေတ်လွန် ရီးရဲမက်ဒရစ်အသင်းကို အတုယူရန် ဘာစီလိုနာအသင်းအား ဂျော်ဒီခရိုက်ဖ် သတိပေး



ရီးရဲမက်ဒရစ်အသင်းအနေဖြင့် အသင်း၏ အဓိက ကစားသမားဖြစ်သူ ခရစ္စတီယာနိုရော်နယ်ဒိုအား ရောင်းချခဲ့ပြီးနောက် ကြုံတွေ့သည့်ဖြစ်ရပ်များကို သင်ခန်းစာယူသင့်ကြောင်း ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားဟောင်း တစ်ဦးဖြစ်သူ ဂျော်ဒီခရိုက်ဖ်က သတိပေးပြောဆိုလိုက်သည်။

အသက် ၄၄ နှစ်အရွယ်ရှိ ဟော်လန်ကစားသမားဟောင်း ဂျော်ဒီခရိုက်ဖ်သည် ၁၉၉၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့သူ ဖြစ်သည်။ ဂျော်ဒီခရိုက်ဖ်၏ ဖခင် ဖြစ်သူ နာမည်ကျော် ဟော်လန်ကစားသမားဟောင်း ဂျိုဟန်ခရိုက်ဖ်သည်လည်း ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ဖူးကာ ၁၉၈၈ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလတွင် ပေါ်တူဂီကစားသမား ရော်နယ်ဒိုအား ဂျူဗင်တပ်စ်အသင်းထံသို့ အံ့အားသင့်ဖွယ် ရောင်းချခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အခက်အခဲများနှင့် ကြုံတွေ့နေရ ကာ စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ် ၁၇ ကစားပြီးချိန်တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ဘာစီလိုနာ အသင်းထက်ရမှတ် ရှစ်မှတ်လျော့နည်းကာ အဆင့် ၄ နေရာတွင်သာ ရပ်တည်နေရသည်။ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ပွဲကျန် တစ်ပွဲကစားရန် ကျန်ရှိနေသေးသည်။

ဂျော်ဒီခရိုက်ဖ်က “ရော်နယ်ဒိုကို ရောင်းချပြီးတဲ့နောက် ရီးရဲမက်ဒရစ်အသင်း ကြုံတွေ့နေရတဲ့ အခြေအနေတွေက ဘာစီလိုနာအသင်းကို သတိပေးနေတာပါပဲ။ လက်ရှိ ရီးရဲအသင်း ကစားသမားတွေဟာ ထိပ်တန်းကစားသမားတွေပါ။ ဒါပေမယ့် ကိုယ့်အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်နေချိန်မှာ နိုင်ပွဲရယူနိုင်လိမ့်မယ်လို့ ယုံကြည်မှုရှိတဲ့ ကစားသမားမျိုး ရှိနေဖို့ လိုအပ်ပါတယ်။ ဘာစီလိုနာအသင်းမှာတော့ လက်ရှိအချိန်မှာ မက်ဆီရှိနေတယ်။ ရီးရဲအသင်းမှာ ရော်နယ်ဒို ရှိနေစဉ်တုန်းက ရော်နယ်ဒိုဟာ ထီးတစ်ချောင်း ကိုင်ထားသူနဲ့ တူတယ်။ ရော်နယ်ဒို ထီးမိုးပေးထားလို့ အခြားသူတွေ မိုးစိုခြင်း မရှိဘူးပေါ့။ အခုတော့ ရီးရဲအသင်းမှာ ထီးမိုးပေးမယ့်သူ ပျောက်ဆုံးနေပါတယ်”ဟု ပြောဆိုခဲ့သည်။ ဘာစီလိုနာအသင်းသည် အသင်း၏ အဓိက ကစားသမားဖြစ်သူ အာဂျင်တီးနားတိုက်စစ်ကစားသမား မက်ဆီ နှင့် ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆို ထားသူဖြစ်သည်။ မက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ပွဲ ၂၀ ပါဝင်ကစားပြီးချိန်တွင် ၂၁ ဂိုးအထိ သွင်းယူပေးထားသူ ဖြစ်သည်။ **ထက်အောင်**

## လောင်းလုံးမြို့နယ်၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

**လောင်းလုံး ဒီဇင်ဘာ ၂၇**
တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိုးဝါက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် အထက(လောင်းလုံး)နှင့် အလက(ခွဲ)(ညင်းမော်)ကျောင်းမှ အထက်တန်း ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် အလယ်တန်းအဆင့် ၂၄ ဦးတို့က လွတ်လပ်ရေးနှင့် သမိုင်းပေးတာဝန် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှိုင်းဘွဲ၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး ဆွေးနွေး

**လှိုင်းဘွဲ ဒီဇင်ဘာ ၂၇**
(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုက အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးနိုင်ရေး၊ အခမ်းအနားပြင်ဆင်ဆောင်ရွက် ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းမည့်အခြေအနေများကို ဆွေးနွေး ခဲ့ကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးတင်ပြ ခဲ့သည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**ခရမ်း ဒီဇင်ဘာ ၂၇**
(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗြဟ္မစိုရ်ခန်းမ၌ သားကောင်းမိခင်နှင့် ကလေး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချောကြည်ပြာဦးက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ခရမ်းမြို့ပေါ်ရပ်ကွက်များမှ မိခင်များနှင့် ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရ ရှိသည့် မိခင်များနှင့် သားငယ်သမီးငယ်များအား ဆုများနှင့် ပြိုင်ပွဲဝင် ကလေး ငယ်တိုင်းကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ **ကိုမင်း (ခရမ်း)**

## မော်လိုက်မြို့၌ ၁၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကျင်းပ

**မော်လိုက် ဒီဇင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ်အနေဖြင့် Pacific Hunt Energy ကုမ္ပဏီနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အခြေခံပညာမူလတန်းကျောင်းပေါင်းစုံ အသက် ၁၁ နှစ်အောက် အမျိုး သားဖူဆယ်ဘောလုံးပြိုင်ပွဲကို မော်လိုက်မြို့ ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၂၇ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် မော်လိုက်မြို့ပေါ်ရှိ မူလတန်းကျောင်း ခုနစ်ကျောင်းမှ အသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမပွဲစဉ်အဖြစ် အမက(၃)ကျောင်းနှင့် အလက(ခွဲ)တပ်နယ် ကျောင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကာ အမက(၃)ကျောင်းက အနိုင်ရခဲ့သည်။ ဘောလုံးပြိုင်ပွဲသို့ Pacific Hunt Energy ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲကို တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

## မြင်းခြံမြို့၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၂၇**
မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၇၁)နှစ် မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြင်းခြံမြို့ရှိ အခြေခံပညာအထက်တန်း ကျောင်း လေးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျောင်းသားကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး မြင့်တင်ရေး၊ စာဖတ်ရှိန် မြင့်မားရေးတို့အတွက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီ စာကုံးပြိုင်ပွဲကို ပညာရေးဌာန၊ Book Club အသင်းတို့နှင့်ပူးပေါင်း၍ ကျင်းပပေး ခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရသူများအား ဇန်နဝါရီ ၃ ရက်တွင် ဆုများချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်နှစ်ခြင်းခရစ်ယာန်အသင်းတော် နှစ်(၅၀) ပြည့် ရွှေရတုသဘင်နှင့် ဗိမာန်တော်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပစဉ်။**
(အဆိုပါ ရွှေရတုသဘင်နှင့် ဗိမာန်တော်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် သိက္ခာတော်ရဆရာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဗိမာန်တော်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၂ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။) **လဘန်အောင်(ကချင်မြေ)**

## မိတ္ထီလာကန် ရေဝပ်ဧရိယာများတွင် ဆောင်းခိုငှက်များ လာရောက်ကျက်စား

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**
မိတ္ထီလာကန်၏ ရေဝပ်ဧရိယာများထဲ တွင် နှစ်စဉ် ဆောင်းရာသီရောက်တိုင်း လာရောက်လေ့ရှိသည့် ခရုစုပ်ငှက် (Asian openbill stork)များ အပါအဝင် အခြားဆောင်းခိုငှက်များ လာရောက်ကျက်စားလျက်ရှိကြောင်း ဒေသခံငှက်ကြည့် ဝါသနာရှင် ကိုလှမျိုး အောင်ထံမှ သိရသည်။

"မိတ္ထီလာကန်ရဲ့ရေဝပ်ဧရိယာထဲမှာ နှစ်စဉ်ဆောင်းရာသီရောက်တိုင်း ခရုစုပ် ငှက်များ အပါအဝင် တခြားဆောင်းခို ငှက် အများအပြား လာရောက်ကျက်စား လေ့ရှိပြီး ဒီနှစ်လည်း ကန်ထဲမှာ နေ့စဉ် တွေ့မြင်နိုင်ပါတယ်။ ဆောင်းရာသီ ရောက်လို့ ကန်ရေခန်းခြောက်စပြုတဲ့ မိတ္ထီလာမြောက်ကန် ရေဝပ်ဧရိယာတွေ ထဲက ကိုင်းပင်တောစပ်နားနဲ့ ကန်ရေ စပ်အနီးပတ်ဝန်းကျင်တွေမှာ ခရုစုပ်ငှက်၊ ကြိုးကြာနက်၊ ဟင်္သာစတဲ့ ဆောင်းခို တွေကို တွေ့မြင်နိုင်ပါတယ်။ ကျွန်တော် က ငှက်တွေရဲ့ နေထိုင်မှုသဘာဝကို လေ့လာကြည့်ရှုရတာကို ဝါသနာပါလို့ မိတ္ထီလာကန်ပတ်ဝန်းကျင်မှာ နှစ်စဉ် ဆောင်းရာသီတိုင်း လာရောက်တတ်တဲ့ ငှက်တွေကို မကြာခဏကြည့်တတ်တာမို့ သူတို့တွေ ဘယ်နေရာမှာ ရောက်နေ တတ်တယ်ဆိုတာ သိတယ်။ မနှစ်က အုတ်နဲ့ဘုတ်နဲ့ ငွေနှင်ကုန်းကျေးရွာတွေ ဘက်မှာ ဆောင်းခိုငှက်တွေ ရောက်ရှိ ကျက်စားပေမယ့် ဒီနှစ်ဆောင်းမှာ ကုလားမကျွန်း အရှေ့ဘက်နဲ့ အင်းပက် လက်ကျေးရွာ တောင်ဘက်မှာရှိတဲ့ မိတ္ထီလာကန် ရေဝပ်ဧရိယာတွေမှာ ရောက်ရှိကျက်စားကြတယ်"ဟု ကိုလှ မျိုးအောင်က ပြောသည်။

ဒေသအခေါ် ခရုစုပ်ငှက်များ၏ မျိုးရင်း အမည်မှာ Asian openbill stork ဖြစ်ပြီး ထိုင်း၊ ပါကစ္စတန်၊ သီရိလင်္ကာ အလယ်ပိုင်း၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ တို့တွင် အများဆုံး ကျက်စားနေထိုင်ကာ ခရုစုပ်ငှက်ငယ်များက ခရုကောင်၊ ကမာ ကောင်များနှင့် အင်းဆက်အကောင် ငယ်များကို စားသောက်ပြီး အရွယ် ရောက်ပြီး ခရုစုပ်ငှက်ကြီးက ဖား၊ ရေ မြွေနှင့် အင်းဆက်အကောင်ကြီးများကို ဖမ်းဆီးစားသောက်လေ့ရှိကြောင်း သိရ သည်။ **ချမ်းသာ (မိတ္ထီလာ)**



## စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ပညာပေးသင်တန်းပို့ချ

**ကော့သောင်း ဒီဇင်ဘာ ၂၇**
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ဗဟိုစာရင်းအင်း အဖွဲ့ကကြီးမှူး၍ ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီ ခန်းမ၌ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး အသိ ပညာပေးသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန တနင်္သာရီတိုင်း ဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ခံ ဒေါ်စုစုလွင်နှင့် တာဝန်ရှိသူများ၊ ကော့ သောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ပြီး တာဝန်ခံက အမှာစကားပြောကြား၍ သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

၂၀၁၈ ဇန်နဝါရီ ၂၂ ရက်က ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းခဲ့သည့် စာရင်းအင်းဥပဒေပါ အကြောင်းအရာများနှင့် တိကျမှန်ကန်၍ အရည်အသွေး ပြည့်ဝပြီး ယုံကြည်စိတ်ချရသောစာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုး နိုင်ရေး၊ နိုင်ငံတော်၏မူဝါဒနှင့် စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများ ကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ရာတွင် လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံး ပြုရာတွင် လည်းကောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ စာရင်းအင်းနှင့် သက်ဆိုင်သောဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ကာ ထိရောက်မြန်ဆန်လွယ်ကူချောမွေ့စေရန်နှင့် အရည် အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများ ရရှိအသုံးပြုခြင်းဖြင့် အစိုးရ၊ ပြည်သူနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြှင့်စေရန်လည်း ကောင်း ရည်ရွယ်ကာ ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ စာရေးဝန်ထမ်းများအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်း ဖြစ် ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း )**

## ပျဉ်းမနားမြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းပြင်ပကျေးရွာများတွင် အိမ်သုံးဆိုလာပြားများတပ်ဆင်ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၇**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းပြင်ပ ၁၀ မိုင်နှင့်အထက် တောင် ပေါ်ကျေးရွာများအား အမျိုးသားလျှပ်စစ်ဓာတ်အား ပေးရေး(NEP)စီမံကိန်းအရ ICP-2 ဆိုလာများဖြင့် မီးအလင်းရောင်ရရှိရေးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် စီမံကိန်းတွင်ပါဝင်သည့် ကျေးရွာအားလုံး၌ အိမ်သုံးဆိုလာပြားများ တပ်ဆင်ပြီး စီးကြောင်း သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းအရ ICP-2 ဆိုလာများဖြင့် မီးအလင်းရောင်ရရှိရေးကို ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာဖြစ်သည့် တောင်မြင့်(ရွာမ)၊ အလယ်ချောင်း၊ အလယ်ချောင်း (အထက်)၊ အလယ်ချောင်း(ကင်းလိုက်)၊ အလယ်ချောင်း (ဖုန်းဆိုး)၊ အလယ်ချောင်း(အောက်)၊ တောင်မြင့် (အရှေ့)၊ တောင်မြင့်(ရွာသစ်)၊ တောင်မြင့်(ရွာမ)၊ တောင်မြင့်(ရေပူ)၊ ဘောဂထ(အထက်)၊ ဘောဂထ (အလယ်)၊ ဘောဂထ(အောက်)စသည့် ကျေးရွာများ၌ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တောင်ပေါ်ကျေးရွာ များသည် မြို့ပြနှင့်အလှမ်းဝေးခြင်း၊ သွားလာမှုခက်ခဲ ခြင်း၊ မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်နှင့်အထက် ကွာ ဝေးသည့်အတွက် လျှပ်စစ်မီးလိုင်းများတပ်ဆင်ရန် ခက်ခဲခြင်း၊ သယ်ယူပို့ဆောင်မှုအခက်အခဲများရှိခြင်း၊ တစ်ရွာနှင့်တစ်ရွာ အလှမ်းဝေးခြင်းတို့ကြောင့် ယခုလို ဆိုလာပြားများဖြင့် မီးအလင်းရောင်ရရှိရေးကို ဆောင် ရွက်ပေးရခြင်းဖြစ်ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးက ပြောသည်။

ယခုလို အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေးစီမံ ကိန်းအရ အိမ်သုံးဆိုလာများဖြင့် မီးအလင်းရောင်ရရှိ ရေး ဆောင်ရွက်ပေးသောကြောင့် တောင်ပေါ်ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၄၉၆ လုံးအပြင် အခြေခံပညာမူလ တန်းကျောင်း ၁၃ ကျောင်းနှင့် ဘာသာရေးအဆောက် အအုံ ၁၃ ခုတို့တွင် လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန (၂၀၁၈-၂၀၁၉)မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးကူညီပေးခဲ့သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေအား ၂၀-၁၂-၂၀၁၈ရက်တွင် ထိုင်းဘုရင်သမီးတော် မဟာချက်ကရီသီရိဒ္ဓုံ လူမှုရေးနှင့်ပတ်ဝန်းကျင်ရေးရာ ဖွံ့ဖြိုးမှု ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့အား ထပ်မံချီးမြှင့်ကြောင်း သိရှိရပါသဖြင့် လိုက်လှဲစွာအထူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

ဒေါ်ခိုင်ဝါ (ပါမောက္ခ)နှင့်
ဆရာ/ဆရာမများ(ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန)ရန်ကုန်

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက် (တနင်္လာနေ့) "နိုင်ငံတကာ နှစ်သစ်ကူးအကြိုနေ့" နှင့် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၁ ရက် (အင်္ဂါနေ့) "နိုင်ငံတကာနှစ်သစ်ကူးနေ့" များသည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မာန်ဟဲအုပ်စု၊ ပေကုန်းကျေးရွာအထက(ခွဲ)မှ မနှင်းစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးချိန်းယုဖုန်း ၁/မညန(နိုင်)၁၈၉၀၈၉ ဖြစ်ပါကြောင်း။

ဦးချိန်းယုဖုန်း

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ သင်ပေါင်းကျေးရွာနေ ဦးနွားမောင်၏သား ဦးချောပို(ခ)ဦးအောင်တင် ၅/ခဥန(နိုင်)၀၂၂၇၈၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးချောပို(ခ)ဦးအောင်တင်

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အထက နဝမတန်း (ပိတောက်ခန်း) မှ မောင်ဇင်မင်းအောင်နှင့် နွယ်တမယ်ကျေးရွာ အလက(ခွဲ) ပဉ္စမတန်းမှ မောင်မင်းသော်ခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးမြစိုး ၈/ခမန(နိုင်)၁၀၄၁၀၃ ဖြစ်ပါကြောင်း။

ဦးမြစိုး

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အထက နဝမတန်း (ပိတောက်ခန်း)မှ မောင်မင်းသူခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၈/စလန(နိုင်)၁၀၈၄၇၈ ဖြစ်ပါကြောင်း။ ဦးကျော်ကျော်နိုင်

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/3907 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

### မိဘအမည်မှန်

မဘိမ်းမြို့နယ်၊ လဝါကျေးရွာ အလက ပဉ္စမတန်းမှ မောင်ချမ်းသာ၏ မိဘအမည်မှန်မှာ ဦးအောင်ထွန်းနိုင် ၁၃/မဘန(နိုင်)၀၀၁၉၂၂-ဒေါ်အေးနှင်းမိုး၁၃/မဘန(နိုင်)၀၀၂၀၃၅ဖြစ်ပါကြောင်း။

ဦးအောင်ထွန်းနိုင်-ဒေါ်အေးနှင်းမိုး

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1118 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### တောင်ငူတက္ကသိုလ်
### ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခွင့် တင်ဒါခေါ်ယူခြင်း

၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ၌ကျင်းပမည့် တောင်ငူတက္ကသိုလ် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်း လျှောက်ထားလိုသူများအား အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၇-၁-၂၀၁၉ရက်မှ ၂၁-၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း) နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများကို တောင်ငူတက္ကသိုလ် ဘဏ္ဍာဌာနနှင့် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၃၂၂၅၉၃၊ ၀၉-၄၄၄၀၃၇၇၆၉၊ ၀၉-၂၅၀၂၄၃၆၁၈တို့ကို စုံစမ်းမေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
(၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
ဓာတ်ပုံရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်





၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ထုတ်ဝေခဲ့သည်
မြဝတီ
ထွက်ပြီ
အတွဲ(၆၇)၊ အမှတ်(၃)၊ ၂၀၁၉ ခုနှစ်၊
ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉၃၀၃၆၇၅၆၂ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၁၆၀၀ ကျပ်
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။




၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည်
တေဇ ရုပ်စုံ
ထွက်ပြီ
အတွဲ(၃၀)၊ အမှတ်(၈)၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလထုတ်
တေဇရုပ်စုံ ထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉ ၄၀၃၂၅၈၄၅၀ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၃၀၀ ကျပ်
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။

ဖုန်းပြင်သင်တန်းကျောင်း AiKON COMPANY LIMITED
- သင်တန်းပြီးဆုံးသည်နှင့် အလုပ်အကိုင်ရှာဖွေပေးခြင်း။
- ယခုလ Discount ရှိသည် ● Aircon သင်တန်းခန်းမ။
- နယ်ကျောင်းသားများအတွက် အဆောင်စီစဉ်ပေးမည်။

လှည်းတန်း၊ ကမာရွတ်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက်(၁)ပ/ထပ်၊ ရန်ကုန်။
ဖုန်း-၀၉ ၄၀၀၃ ၆၆၆၆၅ ● 6.1.2019 တန်းခွဲသစ်စာရင်းပေးနိုင်ပါပြီ။


### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၂-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ(၃၀)တွင် ဂန္ဓာမာဆောင် ညီအစ်မများမှ ဒေါ်ထွေးရီ အသက်(၈၇)နှစ်အတွက် အထူးဝမ်းနည်းကြေကွဲခြင်းကြော်ငြာတွင် Eco 66 Intake အစား Eco 86 Intake ဟုလည်းကောင်း၊ ဦးမြင့်ထွန်း(B.E Mechanical) Chief Engineer, PIL Pte.Ltd. အသက်(၆၀)အတွက် အထူးဝမ်းနည်းကြေကွဲခြင်း ကြော်ငြာတွင် Eco 66 Intake အစား Eco 82 Intake ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်မ မြတ်မွန်နေဝင်း ၁၂/အစန(နိုင်)၁၈၉၇၃၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၁၆၃၃၈

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊အမှတ်(၄၀၅)၊တကောင်း(၅)လမ်း၊(၅)ရပ်ကွက်နေ ဦးဇော်မင်း-ဒေါ်မြင့်မြင့်မာတို့၏သမီး သဃ်န်းကျွန်းမြို့နယ်၊ မိုးသောက်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်း စတုတ္ထတန်းမှ မဖြူသဒ္ဒါ အစား မဆုလှိုင်မေ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### သမဝါယမတက္ကသိုလ်(စစ်ကိုင်း)
### ပဉ္စမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၁၇-၂၀၁၈ပညာသင်နှစ် ၂၀၁၈ခုနှစ်၊ မတ်လနှင့်၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင်ကျင်းပခဲ့သော ဘွဲ့ရစာမေးပွဲအောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကိုအောက်ပါအတိုင်းကျင်းပမည်ဖြစ်ကြောင်းကြေညာလိုက်ပါသည်-

| | | |
|---|---|---|
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | ၂၈-၁၂-၂၀၁၈ရက် မှ ၉-၁-၂၀၁၉ရက် အထိ (ရုံးပိတ်ရက်များပါ လက်ခံဆောင်ရွက်ပါမည်။) |
| **အစမ်းလေ့ကျင့်ရမည့်ရက်** | - | ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၁၈ရက် (သောကြာနေ့) |
| **အစမ်းလေ့ကျင့်ရမည့်အချိန်** | - | နံနက် ၉နာရီ (အစီအစဉ်အား အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပပါမည်။ အစမ်းလေ့ကျင့်ခြင်းအား လျှောက်လွှာတင်သွင်းသူများ မပျက်မကွက် တက်ရောက်ကြ ပါရန်နှင့် နံနက် ၈း၃၀နာရီတွင် နေရာယူပြီးဖြစ်ရန်) |
| **ကျင်းပမည့်ရက်** | - | ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၁၉ရက် (စနေနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉နာရီ(နံနက် ၈း၃၀နာရီတွင် နေရာယူပြီးဖြစ်ရန်) |
| **ကျင်းပမည့်နေရာ** | - | သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ |
| ဘွဲ့နှင်းသဘင်ကြေး (တက်ရောက်) | - | ကျပ် ၁၅၀၀ |
| အဝေးရောက်ဘွဲ့ကြေး | - | ကျပ် ၁၀၀၀ |

**မှတ်ချက်**
(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်။
(၂) လွန်ခဲ့သည့်သုံးလတွင် ရိုက်ကူးထားသော (၂×၁½)လက်မ ရောင်စုံဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံဖြင့်သာ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း)ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင်ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်သည့်ခုနှစ်၊ လ၊ စာမေးပွဲခုံအမှတ်စသည်များကို တိကျစွာဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။
(၅) ဘွဲ့တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီးဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက် ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။
(၇) ဘွဲ့ဝတ်စုံများကို ၁၆-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမ၌ ထုတ်ပေးမည်ဖြစ်သည်။ ဘွဲ့ဝတ်စုံလာရောက်ထုတ်ယူပါက နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာရမည်။
(၈) အသေးစိတ်အချက်အလက်များကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဖုန်း-၀၇၂-၂၃၀၁၄တွင် စုံစမ်းနိုင်ပါသည်။

(တင်တင်ချို)
ဌာနမှူး
သင်တန်းရေးရာဌာန

### လှိုင်ကော်တက္ကသိုလ်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လှိုင်ကော်တက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်း လျှောက်ထားလိုသူများသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၁-၁-၂၀၁၉ရက်မှ ၅-၁-၂၀၁၉ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများကို အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၀၀၂၉၄၂၈၇၊ ၀၉-၄၄၄၀၂၃၂၃၂၊ ၀၈၃-၂၂၂၂၀၆၇တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### ကွန်ပျူတာတက္ကသိုလ်(မန္တလေး)
### "ဒသမအကြိမ်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း"

၁။ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ B.C.Sc/B.C.Tech ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီး သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(မန္တလေး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာ တက္ကသိုလ်(မန္တလေး)ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော (၂"×၁.၅")အရွယ် ဓာတ်ပုံ (၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် ဟုထင်ရှားစွာဖော်ပြလျက် ၁၅-၁-၂၀၁၉ရက် နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာနတွင် လျှောက်ထားနိုင်ကြပါသည်။
၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ကျပ်-၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ကျပ်-၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။
၄။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၆။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင် လျှောက်လွှာပေးပို့လိုသူများသည် လျှောက်လွှာနှင့်အတူ ပူးတွဲ၍ စာတိုက်ငွေပို့လွှာ (Postal money order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(မန္တလေး)
**နေ့ရက်** - ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီ ၈ရက်/၉ရက်

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၆၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မော်ကွန်းထိန်း
ကွန်ပျူတာတက္ကသိုလ်(မန္တလေး)

### သမဝါယမတက္ကသိုလ်(စစ်ကိုင်း)
### ပဉ္စမအကြိမ်မြောက်ဘွဲ့နှင်းသဘင်
### ဓာတ်ပုံရိုက်ကူးရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ဘွဲ့ကြိုသင်တန်းအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပခြင်းအား ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၁၈ရက်နှင့် ၁၉ရက်တို့တွင် သမဝါယမ တက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ပါမည်။
၂။ ဤဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း လုပ်ဆောင်လိုသော လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **စတင်လက်ခံမည့်ရက်** | - | ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့) |
| (ခ) | **နောက်ဆုံးလက်ခံမည့်ရက်နှင့်အချိန်** | - | ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - | ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ |

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို သမဝါယမ တက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင် ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၇၂-၂၃၀၁၄

ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကယားပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးဝါးများဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသော ကုမ္ပဏီများထံမှ FDAအသိအမှတ်ပြု ဆေးဝါးများအား တင်သွင်းရန် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၁-၂၀၁၉ရက်

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
ဖုန်း-၀၈၃-၂၂၂၁၀၈၆
ကယားပြည်နယ်၊ လွိုင်ကော်မြို့

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန
### မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) သပိတ်ကျင်းမြို့နယ် အားကစားမှူးရုံး/အိမ် RC (၄၀'×၃၄') တည်ဆောက်ခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်း
(ခ) ပျော်ဘွယ်မြို့နယ်၊ အားကစားမှူးရုံး/အိမ် RC (၄၀'×၃၄') တည်ဆောက်ခြင်း
(ဂ) ကျောက်ပန်းတောင်းမြို့နယ်(၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၈၀'×၃၄') RC (၁)ထပ် ဆောက်လုပ်ခြင်း။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး။

ဖုန်း-၀၂-၄၀၃၃၆၁၉၊ ၀၂-၄၀၆၀၂၆၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| **လျှောက်လွှာ ရောင်းချမည့်ရက်** | - | ၂-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | - | ၁-၂-၂၀၁၉ရက် (သောကြာနေ့) |
| **လျှောက်လွှာရောင်းချမည့်နေရာ** | - | မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး (ဗထူးအားကစားကွင်း) |

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေး (ငွေလုံးငွေရင်း) လုပ်ငန်းများဖြစ်သည့် ကိုကိုးကျွန်းမြို့ရုံးအဆောက်အအုံ ပေ(၄၀×၂၇)ပြုပြင်ခြင်း၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ပေ (၇၂×၃၃×၁၀.၅)အုတ်ညှပ်အဆောက်အအုံတစ်လုံး၊ ကွမ်းခြံကုန်းမြို့တွင် ရုံးခြံစည်းရိုးအရှည် ပေ(၄၀၀)အမြင့် ၅ပေရှိ ကွန်ကရစ်တိုင်ချိန်လင့်ကာရံခြင်း၊ ရုံးအဆောက်အအုံ ပေ(၄၀×၂၇) RC တစ်လုံး၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ပေ(၄၀×၂၈) RC တစ်လုံး၊ ရုံးရှေ့ကျောက်ချောလမ်း ပေ(၂၅၀×၁၄×၄)ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၂-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - | ၁၆-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၊ အောက်မြန်မာပြည်ဌာနခွဲ၊ ရန်ကုန်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၁-၆၆၀၅၂၄၊ ၀၁-၆၆၀၅၂၆၊ ၀၉-၅၀၉၃၉၉၆၊
၀၉-၄၂၁၀၅၁၇၁၁


သာသနာတော်နှစ် - ၂၅၆၂
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
မြန်မာသက္ကရာဇ် - ၁၃၈၀
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော
နှစ်သစ်ကူး တရားအလှူတော် မင်္ဂလာ
ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ
ဗန်းမော်ဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
၁၃၈၀-ပြည့်နှစ် ၊ နတ်တော်လပြည့်ကျော် (၁၀) ရက်
၁-၁-၂၀၁၉ ( အင်္ဂါနေ့ )
ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ (သ.စ.အ) မှော်စရိယ၊ ပါဠိပါရဂူ၊
ပါမောက္ခချုပ်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်
၁၃၈၀-ပြည့်နှစ် ၊ နတ်တော်လပြည့်ကျော် (၁၁) ရက်
၂-၁-၂၀၁၉ ( ဗုဒ္ဓဟူးနေ့ )
ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ
သီတဂူဆရာတော် (Ph.D, D.Litt)
အဘိဓဇမဟာရဋ္ဌဂုရု
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ
၁၃၈၀-ပြည့်နှစ် ၊ နတ်တော်လပြည့်ကျော် (၁၂) ရက်
၃-၁-၂၀၁၉ ( ကြာသပတေးနေ့ )
တရားအလှူပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
အချိန် - ညစဉ် (၇ : ၃၀) နာရီ ၊ နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးခြေတော်ရင်း၊ ပြည်သူ့ဥယျာဉ် ၊ ရန်ကုန်မြို့။
ဆက်သွယ်လှူဒါန်းရန် - ● (၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဒေါ်ခင်လှမြင့် - ဒုညွှန်မှူး တိုင်းအစိုးရအဖွဲ့ - ဖုန်း- ၀၁-၈၃၀၂၁၇၅ ၊ ၀၉-၅၀၆၅၁၃၅ ● (၂) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး - ဖုန်း - ၀၁-၆၆၅၅၂၉ ၊ ၀၉-၈၆၀၂၁၆၃
● (၃) နှစ်သစ်ကူးတရားအလှူတော်မင်္ဂလာကျင်းပရေးကော်မတီရုံး၊ ပြည်သူ့ရင်ပြင်။ ● (က) ကပ္ပိယဦးစိုးမင်းအောင် (အတွင်းရေးမှူး) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၁ ● (ခ) ဦးနေဝင်း (တွဲဖက်အတွင်းရေးမှူး -၁) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၂၊
● (ဂ) ကပ္ပိယငွေမြင့် (တွဲဖက်အတွင်းရေးမှူး -၂) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၃ ● (ဃ) ဦးနေမျိုးဝင်း (တွဲဖက်အတွင်းရေးမှူး -၃) ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၄၊ ● (င) ဘဏ္ဍာရေးမှူး ဦးစိုးနိုင် - ဖုန်း-၀၉ ၇၅၀ ၁၁၉၉ ၀၅
● (၄) KBZ Bank Account - 225-302-00701449101 ● (၅) AYA Bank Account - 0053202010014853
● (၆) Shwe Bank Account - 130 100 200 200 79200015 (ရုံးချုပ်) ဘဏ်ခွဲ၊ ပန်းဆိုးတန်းလမ်း


APOLO®
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
အမြို့မြို့အနယ်နယ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
Hot Line - 01 3684292
Facebook - www.facebook.com/apolostio
website - www.decolandgroup.com
SNAP-OFF BLADE CUTTER
18mm/ 9mm
SPARE BLADES
18mm/ 9mm
PENCIL CASE
EXERCISE BOOK (APOLO)
PAPER CLIPS
100 Pcs
COLOR PUSH PINS
35 Pcs
LEDGER BOOK
PP FILE - APOLO
CORRECTION PEN
GLUE STICK
CLEAN & SOFT ERASER
CORRECTION TAPE
Whiteboard
Bulletinboard
FILE TRAY-3 LAYERS
GEL INK PEN
MECHANICAL PENCIL
WHITE BOARD MARKER
FOLDER CLIP
CLIP BOARD
CLEAR BAG
PVC LEVER BOX FILE - APOLO
HIGHLIGHTER PEN
PERMANENT MARKER


Similac Mum ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက်
ကောင်းမွန်သောအာဟာရ
လူတင်းနှင့် သဘာဝဗီတာမင်အီး တို့၏ ပေါင်းစပ်မှုအသစ်က ဦးနှောက်နှင့်အမြင်စွမ်းအား ဖွံ့ဖြိုးမှုကို ကောင်းမွန်စေသည်။
အဆီပါဝင်မှုနည်းသော ဖော်မြူလာဖြစ်သည်။
FOS ၊ ဇင့်၊ ဗီတာမင် စီ၊ အီး နှင့် ဆီလီနီယမ်တို့၏ ပေါင်းစပ်မှုက ကိုယ်ခံစွမ်းအားကို မြှင့်မားစေသည်။
Vanilla အရသာ၊ Strawberry Yoghurt အရသာတို့ဖြင့် ရရှိနိုင်သည်။
Similac Mum
EYE Q PLUS
SCIENTIFICALLY STUDIED
Water
150 ML
3x
မနက် တစ်ခွက်
ည တစ်ခွက်
နေ့စဉ်မှန်မှန် သောက်သုံးရန်
Vanilla
Strawberry Yoghurt
SIM020318M
တစ်နေ့ ၂ ခွက် သောက်သုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအတွက် နေ့စဉ်လိုအပ်သော ဖောလစ်အက်ဆစ်နှင့် ကယ်(လ်)ဆီယမ်ဓာတ်များကို ရရှိစေသည်။*
* အမေရိကန်နိုင်ငံ၏ အာဟာရစစ်ချိန်စံညွှန်းဆိုင်ရာညွှန်ကြားချက်အရ
Abbott
Distributed by:
PAHTAMA GROUP
Abbott Nutrition Careline
09 260 35 62 62
abbottnutrition@pahtama.com


Glucerna®
ဆီးချိုသွေးချိုရှိသူများအတွက်
ထူးခြားကောင်းမွန်သောအာဟာရ^
ဆေးသုတေသနပေါင်း
၄၁
ပြုလုပ်ပြီး~
NEW & IMPROVED
Glucerna®
TRIPLE CARE
CLASSIC VANILLA FLAVOUR
POWDER • ADD WATER
850g NET
Abbott
No.1 Doctor Recommended Brand in USA*
ဆီးချိုသွေးချိုရှိသူများအနေဖြင့် သွေးအချိုဓါတ်၊ သွေးပေါင်ချိန်နှင့် ခန္ဓာကိုယ်အလေးချိန်တွေကို ပုံမှန် အနေအထား ရောက်အောင် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ တက်ကြွလှုပ်ရှားသော ဘဝနေထိုင်မှုပုံစံ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ တို့ကို စားသုံးခြင်းတို့အပြင် Glucerna ကိုသောက်သုံးခြင်းက သင့်ရဲ့ဆီးချိုသွေးချို ကို အကောင်းဆုံးအနေအထားတွင် ထိန်းထားရန် ကူညီပေးပါသည်။
Glucerna သည် ဆီးချိုသွေးချိုရှိသူများအတွက် ထူးခြားကောင်းမွန်သော အာဟာရဖြစ်ပြီး Triple Care System ဖြင့် ထုတ်လုပ်ထားသောကြောင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။
သွေးအတွင်းအချိုဓာတ်ကိုထိန်းပေးခြင်း+
နှလုံးကျန်းမာရေးအထောက်အကူပြုခြင်း#
ကိုယ်အလေးချိန် မတက်အောင်ထိန်းညှိပေးခြင်း**
*Market research by Rothstein-Tauber, Inc. 2015 **ထမင်းအစားထိုးအဖြစ် သောက်သုံးသည့်အခါတွင်
^American Diabetes Association.Diabetes Care 2004;27(Suppl 1):S36-S46. ~"Balk E, Tatsoni A, Lichtenstein, et al.Trials;2007;30:2154-2163."
GLU531218M
Abbott
life. to the fullest.®
Abbott Nutrition Careline
09 260 35 62 62
abbottnutrition@pahtama.com
PAHTAMA GROUP

# တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင်ဖခင်ကြီး ဦးဂုရုဆာမိ(ခ)ဦးစန်းမြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ငွေတိုက်စိုး(ငြိမ်း) သားသမီးများအပေါ် ကြီးမားသောမေတ္တာကရုဏာများဖြင့် ပြည့်စုံစွာ ကျွေးမွေး၊ ယုယ၊ သွန်သင်ပျိုးထောင်ပေးခဲ့သော ဖေဖေရေ၊ ဖေဖေ့အတွက် နေ့ညမပျက်ရည်စူး၍ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အစုစုတို့ကို ဦးဂုရုဆာမိ(ခ)ဦးစန်းမြင့်နှင့် ၃၁ ဘုံသား လူနတ်ဗြဟ္မာအားလုံးတို့အား အမျှပေးဝေပါတယ်... မြင့်မြတ်တဲ့ဘဝလေးမှာ အေးချမ်းစွာ သာဓုခေါ်နေပါနော်...

**ချစ်ဇနီး-ဒေါ်ဆောင်းဒရွန်းအမ္မားလ်**
**မြန်မာကော်တွန်မွေ့ရာဆိုင်ပိုင်ရှင်နှင့်**
**ချစ်သားသမီး၊ မြေး၊ မြစ်များတစ်စု**

---

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

### ဒေါက်တာထွန်းဆိုင်

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန**
**အကြံပေးပုဂ္ဂိုလ်(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဒါရိုက်တာအဖွဲ့ဝင်(ငြိမ်း)၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်**
**အမှုဆောင်အဖွဲ့ဝင်(ငြိမ်း)၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့**
**စလင်းမြို့နယ်အသင်းဥက္ကဋ္ဌ(ငြိမ်း)**
**အသက် (၈၈)နှစ်**

ဖခင်ကြီးကွယ်လွန်သည်မှာ ယနေ့ ၂၈-၁၂-၂၀၁၈ ရက်တွင် တစ်လတင်းတင်းပြည့်ခဲ့ပါပြီ။

ဖခင်ကြီး၏နောက်ဆုံးအချိန်အထိ လိုလေသေးမရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြပါသော မိသားစုဆရာဝန်ကြီးနှင့် ဝိတိုရိယဆေးရုံကြီးမှ သမားတော်ကြီးများ၊ MO များ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းအားလုံးတို့အားလည်းကောင်း၊ ဖခင်ကြီး၏ဆန္ဒနှင့်အညီ ခန္ဓာကိုယ်လှူဒါန်းနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပါရမီဖြည့်ခဲ့ကြပါသော ပုဂ္ဂိုလ်အားလုံးတို့အားလည်းကောင်း၊ ဖခင်ကြီးအတွက် ဘာသာရေးဆိုင်ရာကိစ္စအဝဝကို ပြီးပြည့်စုံစွာ စီမံဆောင်ရွက်ပေးတော်မူပါသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အားလည်းကောင်း၊ ဖခင်ကြီးကွယ်လွန်သွားချိန်မှစ၍ ကျန်ရစ်သူမိသားစုအား ရပ်နီး၊ ရပ်ဝေးမှ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်း၊ စာ၊ e-mail၊ social media တို့မှဖြစ်စေ အားပေးစကားပြောကြားလျက်ဖခင်ကြီးအား ဆုတောင်းမေတ္တာပို့သပေးကြပါသော ပုဂ္ဂိုလ်အားလုံးတို့အားလည်းကောင်း၊ ဝမ်းနည်းကြေကွဲခြင်းသတင်းများကို ဖော်ပြကြပါသော ဌာနအသီးသီးမှအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ဖခင်ကြီး၏ကိုယ်တိုင်ရေး ဓမ္မဒါနအဖြစ်ဝေငှသော ‘မေတ္တာစွမ်းအား’ စာအုပ်ဖြစ်မြောက်ရေးကို မေတ္တာဖြင့်ကုသိုလ်ပါဝင်ပါသော ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမိသားစုများအားလည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍ လှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ပြုပေးကြပါသော အလှူရှင်အားလုံးတို့အား လည်းကောင်း၊ နာရေးကာလများအတွင်း အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီခဲ့ကြပါသော ပုဂ္ဂိုလ်အားလုံးတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအားလုံး(အားလုံး)ကို ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လိုအပ်၊ လစ်ဟာသည်များရှိခဲ့ပါလျှင် ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ထွန်းမြဦး(ကိုတွတ်)-မြင့်မြင့်သန်း**
**စိုးပိုင်-ဥမ္မာထွန်းဆိုင်(ပြုံး)**
**နိုင်ဝင်း-သီတာထွန်းဆိုင်(ဖြူ)**
**မြေးများ-လင်းထက်-စနီး၊ ဆန်နီ၊ ဒေါ်လီ၊ ဟန်နီ**
**မြစ်-မာယာလေး**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/8735 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5857 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8709 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၈၁**

၁။ ဦးအောင်သိန်း **နှင့်** ဦးလှကျော်ဖြူ
၂။ ဒေါ်ခင်မေလွင်
၃။ ဒေါ်ယဉ်ယဉ်အောင်
၄။ ဦးစန်းလွင်
၅။ ဒေါ်ကျင်နု
၆။ မောင်တန်ဘီ(ခ)လှမြင့်

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်စိတ္တလမ်း၊ အမှတ် ၈(မြေညီ)နေ ဦးလှကျော်ဖြူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝယ်ယူထားသည့်မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(တင်တင်မာ)**

**တွဲဖက်ခရိုင်တရားသူကြီး (၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ရီရီစံ(ခ)မမြရီ

**ကွမ်းခြံကုန်း**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သဇင်(၂)လမ်း၊ အမှတ် (၁၂၀-ဘီ)၊ ပဒေသာပင်မြို့တော်(F.M.I)နေ (ဦးဘစံ-ဒေါ်စောလှ)တို့၏သမီး၊ (ဦးဘိုးသာ-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးကြီး တင်ထွဋ် (ငြိမ်း၊ အမြောက်တပ်ဖွဲ့)]၏ချစ်လှစွာသော ဇနီး၊ ဦးမျိုးထွဋ်ဦး(အကြံပေး၊ အရာဏ်ဦး ဆောက်လုပ်ရေးကုမ္ပဏီများအုပ်စု)-ဒေါ်ဥမ္မာစိုး(ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)၊ ဦးကျော်မျိုးထွဋ်(ဗိုလ်မှူးကြီး၊ အငြိမ်းစား)-ဒေါ်ခင်မြင့်ကြည်၊ ဦးအောင်မျိုးထွဋ်-ဒေါ်ဥမ္မာထွေး(ဒေါ်ချယ်ရီခင်မေဝင်း)၊ ဦးဘန်နီသန်းအေး-ဒေါ်သက်မျိုးထွဋ် (International School Yangon)၊ ဒါရိုက်တာ မလိခစိုးထိုက်အောင်-ဒေါက်တာနွယ်မျိုးထွဋ်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ် ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၂၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူ သားသမီးမြေးမြစ်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကျင်မြိုင် (ဖြူး)

**အသက်(၈၂)နှစ်**

ဦးကျင်ဦး (Founder & Chairman-Popular Plastic Group, Hotel POPULAR Myanmar Group)-ဒေါ်ချောစုလွင်(Managing Director, Popular Plastic Group, Hotel POPULAR Myanmar Group)၊ ဦးချောမောင်မောင်လွင် (GM-SOGO Plastic Tank)၊ ဦးချောညီညီလွင်(GM-Hotel POPULAR)တို့၏ ချစ်လှစွာသောမိခင်၊ ဦးဟိန်းထက်ဦး (Vice President -Popular Plastic Group ,Hotel POPULAR Myanmar Group)တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SOGO Water Tank Industry (စစ်ကိုင်း)**
**အရာထမ်းနှင့် ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကျင်မြိုင် (ဖြူး)

**အသက်(၈၂)နှစ်**

ဦးကျင်ဦး (Founder & Chairman-Popular Plastic Group, Hotel POPULAR Myanmar Group)-ဒေါ်ချောစုလွင်(Managing Director, Popular Plastic Group, Hotel POPULAR Myanmar Group)၊ ဦးချောမောင်မောင်လွင် (GM-SOGO Plastic Tank)၊ ဦးချောညီညီလွင်(GM-Hotel POPULAR)တို့၏ ချစ်လှစွာသောမိခင်၊ ဦးဟိန်းထက်ဦး (Vice President -Popular Plastic Group ,Hotel POPULAR Myanmar Group)တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SOGO Water Tank Industry (ထားဝယ်)**
**အရာထမ်းနှင့် ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကျင်မြိုင် (ဖြူး)

**အသက်(၈၂)နှစ်**

ဦးကျင်ဦး (Founder & Chairman-Popular Plastic Group, Hotel POPULAR Myanmar Group)-ဒေါ်ချောစုလွင်(Managing Director, Popular Plastic Group, Hotel POPULAR Myanmar Group)၊ ဦးချောမောင်မောင်လွင် (GM-SOGO Plastic Tank)၊ ဦးချောညီညီလွင်(GM-Hotel POPULAR)တို့၏ ချစ်လှစွာသောမိခင်၊ ဦးဟိန်းထက်ဦး (Vice President -Popular Plastic Group ,Hotel POPULAR Myanmar Group)တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SOGO Water Tank Industry (မင်းဗူး)**
**အရာထမ်းနှင့် ဝန်ထမ်းများ**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/9288 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9624 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

---

## ဖောင်းကြွပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈/၁၀၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3381 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ရီရီစံ(ခ)မမြရီ (ကွမ်းခြံကုန်း)

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သဇင်(၂)လမ်း၊ အမှတ်(၁၂၀-ဘီ)၊ ပဒေသာပင်မြို့တော်(F.M.I)နေ (ဦးဘစံ-ဒေါ်စောလှ)တို့၏သမီး၊ (ဦးဘိုးသာ-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးကြီးတင်ထွဋ် (ငြိမ်း၊ အမြောက်တပ်ဖွဲ့)]၏ချစ်လှစွာသော ဇနီး၊ (ဒေါ်အမာရီ)၊ ဒေါ်နီနီစံ-(ဦးတင်မြင့်)၊ ဦးမျိုးသိုက်ထွန်း(ခ) ဦးဇော်ဝိတ်-ဒေါ်ယုယုတင့်တို့၏အစ်မသည် ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၂၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကိုမောင်နှမများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကျင်မြိုင် (ဖြူး)

**အသက် (၈၂)နှစ်**

ဦးကျင်ဦး (Founder & Chairman-Popular Plastic Group, Hotel POPULAR Myanmar Group)-ဒေါ်ချောစုလွင်(Managing Director, Popular Plastic Group, Hotel POPULAR Myanmar Group)၊ ဦးချောမောင်မောင်လွင် (GM-SOGO Plastic Tank)၊ ဦးချောညီညီလွင်(GM-Hotel POPULAR)တို့၏ ချစ်လှစွာသောမိခင်၊ ဦးဟိန်းထက်ဦး (Vice President -Popular Plastic Group ,Hotel POPULAR Myanmar Group)တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SOGO Water Tank Industry (မော်လမြိုင်)**
**အရာထမ်းနှင့် ဝန်ထမ်းများ**

---

## ဦးတောက်ထိန် (B.Com,H.G.P.R.L)

**မန်နေဂျာ(ငြိမ်း)၊ စီးပွား/ကူးသန်း (ဖျာပုံ)**
**အသက် (၇၇)နှစ်**

ဖျာပုံမြို့နေ (ဆရာကြီး ဦးစံလှိုင်-ဆရာမကြီး ဒေါ်လှသွယ်)တို့၏သား၊ ဝါးခယ်မမြို့နေ (ဦးကိုကို-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ရွှေသရဖီလမ်း၊အမှတ် ၂၂၉နေ ဒေါ်ခင်သိန်းဥ(လ/ထညွှန်မှူး၊ ငြိမ်း၊ စီးပွား/ကူးသန်း)၏ခင်ပွန်း၊ ကိုကျော်လင်းထိန်-မသီသီသန့်ဆွေတို့၏ဖခင်၊ မောင်ဘုန်းသန့်မောင်၊ မပြည့်နှင်းချိုတို့၏အဘိုး၊ (ဦးအောင်မြသန်း-ဒေါ်တင်တင်ဝင်း)၊ (ဦးဖေသန်း)-ဒေါ်စိန်သောင်းတို့၏ညီ၊ ဦးသန်းညွှန့်-ဒေါ်သီတာသင်း၊ (ဗိုလ်မှူးအောင်မြင့်)-ဒေါ်ခင်မာဝေ၊ ဦးဝင်းမြင့်လှိုင်-ဒေါ်ခင်အေးနိုင်တို့၏အစ်ကိုသည် ၂၆-၁၂-၂၀၁၈ရက် မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးတောက်ထိန် (B.Com,H.G.P.R.L)

**မန်နေဂျာ(ငြိမ်း)စီးပွား/ကူးသန်း (ဖျာပုံ)**
**အသက်(၇၇)နှစ်**

ဖျာပုံမြို့နေ (ဆရာကြီး ဦးစံလှိုင်-ဆရာမကြီး ဒေါ်လှသွယ်)တို့၏သား၊ ဝါးခယ်မမြို့နေ (ဦးကိုကို-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အမှတ် ၂၂၉နေ ဒေါ်ခင်သိန်းဥ (လ/ထညွှန်မှူး၊ ငြိမ်း၊ စီးပွား/ကူးသန်း)၏ခင်ပွန်း၊ ကိုကျော်လင်းထိန်-မသီသီသန့်ဆွေတို့၏ဖခင်၊ မောင်ဘုန်းသန့်မောင်၊ မပြည့်နှင်းချိုတို့၏အဘိုး၊ (ဦးအောင်ကျော်)-ဒေါ်စိန်မြင့်လတ်၊ ဦးကျော်သောင်း-(ဒေါ်မယ်လှ)၊(ဦးခင်ထွေး)-ဒေါ်ခင်သိန်းနုတို့၏ညီ/မောင်၊ ဦးသန်းဌေး-ဒေါ်ဖြူဖြူ၊ (ဦးကျော်မြင့်)-ဒေါ်ခင်သန်းအေး၊ ဦးလှဝင်း-(ဒေါ်ဝေဝေမြင့်)တို့၏ အစ်ကိုသည် ၂၆-၁၂-၂၀၁၈ရက် မွန်းလွဲ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးစံအေး(ခ)လင်ကင်းဟောက်

**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ II A၊ အမှတ် ၇၀၄ နေ ဒေါ်ခင်ခင်မြင့်(ခ)ချန်ကော့ကန်၏ခင်ပွန်း၊ မစန္ဒာလင်း၊ မမော်မော်လင်း၊ မောင်ကျော်စိုးလင်း-မနှင်းလဲ့လဲ့ခိုင်တို့၏ဖခင်၊ မဆုရတီထက်၏အဘိုးသည် ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း စည်ကားစွာကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ ၂၇**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လွတ်လပ်ရေးသဝဏ်လွှာ ဖတ်ကြားမည်**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မဟာဗန္ဓုလပန်းခြံအတွင်း ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လွတ်လပ်ရေးနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အကြီးအကဲများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ဘက်ဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများ၊ ရုပ်ရှင်သဘင် ဂီတနယ်ပယ်မှ ကိုယ်စားလှယ်များ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုများ၊ စစ်မှုထမ်းဟောင်းများ၊ (၈၈) မျိုးဆက်ခေါင်းဆောင်များ၊ သခင်မိသားစုဝင်များနှင့် ပြည်သူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ပျော်ပွဲရွှင်ပွဲများကျင်းပမည်**

ထို့အပြင် နံနက်ပိုင်း၌ မဟာဗန္ဓုလပန်းခြံအနီးတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရပ်ကွက်အလိုက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ပြပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုဝင်များကလည်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မအူကုန်းစည်ပင်သာယာအားကစားဝင်း၌ အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပမည့် မဟာဗန္ဓုလပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင်။ ဓာတ်ပုံ-ထိန်လင်း



၂၀၁၉ ရာသီ MNL ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် Chinland အသင်း။ ဓာတ်ပုံ-စိုးညွန့်

# ၂၀၁၉ ရာသီ MNL ပြိုင်ပွဲတွင် Chinland (ယခင် GFA) ကစားခွင့်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့်အသင်းအား ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်သည့် လိဂ်ကော်မတီ အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့ရာ Chinland (ယခင် GFA) အသင်းကို ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။

Chinland အသင်းသည် ပြီးခဲ့သည့်ရာသီတွင် မြဝတီအသင်းနှင့်အတူ MNL မှ တန်းပြန်ဆင်းခဲ့ရသောကြောင့် ပထမတန်းအမှတ်ပေးချန်ပီယံဖြစ်ပြီး တန်းတက်ခွင့်ရခဲ့သည့် ရှိုင်ရယ်သန်လျင်အသင်းသည် ပြိုင်ပွဲဝင်နိုင်သည့် အနေအထားမရှိသောကြောင့် အပြောင်းအလဲပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရှိုင်ရယ်သန်လျင်အသင်း နေရာတွင် အစားထိုးယှဉ်ပြိုင်ခွင့်ရမည့်အသင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ခဲ့ပြီး အဆင့်(၁၁) နေရာမှ တန်းဆင်းရမည့် Chinland အသင်းကို ပြန်လည်ယှဉ်ပြိုင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဇွဲကပင်၊ ဟံသာဝတီ၊ ရတနာပုံ၊ မကွေး၊ Southern၊ ရခိုင်၊ စစ်ကိုင်း၊ ရောဝတီ၊ Chinland နှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

# သစ္စာအားမာန်အသင်း ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရ

**ရန်ကုန်  ဒီဇင်ဘာ ၂၇**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) တတိယနေ့ကို ယနေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက အား/ကာဦးစီးဌာနအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် မြဝတီနှင့် အား/ကာသိပ္ပံအသင်း ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူပြီး ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ အား/ကာဦးစီးဌာနအသင်းသည် ရလဒ်ကောင်းထပ်မံရယူနိုင်ရန် ကြိုးစားခဲ့သော်လည်း ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးဒါဇင်ဝက်သွင်းယူကာ အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၄) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၈ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်

**နေပြည်တော်  ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီ ၅ မိနစ် ၅၀ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၁၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၂ ဒီဂရီ၊ ဗဟိုချက်အနက် ၇၄ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိခဲ့သည်။ **မိုး/ဇလ**

## မူဆယ်(၁၀၅)မိုင် နယ်စပ်ဂိတ်၌ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သော်လည်း ဝမ်တိန်ဂိတ်ကို ဖွင့်လှစ်ပေးမှုကြောင့် အဆင်ပြေစွာဖြတ်သန်းနိုင်

စာမျက်နှာ » ၁၁

## MNL အကောင်းဆုံးဆုကို မောင်မောင်လွင်နှင့် နည်းပြဆုကို ဦးမျိုးမင်းထွန်း ရရှိ

စာမျက်နှာ » ၁၂

GRAND HANTHA INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး



အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 231 7617, 01 523 000, 01 523 111